# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် ဝါခေါင်လဆန်း ၁၀ ရက်၊ စနေနေ့။ 13, Saturday August 2016 (၈၆၅၂)


**ခိုင်မာမြဲမြံစွာရပ်တည်နိုင်**

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့လည်းကောင်း ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော် ပူဇော်ကန်တော့ရာ၏။

**အရဟန္တဝဂ်(ဓမ္မပဒ-၉၅)**

# ကယ်ဆယ်ရေးပစ္စည်းများကို ရေဘေးသင့်ပြည်သူများထံ အမြန်ဆုံးရောက်ရှိရေး အထူးကြပ်မတ် ရေဘေးကာကွယ်ရေးအတွက် တာတမံများအား ဦးစားပေးအဆင့်အလိုက်သတ်မှတ်ပြီး ပြုပြင်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့အတွင်း ဒါးကချောင်းတာ ပြုပြင်နေမှုအခြေအနေအား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၂

ပုသိမ်မြို့၌ရောက်ရှိနေသော ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးရန်နှင့် လိုအပ်သော ထောက်ပံ့မှုများ ပြုလုပ်ပေးရန် သာပေါင်းမြို့၊ ပုသိမ်မြို့နှင့် ကန်ကြီးထောင့်မြို့တို့ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများသို့သွားရောက်၍ ထောက်ပံ့ငွေနှင့် ရိက္ခာပစ္စည်းများကို ပေးအပ်သည်။

ရှေးဦးစွာ ဒုတိယသမ္မတအား တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးလှကျော်က ရှင်းလင်းဆောင်၌ ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှု၊ ရေဘေးသင့်မြို့နယ် ၁၉ မြို့နယ်၌ ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ ဆန်၊ ဆေးဝါးနှင့်အသုံးအဆောင်များ ဖြန့်ဝေထားမှု၊ ရေဘေးကြောင့်ပျက်စီးဆုံးရှုံးခဲ့မှု၊ ထောက်ပံ့ငွေနှင့် အလှူငွေရရှိမှု၊ အရန်ဆန်သိုလှောင်ထားမှု၊ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေနှင့် ပြန်လည်ထူထောင်ရေးအတွက် လိုအပ်ချက်များကိုလည်းကောင်း၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးက တာတမံများ ကျိုးပေါက်မှု မရှိစေရေးအတွက် တာအက်ကြောင်းများ၊ တာပေါက်များ၊ တာခြေရေစိမ့်ခြင်းများကို


**စာမျက်နှာ ၈ ကော်လံ ၁ သို့**


# ဩဂုတ် ၃၁ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံက အစပြု၍ ငြိမ်းချမ်းရေးမျှော်လင့်နေကြသော ကုလသမဂ္ဂ၊ နိုင်ငံကြီး၊ နိုင်ငံငယ်များအားလုံး နောင်တစ်ချိန် စံနမူနာယူနိုင်မည်

**ရန်ကုန် ဩဂုတ် ၁၂**

နိုင်ငံရေးဆွေးနွေးမှုမူဘောင် ပြန်လည်သုံးသပ်ခြင်း အစည်းအဝေး ဒုတိယနေ့အဖြစ် အစိုးရအဖွဲ့ကိုယ်စားလှယ်များ၊ တပ်မတော်ကိုယ်စားပြုကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားပြုကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၁၆) ဖွဲ့အားကိုယ်စားပြုသည့် ကိုယ်စားလှယ်များသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံးခွဲ၌ တွေ့ဆုံဆွေးနွေးကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားရာ အကြိုပြင်ဆင်ရေးကော်မတီသည် အဓိကအားဖြင့် လာမည့်ငြိမ်းချမ်းရေးညီလာခံတွင် အားလုံးပါဝင်နိုင်ရေး ကြိုးစားလျက်ရှိကြောင်း၊ Framework Review ကိုခေါ်ရသည့်အကြောင်းရင်းမှာ အကြိုပြင်ဆင်ရေးကော်မတီဆပ်ကော်မတီ (၁)ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ဦးဆောင်သည့်အဖွဲ့နှင့် NCA လက်မှတ်ထိုးထားသည့်အဖွဲ့များက မူဘောင်များကို သုံးသပ်ခဲ့သည်မှာ သုံးကြိမ်ခန့်ရှိပြီဖြစ်ကြောင်း၊ ယခုလက်မှတ်ထိုးထားသည့်အဖွဲ့များနှင့် မထိုးထားသည့်အဖွဲ့များပေါင်းစပ်၍ Framework Review ဆွေးနွေးပွဲတွင်အားလုံးပါဝင်လာကြကြောင်း၊


**စာမျက်နှာ ၃ ကော်လံ ၁ သို့**





# ကြေးမုံ

## အိမ်နီးချင်းကောင်းတို့၏ မူဝါဒ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဩဂုတ် ၁၇ ရက်မှစ၍ လေးရက်ကြာ ချစ်ကြည်ရေးခရီးစဉ် သွားရောက်မည်ဖြစ်ပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ၏ အာဘော်သတင်းစာဖြစ်သော Global Times က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံတော်အကြီးအကဲ အဆောင်အယောင် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ဤသည်မှာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အပေါ် ထားရှိသော လေးစားမှုကို ထင်ဟပ်ဖော်ပြခြင်းဖြစ်၍ ကြိုဆိုအပ်ပါသည်။

မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးနှင့် ဘက်မလိုက်မူဝါဒကို သမိုင်းစဉ်ဆက်ကျင့်သုံးခဲ့သော နိုင်ငံဖြစ်ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အာဆီယံနိုင်ငံမဟုတ်သော ပြည်ပနိုင်ငံများထဲမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပထမဦးဆုံး သွားရောက်လည်ပတ်မှုသည် မြန်မာနိုင်ငံ၏ သမိုင်းစဉ်ဆက်မပြတ် ကျင့်သုံးခဲ့သော နိုင်ငံခြားရေးမူဝါဒကို ထင်ဟပ်ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံများဖြစ်သည့်အားလျော်စွာ နှစ်နိုင်ငံစလုံး၏ ဘုံအကျိုးစီးပွားကို ဖော်ဆောင်ပေးမည့်လုပ်ငန်းရပ်များစွာရှိပါသည်။ နှစ်နိုင်ငံကြားအပြန်အလှန် ကုန်သွယ်မှုသည် သိသာမြင်လွယ်သော ကိစ္စရပ်ဖြစ်ပါသည်။ Global Times သတင်းစာဖော်ပြချက်အရ ရွှေလီမြို့ (Ruili)သည် နယ်စပ်ကုန်သွယ်ရေးမြို့အဖြစ် ရပ်တည်ခဲ့ရာမှ အဆင့်မြင့် စက်မှုထုတ်ကုန်များ ထုတ်လုပ်တင်ပို့သည့်မြို့ ပြောင်းလဲရပ်တည်နိုင်ရေး ဦးတည်ဆောင်ရွက်နေကြောင်း သိရှိရပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အဓိကကားထုတ်လုပ်သည့် ကုမ္ပဏီကြီးတစ်ခုဖြစ်သော Beijing Automotive Industry Holding Co.,Ltd. (BAIC Group)သည် ပန်ဆန်းမှ မီတာ ၄၀၀ အကွာ၌ မော်တော်ကားစက်ရုံတစ်ရုံ တည်ဆောက်လျက်ရှိပါသည်။ ဤမော်တော်ကားစက်ရုံသည် ၂၀၁၆ ခုနှစ်ကုန်၌ စတင်လည်ပတ်မည်ဖြစ်ပြီး တစ်နှစ်လျှင် မော်တော်ကားအစီး ၅၀၀၀၀ ထုတ်လုပ်မည်ဖြစ်ပါသည်။ ဤမော်တော်ကားစက်ရုံမှထွက်ရှိလာသော မော်တော်ကားတို့ကို မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများသို့ တင်ပို့ရန် ရည်ရွယ်ထားကြောင်း သိရှိရပါသည်။ သို့ဖြစ်ပါ၍ ယူနန်ပြည်နယ်အတွက် ပြည်ပပို့ကုန်များ တိုးပွားလာမည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံအတွက်လည်း မော်တော်ကားတို့ကို ပိုမိုဈေးသက်သက်သာသာ သုံးစွဲနိုင်ခွင့်ရရှိလာမည်ဖြစ်ပါသည်။ ရွှေလီမြို့ရှိ Chongging Yinxiang Motorcycle (Group) ကုမ္ပဏီ၏ မော်တော်ဆိုင်ကယ်ထုတ်လုပ်ရေးစက်ရုံသည်လည်း လာမည့်စက်တင်ဘာလ၌ စတင်လည်ပတ်မည်ဖြစ်ပြီး တစ်နှစ်လျှင် ဆိုင်ကယ်စီးရေ တစ်သန်းထုတ်လုပ်ရန် ရည်မှန်းထားကြောင်း သိရှိရပါသည်။ ဆိုင်ကယ်သည် ကျေးလက်ဒေသနှင့် တောင်ပေါ်ဒေသတို့၌ ပြည်သူတို့၏ လူမှုဘဝကိစ္စအရပ်ရပ်အတွက် များစွာအထောက်အပံ့ဖြစ်သည်မှာ ထင်ရှားပါသည်။

Global Times သတင်းစာက မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရာ၌ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အစပျိုးအခြေခံကောင်းတစ်ရပ်အဖြစ် ဖော်ပြထားသည်မှာ ကြိုဆိုရမည့် ကိစ္စရပ်ဖြစ်ပါသည်။ မြန်မာနိုင်ငံသို့ဝင်ရောက်လာသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတို့၏ သုည ဒသမ ၄၂ ရာခိုင်နှုန်းသာ လယ်ယာစိုက်ပျိုးရေးကဏ္ဍသို့ဝင်ရောက်ပါသည်။ စိုက်ပျိုးနိုင်သော မြေလွတ်မြေရိုင်းများစွာရှိသော မြန်မာနိုင်ငံနှင့် ဘဏ္ဍာရင်းမြစ်အပါအဝင် နည်းပညာရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှုသည် နှစ်နိုင်ငံစလုံးအတွက် မလွဲမသွေ အကျိုးရှိမည့် ပူးပေါင်းဆောင်ရွက်မှုမျိုးဖြစ်မည် ဖြစ်ပါသည်။ သို့သော် ဤသို့သော ပူးပေါင်းဆောင်ရွက်မှုသည် ဒေသခံတောင်သူလယ်သမားအများစု၏ အကျိုးရှိရာ အကျိုးရှိကြောင်း ဖြစ်စေရမည်ဟူသော အခြေခံမူဝါဒ၏ ဘောင်အတွင်းမှ ဖြစ်ရန်ကိုမူ သတိထားဆောင်ရွက်ရန် လိုအပ်ပါသည်။ ခြုံငုံသုံးသပ်ရပါက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံချစ်ကြည်ရေးခရီးစဉ်သည် သမိုင်းစဉ်လာ အိမ်နီးချင်းကောင်းနှင့် ဘက်မလိုက်မူဝါဒတို့ကို ထင်ဟပ်သည့် ခရီးစဉ်ဖြစ်၍ ကြိုဆိုကြောင်း ဖော်ပြအပ်ပါသည်။ ။

## အိန္ဒိယနှင့် မြန်မာတို့ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား မူဝါဒရေးရာညှိနှိုင်းဆွေးနွေး



**နေပြည်တော် ဩဂုတ် ၁၂**

(၁၅) ကြိမ်မြောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား မူဝါဒရေးရာ ညှိနှိုင်းဆွေးနွေးပွဲကို ဩဂုတ် ၉ ရက်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် ဒေါက်တာ အက်စ်ဂျိုင်ရှန်ကာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံ၌ အရပ်သားအစိုးရသစ် တက်ရောက်လာပြီးနောက် အိန္ဒိယနှင့် မြန်မာနိုင်ငံအကြား ပထမဆုံးအကြိမ် ကျင်းပသည့် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများ အကြား မူဝါဒရေးရာ ညှိနှိုင်းဆွေးနွေးပွဲလည်း ဖြစ်သည်။

အဆိုပါ နှစ်နိုင်ငံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအားလုံးအပေါ် ခင်မင်ရင်းနှီးစွာ ပြန်လည်သုံးသပ် ဆွေးနွေးခဲ့ကြရာ နှစ်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ရေး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ စီမံခန့်ခွဲရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား ဆက်သွယ်မှု ပိုမိုတိုးမြှင့်ရေး၊ နှစ်နိုင်ငံနယ်နိမိတ်ကိစ္စရပ်များ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ခရီးသွားလုပ်ငန်း၊ ကောင်စစ်ရေးရာ၊ ယဉ်ကျေးမှုအပါအဝင် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ကျယ်ပြန့်စွာဆွေးနွေးခဲ့ကြသည်။ ထို့ပြင် အိန္ဒိယနိုင်ငံ၏ ချေးငွေအထောက်အပံ့ဖြင့် အကောင်အထည်ဖော်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများအား ပိုမိုလျင်မြန်စွာ အကောင်အထည်ဖော်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် နှစ်ဖက်သဘောတူခဲ့ကြသည်။

နှစ်နိုင်ငံ နယ်နိမိတ်ကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်နိုင်ငံသဘောတူညီထားပြီးသည့် နယ်နိမိတ်ကို အပြန်အလှန်လေးစားရေးနှင့် အငြင်းပွားဖွယ်ရာ နယ်နိမိတ်ကိစ္စများနှင့်စပ်လျဉ်း၍ နှစ်ဖက်ပူးပေါင်းကွင်းဆင်းစစ်ဆေးကာ ဖြေရှင်းဆောင်ရွက်သွားရေး၊ နယ်စပ်ဒေသရှိ ပြည်သူများအား နယ်နိမိတ်ဆိုင်ရာ အသိပညာပေးမှုများ တိုးမြှင့်ပြုလုပ်သွားရေးနှင့် နှစ်နိုင်ငံအကြား ကျန်ရှိနေသည့် နယ်နိမိတ် တိုင်းတာသတ်မှတ်ရေးကိစ္စများကို ဆောလျင်စွာအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ခရီးစဉ်အတွင်း ဒုတိယဝန်ကြီး ဦးကျော်တင်သည် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဗွီကေဆင်းအားသွားရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအကြားဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ရေးများ အပါအဝင် နှစ်နိုင်ငံရေးရာ ကိစ္စရပ်များကိုလည်း ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၂**

တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသားအလွတ်တန်းပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစား လေ့ကျင့်ရေးကွင်း အမှတ်(၄)၌ အုပ်စု(ခ) မှ မကွေးတိုင်းဒေသကြီး ဘောလုံးအသင်းနှင့် ကယားပြည်နယ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မကွေးတိုင်းဒေသကြီး ဘောလုံးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။

ဩဂုတ် ၁၃ ရက် ပွဲစဉ်များအဖြစ် နံနက် ၇ နာရီခွဲတွင် လေ့ကျင့်ရေးကွင်း အမှတ် (၁) ၌ အုပ်စု(က) မှ ကချင်ပြည်နယ်ဘောလုံးအသင်းနှင့် ကရင်ပြည်နယ်ဘောလုံးအသင်းတို့သည်လည်းကောင်း၊ ညနေ ၃ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း အမှတ် (၃)၌ အုပ်စု(ဂ) မှ တနင်္သာရီတိုင်းဒေသကြီး ဘောလုံးအသင်းနှင့် ရှမ်းပြည်နယ်ဘောလုံးအသင်းတို့သည်လည်းကောင်း လေ့ကျင့်ရေးကွင်းအမှတ်(၄)၌ အုပ်စု(ခ)မှ စစ်ကိုင်းတိုင်းဒေသကြီး ဘောလုံးအသင်းနှင့် ပဲခူးတိုင်းဒေသကြီး ဘောလုံးအသင်းတို့သည်လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **(မောင်မောင်ဇော်)**

## မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၂**

**ဧရာဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် တစ်ပေခွဲခန့်နှင့် ဇလွန်မြို့တွင် နှစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**ငဝန်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**တိုးမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက သတင်းထုတ်ပြန်သည်။ **(ကြေးမုံ)**


ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၁၂၈၊ ၀၆၇-၃၆၀၁၃၀၊ ဖက်စ် ၀၆၇-၃၆၀၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၈၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဌာန ဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဌာန ဝန်ကြီး H.E. Mr. Song Tao နှင့် အဖွဲ့အား ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာ-တရုတ်နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ကောင်းမွန်သည့်ဆက်ဆံရေးကို အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုဖြင့် ပိုမိုခိုင်မာအောင် ဆက်လက်ထိန်းသိမ်းရေး၊ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးနှင့် တိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်နေမှုအခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဌာန ဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(မြဝတီ)**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင် ခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ်၊ ၅၃/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်
(၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၁၇ တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးဘိုဘိုငယ်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

---

■ **ရှေ့ဖုံးမှ**

Framework အစည်းအဝေးမှနေ၍ မေတ္တာရပ်ခံလိုသည်မှာ Framework Review အစည်းအဝေးမှစ၍ တတ်နိုင်သလောက်ဝိုင်းဝန်းပြီး တန်းတူညီမျှ လက်တွဲညီညီနှင့် ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုကြောင်း။

လာမည့်ဩဂုတ် ၃၁ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံက အစပြုလမ်းစပွင့်ပြီဖြစ်၍ ညီလာခံတွင် မိမိတို့သဘောထားများတင်ပြကြ၍ ငြိမ်းချမ်းရေးအတွက်အားလုံးအတူတကွ ဆက်လက်လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း။

မိမိတို့အတွက်သာမက ငြိမ်းချမ်းရေးကို မျှော်လင့်နေကြသော ပြည်သူများသာမက နိုင်ငံတကာအဖွဲ့အစည်းဖြစ်သည့် ကုလသမဂ္ဂ၊ နိုင်ငံကြီး၊ နိုင်ငံငယ်များအားလုံး နောင်တစ်ချိန်စံနမူနာယူနိုင်မည်ဖြစ်ကြောင်း။

မိသားစုတစ်စုမဟုတ်ဘဲ တစ်တိုင်းပြည်လုံးတွင်ရှိသည့် ပြည်သူများစိတ်ချမ်းသာရေး၊ နောက်တစ်ဆင့်ဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံ၍ အားလုံးမျှော်လင့်နေကြသည့် (၂၁)ရာစုပင်လုံညီလာခံကို အောင်မြင်စွာကျင်းပနိုင်ရန် မျှော်လင့်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၁)ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်း၊ နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့(DPN)ခေါင်းဆောင် ခူဦးရယ်၊ အထူးဒေသ(၄)မိုင်းလားအဖွဲ့မှ အမြဲတမ်းကော်မတီဝင် ဦးခမ်းမောင်တို့က နှုတ်ခွန်းဆက်စကားများပြောကြားကြသည်။

ယနေ့အစည်းအဝေးတွင် နိုင်ငံရေးဆွေးနွေးပွဲမူဘောင်(မူကြမ်း)နှင့်ပတ်သက်၍ ယခင်ဆွေးနွေးချက်များနှင့် အစည်းအဝေးပထမနေ့က နိုင်ငံရေးပါတီများနှင့် ဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်းပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကျင်းပရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆိုင်ရာကိစ္စရပ်များကိုဆွေးနွေးကြသည်။

အစည်းအဝေးသို့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(၁၆)ဖွဲ့ ကိုယ်စားပြုသည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ အစည်းအဝေးအပြီးတွင် တက်ရောက်လာကြသူများ၏ နိုင်ငံရေးဆွေးနွေးမှုမူဘောင်ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးနှင့်ပတ်သက်၍ ပြောကြားချက်များအား ကောက်နုတ်ဖော်ပြအပ်ပါသည်။

**ခူဦးရယ်(DPN အဖွဲ့ခေါင်းဆောင်)**

ဒီနေ့က နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ပြန်လည်သုံးသပ်တာပါ။ သုံးသပ်တဲ့နေရာမှာ တစ်ခုလုံးကိုတော့ သုံးသပ်နိုင်တဲ့ အခြေအနေမရှိသေးဘူး။ အချိန်ရဲ့ အကျပ်အတည်းကြောင့် လိုအပ်ချက်လေးတွေတော့ ရှိနေပါသေးတယ်။ Structure နဲ့ပတ်သက်တဲ့ အပိုင်းလေးတွေပဲ ဆွေးနွေးဖြစ်သေးတယ်။ မပြီးပြတ်သေးလို့ မနက်ဖြန်မှ ဆက်ဆွေးနွေးမယ်။ မနက်ဖြန်မှာတော့ နိုင်ငံရေးပါတီတွေပါမယ်။ နိုင်ငံရေးပါတီ၊ တိုင်းရင်းသားလက်နက်ကိုင်တွေ၊ အစိုးရအဖွဲ့အစည်း၊ တပ်မတော်နဲ့ပေါ့။ ကျွန်တော်တို့ Structure ကိုတော့ ပြီးပြတ်အောင်ဆွေးနွေးမယ်။ ဩဂုတ် ၁၅ ရက်၊ ၁၆ ရက်မှာလုပ်မယ့် UPDJC အစည်းအဝေးကို ကျွန်တော်တို့ကို ဖိတ်မယ်၊ မဖိတ်ဘူးဆိုတာတော့ ကျွန်တော်တို့ မသိပါဘူး။ ကျွန်တော်တို့က UPDJC မှာ မပါတော့ ဖိတ်လိမ့်မယ်လို့တော့ မထင်ဘူး။



ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း



ခူဦးရယ်



ဒေါက်တာမင်းဇော်ဦး

ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး မနေ့က ကျွန်တော်တို့ UNFC ကထုတ်တဲ့ ထုတ်ပြန်ချက်သဘောထားအတိုင်းပဲ သွားမယ်ဆိုတာကို နားလည်ထားပါတယ်။ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြန်လည်သုံးသပ်တဲ့နေရာမှာ ကျွန်တော်တို့ ထပ်ဖြည့်မယ်၊ မဖြည့်ဘူးဆိုတာကတော့ အားလုံးပြေလည်နိုင်မယ့်နည်းကို ကျွန်တော်တို့က အဖြေရှာဖို့ပဲ။ သူ့ဘက် အမြင် ကိုယ့်ဘက်အမြင် ဒီနေရာမှာ နိုင်ငံရေးပါတီတွေကိုလည်းပဲ ကျွန်တော်တို့ ထည့်သွင်းစဉ်းစားရမယ့်အခြေအနေရှိပါတယ်။ Framework တစ်စုံလုံးကို မညှိရသေးပါဘူး။ ကျွန်တော်တို့ NCA လက်မှတ်ထိုးထား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနဲ့ မထိုးရသေးတဲ့ အချင်းချင်း ညှိနှိုင်းထားတယ်။ အဲဒီညှိနှိုင်းထားတာကိုပဲအစိုးရနဲ့ ပြန်ညှိနေတာပါ။ အများကြီးတော့ မကွဲလွဲပါဘူး။



နိုင်ငံရေးဆွေးနွေးမှုမူဘောင် ပြန်လည်သုံးသပ်ခြင်းအစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

**ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း(ဒုတိယဥက္ကဋ္ဌ) ချင်းအမျိုးသားတပ်ဦး(CNF)**

ဒီနေ့ဆွေးနွေးတာအဓိကက (၂၁)ရာစုပင်လုံညီလာခံကျင်းပရေးကော်မတီကို ပူးတွဲဖွဲ့စည်းဖို့ပါ။ ပူးတွဲဖွဲ့စည်းတဲ့အခါမှာလည်း ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ လက်မှတ်ထိုးတဲ့အဖွဲ့နဲ့ လက်မှတ်မထိုးတဲ့ အဖွဲ့ပူးပေါင်းပါဝင်ဖို့ ဆွေးနွေးတယ်။ အဲဒီမှာ အစိုးရဘက်ကမူ ထုတ်ပြန်ပေးမယ်ပြောတယ်။ ဒါကို သူတို့အနေနဲ့လည်း ကြိုဆိုတယ်လို့ ခံစားရတဲ့အတွက် ဝမ်းသာအားရဖြစ်မိပါတယ်။ ဒုတိယအနေနဲ့ကတော့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ကျင်းပပြီးတဲ့အခါမှာလည်းပဲ ဆက်လက်ဆောင်ရွက်ရမယ့် ကိစ္စတွေကို ဆောင်ရွက်ကြဖို့ ဆွေးနွေးကြပါတယ်။ အထူးသဖြင့်က အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကိုညီလာခံ ပြီးပြီးချင်းလုပ်နိုင်ဖို့၊ လုပ်ငန်းကော်မတီတွေ ဖွဲ့စည်းဖို့ ကျွန်တော်တို့တင်ပြတယ်။ ဒါကိုလည်း လုပ်ဖြစ်မယ်လို့ မျှော်လင့်တယ်။ နောက်တတိယအချက်က NCA လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေကို အစိုးရကသဘောထားကြီးစွာနဲ့ (၂၁)ရာစုပင်လုံမှာ လက်မှတ်မထိုးဘဲနဲ့ တက်ရောက်နိုင်ဖို့ လုပ်ထားတယ်။ (၂၁)ရာစုပင်လုံပြီးတဲ့ အခါမှာတော့ သူတို့အနေနဲ့က(အစိုးရ) Framework ကိုပြန်သုံးသပ်ရေးဆွဲမယ့် ကဏ္ဍအပြင် NCA စာချုပ်လက်မှတ်ရေးထိုးရေးအတွက် ဆက်ပြီးတော့ ဆွေးနွေးဖို့ သူတို့အနေနဲ့ လမ်းဖွင့်ပေးထားတယ်။ ဒါကို ဆက်လက်ဆောင်ရွက်ပေးဖို့ ကျွန်တော်တို့ကိုတောင်းဆိုတယ်။ ကျွန်တော်တို့အနေနဲ့ ကလည်း ဒါကိုသဘောတူတယ်လို့ ကျွန်တော့်အနေနဲ့ ခံယူထားတယ်။

ငြိမ်းချမ်းရေးဖြစ်စဉ်ကရေရှည်သွားမယ့် ကိစ္စဖြစ်တယ်။ အဲဒီ ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုလုံးကို ကျွန်တော်တို့ ပူးပေါင်းသွားနိုင်ဖို့ အရေးကြီးတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုလုံးကိုသွားတဲ့နေရာမှာလည်း NCA စာချုပ်ကို ကျွန်တော်တို့ အခြေခံသွားဖို့လိုတယ်။ NCA စာချုပ်ကို ကျွန်တော်တို့ အခြေခံပြီးတော့ မသွားဘူးဆိုရင် ရေရှည်သွားလို့မရဘူး။ လက်မှတ်မထိုးထားတဲ့ အဖွဲ့တွေအနေနဲ့လည်း (၂၁) ရာစုပင်လုံညီလာခံကိုလာတက်ပြီးတဲ့ နောက်ပိုင်းမှာရှေ့ဆက်ပြီး ငြိမ်းချမ်းရေးဖြစ်စဉ်ကိုပါလာနိုင်ဖို့အတွက်ဆိုရင် NCA စာချုပ်ကိုလက်မှတ်ရေးထိုးဖို့ လိုအပ်မယ်လို့ ကျွန်တော်က သုံးသပ်တယ်။ အဲ့ဒါကို လက်မှတ်ထိုးနိုင်မှပဲသူတို့အနေနဲ့ JMC တို့ UPDJC တို့ စတဲ့ကော်မတီအသီးသီးမှာ တရားဝင်ပါလာနိုင်ပြီးတော့ နှစ်(၆၀)ကျော်ပြည်တွင်းစစ်ကိုအဆုံးသပ်နိုင်မှာဖြစ်တယ်။ ဒါက ကျွန်တော့်ရဲ့သုံးသပ်ချက်ပါ။ ခြုံပြီးပြောရင် ဒီနေ့ဆွေးနွေးပွဲကို ကျွန်တော့်အနေနဲ့ အင်မတန်မှ အားရကျေနပ်မိတယ်။ လက်မှတ်မထိုးတဲ့အဖွဲ့နဲ့ လက်မှတ်ထိုးတဲ့အဖွဲ့က ပြီးခဲ့တဲ့အောက်တိုဘာလကတည်းက တစ်သီးတခြားစီရှိခဲ့ကြတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းတွေမှာတော့ သူတို့နဲ့ ကျွန်တော်တို့ အစည်းအဝေးအတူတကွ ထိုင်တယ်။ အတူတကွလာတယ်။ အစိုးရ၊ လွှတ်တော်၊ တပ်မတော်ဘက်ကလည်း ကျွန်တော်တို့ကို ဝမ်းသာအားရ ကြိုဆိုပြီးတော့ ဆွေးနွေးခဲ့တယ်။ အင်မတန်မှ အားရဖို့ကောင်းတယ်။

**ဒေါက်တာမင်းဇော်ဦး(အတွင်းရေးမှူး -၂)**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၁) နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြန်လည်သုံးသပ်တာက ကျွန်တော်တို့ Structure လုပ်ငန်းစဉ်ပိုင်းတွေ ဆွေးနွေးလို့ပြီးပြတ်သွားပြီဆိုမှ တစ်ခန်းချင်းဆွေးနွေးမယ်။ မနက်ဖြန်မှာ နိုင်ငံရေးပါတီတွေနဲ့တွေ့ရင်လည်း Structure ပိုင်းတွေ ပြန်ပြီးဆွေးနွေးဖို့ရှိပါတယ်။ ဒါတွေဆွေးနွေးလို့ ပြီးပြတ်ရင် မူဘောင်ကို တစ်ခန်းချင်းစီပြန်သွားဖို့ရှိပါတယ်။ ဒီနေ့ဆွေးနွေးပွဲက ကောင်းပါတယ်။ အများကြီးကို အပြုသဘောဆောင်ပါတယ်။ လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေနဲ့ လက်မှတ်ထိုးထားတဲ့အဖွဲ့တွေ မူဘောင်နဲ့ပတ်သက်ပြီးတော့ သူတို့လည်းတော်တော်များများညှိထားတာရှိပါတယ်။ သူတို့နှစ်ခုညှိထားတဲ့ဟာနဲ့ အစိုးရညှိထားတာရယ်၊ နိုင်ငံရေးပါတီတွေညှိထားတာတွေကို ဆွေးနွေးကြတာရှိပါတယ်။အခု ဆွေးနွေးပွဲမှာ သိပ်အများကြီးကွာဟချက်တော့ မရှိပါဘူး။ **(သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်)**

## ရီယိုအိုလံပစ်ပြိုင်ပွဲ၌ မြန်မာနိုင်ငံ၏ နိုင်ငံတော်သီချင်း ဒုတိယ အံ့ဩဖွယ်ရာအကောင်းဆုံးသီချင်းအဖြစ် ဘီဘီစီရွေးချယ် သတ်မှတ်

**ရီယိုဒီဂျနေးရိုး ဩဂုတ် ၁၂**
ဘရာဇီးနိုင်ငံတွင် ယှဉ်ပြိုင်ကျင်းပလျက်ရှိသည့် ရီယို ၂၀၁၆ အိုလံပစ်အားကစားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၁၆၀ ဝင်ရောက်ယှဉ်ပြိုင်ကြသည့်အနက် အံ့ဩဖွယ်ရာ အကောင်းဆုံး နိုင်ငံတော်သီချင်း ၁၀ ပုဒ်ကို ဘီဘီစီသတင်းဌာနက ရွေးချယ်သတ်မှတ်ဖော်ပြခဲ့ရာ မြန်မာနိုင်ငံ၏ နိုင်ငံတော်သီချင်း(ကမ္ဘာမကျေ)မှာ ဒုတိယအံ့ဩဖွယ်ရာ အကောင်းဆုံးသီချင်းအဖြစ် သတ်မှတ်ခံခဲ့ရသည်။ ရုရှားနိုင်ငံ၏ နိုင်ငံတော်သီချင်းမှာ အံ့ဩဖွယ်ရာ အကောင်းဆုံး နိုင်ငံတော်သီချင်းအဖြစ် နံပါတ်တစ်နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ဘီဘီစီသတင်းဌာနက ရွေးချယ်ဖော်ပြခဲ့သည့် အံ့ဩဖွယ်ရာအကောင်းဆုံး နိုင်ငံတော်သီချင်း ၁၀ ပုဒ်တွင် နီပေါနိုင်ငံတော်သီချင်းက တတိယ၊ အစ္စရေးနိုင်ငံတော်သီချင်းက စတုတ္ထ၊ ကာဇက်စတန်နိုင်ငံတော်သီချင်းက ပဉ္စမ၊ ဘရာဇီးနိုင်ငံတော်သီချင်းက ဆဋ္ဌမ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်သီချင်းက သတ္တမ၊ မော်ရီတေးနီးယား နိုင်ငံတော်သီချင်းက အဋ္ဌမ၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတော်သီချင်းက နဝမ၊ ပါရာဂွေး နိုင်ငံတော်သီချင်းက ဒသမနေရာတွင် ရပ်တည်နိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံတော်သီချင်းသည် အစပိုင်း စက္ကန့် ၃၀ ခန့်တွင် မြန်မာ့ရိုးရာသံစဉ် ခြေဆင်းတေးသွားဖြင့် စတင်သီဆိုခဲ့သော်လည်း ရုတ်တရက်ချက်ချင်း စစ်တီးလုံးသံစဉ် တေးသွားသို့ ပြောင်းလဲသီဆိုရာတွင် ကောင်းမွန်သည့်အတွက် ဒုတိယ အံ့ဩဖွယ်ရာ အကောင်းဆုံး နိုင်ငံတော်သီချင်းအဖြစ် ရွေးချယ်သတ်မှတ်ခံရခြင်းဖြစ်ကြောင်း ဘီဘီစီသတင်းဌာနတွင် ရေးသားဖော်ပြသည်။

**ဘီဘီစီ။**

## သတင်းအချက်အလက် လုံခြုံရေးဆိုင်ရာ ဥပဒေသစ် ပါကစ္စတန်အမျိုးသားလွှတ်တော် အတည်ပြု

**အစ္စလာမ္မာဘတ် ဩဂုတ် ၁၂**
ပါကစ္စတန်နိုင်ငံ၌ သတင်းအချက်အလက်လုံခြုံရေးဆိုင်ရာ ဥပဒေသစ်တစ်ရပ်ကို အမျိုးသားလွှတ်တော်က အတည်ပြုပေးလိုက်ကြောင်းဒေသဆိုင်ရာ သတင်းဌာနများက ဩဂုတ် ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

တရားဥပဒေနှင့် ညီညွတ်မှုမရှိသည့် သတင်းအချက်အလက်ဆိုင်ရာ ပုဂ္ဂလိက ဆောင်ရွက်ချက်များအား အာဏာပိုင်များက ပိတ်ပင်နိုင်စေရေးအတွက် ၎င်းတို့ကို အကြွင်းမဲ့အာဏာအပ်နှင်းပေးမည့် ဥပဒေသစ်နှင့်ပတ်သက်၍ အငြင်းပွားမှုများပေါ်ပေါက်ခဲ့သော်လည်း အဆိုပါဥပဒေသစ်ကို အမျိုးသားလွှတ်တော်က အတည်ပြုပေးလိုက်ခြင်းဖြစ်သည်။


၂၀၁၅ ခုနှစ် အီလက်ထရွန်နစ် မှုခင်းတားဆီးကာကွယ်ရေးဥပဒေကို ဩဂုတ် ၁၁ ရက်နှောင်းပိုင်းက အတည်ပြုပေးခဲ့သည်။ ယင်းဥပဒေမူကြမ်းကို လွန်ခဲ့သည့်လက အထက်လွှတ်တော်က တစ်ခဲနက်မဲပေးအတည်ပြုပေးခဲ့ပြီးဖြစ်သည်။

သို့ရာတွင် အဆိုပါ ဥပဒေပါစည်းမျဉ်းများနှင့်ပတ်သက်၍ လူ့အခွင့်အရေးလှုပ်ရှားသူများနှင့် ဒီမိုကရေစီအရေးလှုပ်ရှားသူများက ဝေဖန်ပြောကြားခဲ့ကြသည်။ ပါကစ္စတန်နိုင်ငံ၌ ပြည်သူတို့၏ လွတ်လပ်စွာ ပြောဆိုရေးသားပိုင်ခွင့်နှင့် မျှတခြင်းမရှိသော တရားစွဲဆိုမှုများဖြစ်ပေါ်လာစေနိုင်သော ဥပဒေအဖြစ် ဝိဝါဒကွဲပြားကာ ကန့်ကွက်ပြောဆိုခဲ့ကြသည်။

**ရိုက်တာ။**



## ဖောဘိစ်မဂ္ဂဇင်း၏ ၂၀၁၆ ခုနှစ်အတွက် နည်းပညာနယ်ပယ်မှ အချမ်းသာဆုံးပုဂ္ဂိုလ် ၁၀၀ စာရင်းတွင် အမေရိကန်နှင့်တရုတ်များ လွှမ်းမိုး



**နယူးယောက် ဩဂုတ် ၁၂**
ဖောဘိစ်မဂ္ဂဇင်း၏ အသစ်ထုတ်ပြန်လိုက်သော ၂၀၁၆ ခုနှစ်အတွက် နည်းပညာနယ်ပယ်မှ အချမ်းသာ ဆုံးပုဂ္ဂိုလ် ၁၀၀ စာရင်း၌ နည်းပညာကုမ္ပဏီ တည်ထောင်သူနှင့် ရင်းနှီးမြှုပ်နှံသူ အမေရိကန်ပြည်ထောင်စုမှ ၅၁ ဦး၊ တရုတ်နိုင်ငံမှ၂၄ ဦးပါဝင်ကာ နှစ်နိုင်ငံမှ ၇၅ ရာခိုင်နှုန်းထိ ပါဝင်နေသည်။

အဆိုပါစာရင်းအရ နည်းပညာနယ်ပယ်မှ အချမ်းသာဆုံးပုဂ္ဂိုလ်များ၏ ကြွယ်ဝချမ်းသာမှုမှာ ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၈၉၂ ဘီလီယံရှိပြီး တစ်နှစ်ထက်တစ်နှစ် ၆ ရာခိုင်နှုန်း တိုးတက်လာသည့်သဘောပင်ဖြစ်သည်။ မိုက်ခရိုဆော့တည်ထောင်သူ ဘီလ်ဂိတ်စ်မှာ ခန့်မှန်းခြေပိုင်ဆိုင်မှု အမေရိကန်ဒေါ်လာ ၇၈ ဘီလီယံဖြင့် နည်းပညာနယ်ပယ်တွင်သာမက ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်အဖြစ် ဆက်လက်ရပ်တည်နေသည်။

အမေဇုန်တည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ် ဂျက်ဖ်ဘီဇော့စ်ကိုပိုင်ဆိုင်မှု အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၂ ဘီလီယံဖြင့် ဒုတိယအချမ်းသာဆုံးပုဂ္ဂိုလ်အဖြစ် စာရင်းသွင်းထားပြီး အမေရိကန်ဒေါ်လာ ၅၄ ဘီလီယံဖြင့် စတုတ္ထနေရာမှ တတိယနေရာတက်ရောက်လာခဲ့သော ဖေ့စ်ဘွတ်တည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ် မတ်ခ်ဇူကာဘတ်က တတိယနေရာ၌ရှိနေသည်။ တရုတ်နိုင်ငံမှ အလီဘာဘာအုပ်စုတည်ထောင်သူ ဂျက်မားက ပိုင်ဆိုင်မှု အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၈ ဘီလီယံဖြင့် အာရှတိုက်၏ နည်းပညာနယ်ပယ်မှ အချမ်းသာဆုံး ဘီလျံနာဆိုသော ဂုဏ်ပုဒ်ကို ဆက်လက်ထိန်းသိမ်းထားသည်။

အင်တာနက်မီဒီယာကုမ္ပဏီ Tencent တည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ် မားဟွာတန်နှင့် ဂျက်မားတို့နှစ်ဦးမှာ ၂၀၁၆ ခုနှစ်အတွက် နည်းပညာနယ်ပယ်မှ အချမ်းသာဆုံးပုဂ္ဂိုလ် ထိပ်တန်း ၁၀ ဦးစာရင်းဝင် တရုတ်နိုင်ငံသားများဖြစ်ကြသည်။ တရုတ်ပြည်မကြီးမှ ၁၉ ဦး၊ ဟောင်ကောင်မှသုံးဦးနှင့် တရုတ်တိုင်ပေမှ တစ်ဦးအပါအဝင် တရုတ်နိုင်ငံ၌ နည်းပညာလုပ်ငန်းရှင် စုစုပေါင်း ၂၄ ဦးရှိသည်။

**ဆင်ဟွာ။**



## အပန်းဖြေစခန်း ဖူးခက်နှင့် ဆူရက်သာနီ အပါအဝင် ထိုင်းနိုင်ငံရှိ မြို့အချို့၌ ဗုံးပေါက်ကွဲမှုများဖြစ်ပွား၍ လေးဦးသေဆုံး

**ဗန်ကောက် ဩဂုတ် ၁၂**
ထိုင်းနိုင်ငံအတွင်းရှိ နယ်မြေဒေသများ၌ ဗုံးပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားခဲ့ခြင်းကြောင့် လူလေးဦးထက်မနည်း သေဆုံးပြီး လူအချို့ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်း သတင်းများနှင့် တာဝန်ရှိသူများက ယနေ့ပြောကြားသည်။

ဩဂုတ် ၁၁ ရက် နှောင်းပိုင်းတွင် ထိုင်းနိုင်ငံမှ အပန်းဖြေစခန်းတည်ရှိရာ ဟွာဟင်းမြို့၌ အမြွှာဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီး အမျိုးသမီးတစ်ဦး သေဆုံးကာ လူ ၂၀ ခန့် ထိခိုက်ဒဏ်ရာရခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရသူများထဲ၌ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည် ကိုးဦးပါဝင်ကြောင်းနှင့် ယင်းဖြစ်ရပ်နောက်ပိုင်း ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက လူသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရခဲ့သော ဗုံးပေါက်ကွဲမှုနှစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

ဩဂုတ် ၁၂ ရက် ထုတ်ပြန်သည့် ထိုင်းရဲတပ်ဖွဲ့၏ ဖော်ပြချက်အရ နေရာဒေသသုံးခုတွင် ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ကြောင်း၊ ယင်းတို့မှာ ဟွာဟင်းမြို့ရှိ နာရီစင်၊ ဟွန်ဘက်လမ်းဆုံနှင့် ဆွိုင်ဘင်ကာဘက်တို့တွင်ဖြစ်ကြောင်း သိရသည်။

ဒေသဆိုင်ရာအတွင်းရှိ ဆေးရုံများမှ အမှုထမ်းများ၏အဆိုရ ဒဏ်ရာရသူများထဲတွင် ဂျာမန်၊ အီတလီ၊ ဒတ်ချ်နှင့် ဩစတြေးလျနိုင်ငံသားများ ပါဝင်သည်ဟုဆိုသည်။

**ဆင်ဟွာ။**

## ရီယိုအိုလံပစ်ပွဲတော်ကို ပစ်မှတ်ထားကာ တိုက်ခိုက်ဖွယ်ရှိသူများကို ဖမ်းဆီး

**ဆာပေါ်လို ဩဂုတ် ၁၂**
ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ ကျင်းပလျက်ရှိသော အိုလံပစ် အားကစားပွဲတော်ကို ပစ်မှတ်ထားကာ တိုက်ခိုက်ဖွယ်ရှိသည့် အစ္စလာမ့်စ် နိုင်ငံတော်(အိုင်အက်စ်) စစ်သွေးကြွများနှင့် ပူးပေါင်းဆောင်ရွက်သည်ဟု မသင်္ကာရသူနှစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဩဂုတ် ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ရီယိုအိုလံပစ်အားကစားပွဲတော် လုံခြုံရေးအတွက် ရဲတပ်ဖွဲ့က ဩဂုတ် ၁၂ ရက်တွင် စစ်ဆင်ရေးဆောင်ရွက်ခဲ့သည်။ ရဲတပ်ဖွဲ့သည် အားကစားပွဲတော်လုံခြုံရေးနှင့် ပတ်သက်၍ မသင်္ကာရသူ ၁၂ ဦးကိုလည်း ဖမ်းဆီးခဲ့ပြီးဖြစ်သည်။

အဖမ်းခံရသူများအားလုံးမှာ အိုင်အက်စ်အဖွဲ့အား အားပေးကူညီနေသူများဖြစ်သည်ဟု ရဲတပ်ဖွဲ့က မသင်္ကာဖြစ်ရကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

# ချေးငွေ၏ ကောင်းမွေဆိုးမွေကို စံစား၊ ခံစားကြရမည့် ပြည်သူလူထုသို့ အချိန်နှင့်တစ်ပြေးညီ ပွင့်လင်းမြင်သာစွာချပြနိုင်ရေးသည် အလွန်အရေးကြီး

**နေပြည်တော် ဩဂုတ် ၁၂**

အနှောင်အဖွဲ့ကင်းသည့် ပြည်ပအကူအညီရငွေ Grant မဟုတ်ဘဲ အချိန်တန်လျှင် ပြန်ဆပ်ရမည့် ပြည်ပကြွေးမြီ Loan ဖြစ်သည့်အတွက် ချေးငွေကို ထိထိရောက်ရောက် စီမံခန့်ခွဲနိုင်ရန် လိုအပ်သကဲ့သို့ ချေးငွေ၏ ကောင်းမွေဆိုးမွေကို စံစား၊ ခံစားရမည့် ပြည်သူလူထုသို့လည်း အချိန်နှင့်တစ်ပြေးညီ ပွင့်လင်းမြင်သာစွာ ချပြနိုင်ရေးသည် အလွန်အရေးကြီးပါကြောင်း ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က နိုင်ငံတော် သမ္မတထံမှ ပြည်ထောင်စုလွှတ်တော်သို့ပေးပို့သည့် မြန်မာနိုင်ငံ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆောင်ရွက်ရန် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း (၁၀၀) ချေးယူရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

ဆက်လက်၍ ဒေါ်ခင်စန်းလှိုင်က စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့အနေဖြင့် သက်ဆိုင်ရာဝန်ထမ်းများအား လေ့ကျင့်သင်တန်းပေးခြင်းနှင့် အရည်အသွေးမြှင့်တင်ခြင်းလုပ်ငန်းများအတွက် ချေးငွေနှင့် စပ်လျဉ်း၍ မည်သို့မည်ပုံသုံးစွဲသွားမည်ကို ပိုမိုတိကျစွာ ရှင်းလင်းဖော်ပြသင့်ကြောင်း အနှောင်အဖွဲ့ကင်းသည့် အကူအညီရငွေဖြစ်စေ၊ ပြန်လည်ပေးဆပ်ရမည့် ချေးငွေဖြစ်စေ ပြည်သူ့ဘဏ္ဍာငွေများဖြစ်သည့်အတွက် အစိုးရသစ်၏ စီးပွားရေးမူဝါဒနှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကိုရှေးရှုပြီး အကောင်အထည်ဖော် မဆောင်ရွက်နိုင်လျှင် အကြွေးနွံထဲ၌ နစ်သည်ထက်နစ်လာနိုင်ကြောင်း။

ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များ တိုးပွားအောင်ဆောင်ရွက်ရေးသည် အလွန်အရေးကြီးပါကြောင်း၊ ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း(၁၀၀) ချေးယူခြင်းကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ ဒဂုံမြို့ဆန္ဒနယ်မှ ဒေါ်သက်သက်ခိုင်က ဘဏ်နှင့် ငွေရေးကြေးရေးစနစ်အပေါ် ပြည်သူများ၏ ယုံကြည်မှုပိုမိုရရှိလာစေရန် ကြိုးစားဆောင်ရွက်ပြီး ပြည်သူများ ဘဏ်အသုံးပြုမှု တိုးတက်လာစေရန် လုပ်ဆောင်ရမည့်အချိန်ဖြစ်သည့်အတွက် ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆောင်ရွက်ရန် အထူးသင့်လျော်ပါကြောင်း။

မြန်မာနိုင်ငံငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်းသည် ယနေ့ဖြစ်ပေါ်လျက်ရှိသည့် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ပြုပြင်ပြောင်းလဲမှုများ၏ အဓိကကျသည့် အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း။

ငွေရေးကြေးရေးကဏ္ဍတွင် ဘဏ်များကို ကြပ်မတ်ကွပ်ကဲသည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဘဏ်မဟုတ်သည့် အဖွဲ့အစည်းများ၊ အသေးစားငွေချေးလုပ်ငန်းများ၊ အာမခံလုပ်ငန်းများကို ကြပ်မတ်ကွပ်ကဲသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတို့၏ ကြီးကြပ်ကွပ်ကဲမှု လုပ်ငန်းစဉ်များနှင့် သတင်းအချက်အလက် နည်းပညာစနစ် တည်ဆောက်ခြင်းတို့သည် ဘဏ်များနှင့် ငွေရေးကြေးရေးကဏ္ဍကြီးတစ်ခုလုံး စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရန် အစပျိုးခြင်းဖြစ်ပြီး ဘဏ်များနှင့် ငွေရေးကြေးရေး စနစ်တစ်ခုလုံးနှင့် သက်ဆိုင်သည့် အန္တရာယ်ကျရောက်နိုင်မှုကို ကြိုတင်ကာကွယ်ရာလည်း ဖြစ်ကြောင်း။

မြန်မာနိုင်ငံ ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် ကမ္ဘာ့ဘဏ်၏ နည်းပညာအကူအညီဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး မြန်မာတစ်နိုင်ငံလုံး၏ ငွေရေးကြေးရေးကဏ္ဍကိုသာမက နိုင်ငံ့စီးပွားရေးကဏ္ဍကြီးတစ်ခုလုံး တိုးတက်စေရန် မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း(၁၀၀)ချေးယူရေးကို ထောက်ခံပါကြောင်းဆွေးနွေးသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) မှ ဦးသန်းစိုး(ခ) သန်းစိုး (ဘောဂဗေဒ) က ၂၀၁၆ ခုနှစ် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ ပုဒ်မ(၇)တွင် ပြည်ထောင်စုအစိုးရအဖွဲ့သည် ချေးငွေနှင့်ပတ်သက်၍ ပြည်တွင်းမှ ဖြစ်စေ၊ ပြည်ပမှဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ချေးယူနိုင်သည်ကို ဖော်ပြထားပါကြောင်း၊ ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း(၁၀၀) ချေးယူငွေသည် မြန်မာနိုင်ငံငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍနှစ်ခုစလုံးကို ကိုယ်စားပြုသကဲ့သို့ တွေ့ရပါကြောင်း၊ သို့သော် စီမံကိန်းအသုံးစရိတ်အား လေ့လာသည့်အခါ အစိုးရကဏ္ဍအတွက်သာ ဖြစ်နေပါကြောင်း၊ စီမံကိန်းကို ဦးဆောင်သည့် ငွေရေးကြေးရေးဦးစီးဌာနအတွက် ဝန်ထမ်းလစာများသည် စီမံကိန်းတစ်ခုလုံး၏ (၈၀) ရာခိုင်နှုန်းဖြစ်နေပါသလား၊ သို့မဟုတ် နိုင်ငံ့ဝန်ထမ်းအားလုံးအတွက် လစာချီးမြှင့်ငွေပေးရန်အတွက်လားဆိုသည်ကို သိလိုပါကြောင်း။

စီမံကိန်းများအပေါ် ရလဒ်တိုင်းတာမှု၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်မှုများကို မည်သို့သော စံချိန်စံညွှန်းများနှင့် တိုင်းတာသည်ဆိုသည်ကို နိုင်ငံသားအားလုံးက သိလိုကြမည်ဖြစ်ကြောင်း၊ စီမံကိန်းကြီးများ တကယ်အောင်မြင်မည်၊ မအောင်မြင်မည်ကို အာမခံနိုင်သည်လားဟူသည့် မေးခွန်းလည်းရှိပါကြောင်း၊ ချေးငွေဆိုသည်မှာ တစ်နေ့နေ့ ပြန်ဆပ်ကြရမည်ဖြစ်ကြောင်း။

ပိုင်ဆိုင်မှုနေရာတွင် သက်ဆိုင်ရာနိုင်ငံက Driver Seat နေရာမှ အကျိုးရှိစွာ အသုံးချရန် ဖြစ်ကြောင်း၊ Driver Seat နေရာယူပြီး အထောက်အပံ့၏ (၇၀)ရာခိုင်နှုန်း အကျိုးရှိအောင် အသုံးပြုရန်လိုကြောင်း၊ အဘယ့်ကြောင့်ဆိုသော် Donor များ၏ စရိတ်စက ၆၀ ရာခိုင်နှုန်းထိ ပြန်ယူသွားတတ်ပါကြောင်း၊ ယခုအချိန်ထိ နိုင်ငံခြားအကူအညီအထောက်အပံ့များနှင့်ပတ်သက်၍ စီမံခန့်ခွဲရေးဗဟိုကော်မတီ၊ စီမံခန့်ခွဲရေး လုပ်ငန်းကော်မတီများ မဖွဲ့စည်းနိုင်သေးပါကြောင်း၊ အထောက်အပံ့များနှင့် ပတ်သက်၍ မူဝါဒများနောက်သို့ စီမံကိန်းများလိုက်နေသည်လား၊ စီမံကိန်းများနောက်သို့ မူဝါဒများလိုက်နေသည်လားဆိုသည်ကို အထူးစဉ်းစားကြရန် လိုအပ်မည်ဖြစ်ကြောင်း ဆွေးနွေးသည်။

နိုင်ငံတော် သမ္မတထံမှ ပြည်ထောင်စုလွှတ်တော်သို့ပေးပို့သည့် မြန်မာနိုင်ငံငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆောင်ရွက်ရန် ကမ္ဘာ့ဘဏ်မှ အမေရိကန် ဒေါ်လာ သန်း(၁၀၀)ချေးယူရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၇)ဦးတို့က ဆွေးနွေးခဲ့ကြသည်။

ယနေ့အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက က မြန်မာနိုင်ငံတော်ဗဟိုဘဏ်အဖွဲ့ဝင်အဖြစ် ဦးဘိုဘိုငယ်အား ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာအုပ်စုအတွင်းရှိ မြေဧရိယာ (၉၃ ဒသမ ၃၇)ဧကကို ဝါးဒတ်ကွင်းကျေးရွာအတွင်း တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှပေးပို့သည့် ကာလလတ်ကြွေးမြီ စီမံခန့်ခွဲမှု မဟာဗျူဟာ အတည်ပြုထုတ်ပြန်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းနှင့် ဥပဒေကြမ်း ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးတို့က ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏အရအသုံးခန့်မှန်းခြေငွေစာရင်း (ပြင်ဆင်ချက်)နှင့် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်းသည့် ဥပဒေဆိုင်ရာ သုံးသပ်ချက်အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခဲ့ကြသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား တွေ့ရစဉ်။

## ကိုရီးယားနိုင်ငံ CHOSUN UNIVERSITY မှ အဖွဲ့ဝင်များ ခွဲစိတ်ကုသမှုဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၂**

ကိုရီးယားသမ္မတနိုင်ငံ CHOSUN UNIVERSITY မှ Associate Professor: Moon Seong Yong ဦးဆောင်သော အဖွဲ့ဝင်လေးဦးသည် ဩဂုတ် ၉ ရက်မှ ၁၂ ရက်ထိ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)သို့လာရောက်၍ မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုပညာဌာနမှ ဆရာဆရာမများနှင့် ပူးပေါင်းပြီး နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာ ၁၁ ဦးအား ခွဲစိတ်ပေးခြင်း၊ မေးရိုးနှင့်ခံတွင်းကင်ဆာနှင့် သွားမြစ်ဝှမ်း မေးရိုးတွင်းအဖုအကျိတ်ရောဂါရှင် နှစ်ဦးတို့အား အသားအစားထိုးအကြီးစား ခွဲစိတ်ကုသမှုပေးခြင်းများကို ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၁၂/၂၀၁၅)အား စက်တင်ဘာ ၅ ရက်တွင် စီရင်ချက်(အမိန့်)ချမှတ်မည်

**နေပြည်တော် ဩဂုတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်လောင်း ဦးမြင့်အောင်(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)မှ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလွင်စိုးမင်း(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)အပေါ် ကန့်ကွက်လွှာတင်သွင်းခဲ့သည့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ်(၁၂/၂၀၁၅)ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးထွန်းခင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ခုံအဖွဲ့ဝင်များအဖြစ် ဦးတင်မြင့်နှင့် ဦးမောင်မောင်လေးမြင့်တို့ပါဝင်သည့် ရွေးကောက်ပွဲခုံအဖွဲ့(၃)က လျှောက်ထားသူ၏ ကန့်ကွက်လွှာ၊ လျှောက်ထားခံရသူ၏ ပြန်လှန်ကန့်ကွက်လွှာနှင့် ချေပလွှာတို့အရ ထုတ်နုတ်ထားသောငြင်းချက်များအပေါ် နှစ်ဖက်အပြီးသတ်လျှောက်လဲချက်ကြားနာခြင်းနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ရုံးတော်သဟာယအဖြစ် လျှောက်လဲခြင်းတို့ကို ကြားနာခဲ့သည်။

ယင်းအမှုအား ၅-၉-၂၀၁၆ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် စီရင်ချက်(အမိန့်) ချမှတ်မည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## (၂၁)ရာစုပင်လုံညီလာခံ ကြိုဆိုဂုဏ်ပြု လွတ်လပ်ငြိမ်းချမ်းပန်းရဲ့လမ်းအဖွဲ့ ရှမ်းမြောက်တွင် လာရောက်ဖျော်ဖြေ

**သီပေါ ဩဂုတ် ၁၂**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ကြိုဆိုဂုဏ်ပြုသော မန္တလေးမြို့ လွတ်လပ်ငြိမ်းချမ်းပန်းရဲ့လမ်းအဖွဲ့မှ အနုပညာရှင်များသည် ဩဂုတ်လဆန်းမှစတင်၍ ရှမ်းပြည်နယ်မြောက်ပိုင်းရှိမြို့နယ်များသို့ လာရောက် ဖျော်ဖြေလျက်ရှိကြသည်။



အဆိုပါ လွတ်လပ်ငြိမ်းချမ်းပန်းရဲ့လမ်းအဖွဲ့သည် ဩဂုတ် ၁၀ ရက်နှင့် ၁၁ ရက်တို့က ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့သို့ ရောက်ရှိလာပြီး (၂၁)ရာစုပင်လုံညီလာခံ ကြိုဆိုဂုဏ်ပြုတေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။**(ဓါတ်ပုံ)**

ထိုသို့ ဖျော်ဖြေတင်ဆက်မှုများကို ဒေသခံပြည်သူများသာမက သီပေါမြို့ရောက် ကမ္ဘာလှည့်ခရီးသည် နိုင်ငံခြားသားများပါလာရောက်၍ မှတ်တမ်းရိုက်ကူးခြင်း၊ အားပေးနားဆင်ခြင်း ပြုခဲ့ကြကြောင်း သိရသည်။

**(သီပေါကိုလတ်)**

# နိုင်ငံတော်အတွင်း ထင်း၊ မီးသွေးနှင့် အခြားလောင်စာသုံးစွဲမှု လျှော့ချနိုင်ရေးအတွက် ရေနံဓာတ်ငွေ့ရည် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးရောင်းချပေးနိုင်ရန် လိုင်စင်နှစ်မျိုးဖြစ်သော ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည်အိုးများကို သိုလှောင်ရုံဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း (ဃ- လိုင်စင်)နှင့် ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည်အိုးများကို တိုက်ခန်း၊ ဆိုင်ခန်းများဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း (င-လိုင်စင်)တို့ကို ထုတ်ပေးနိုင်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးပြီး ဖြစ်။

❖ **ကျောဖုံးမှ**

ချင်းပြည်နယ်တွင် ၆၆ ကေဗွီ ဟားခါး-ဖလမ်း ဓာတ်အားလိုင်း ၂၄ ဒသမ ၅ မိုင်၊ ၆၆/၁၁ကေဗွီ၊ ၅ အမ်ဗွီအေ မအီဓာတ်အားခွဲရုံအား ယခုနှစ် ဇွန် ၁၂ ရက်တွင် လည်းကောင်း၊ ၆၆ ကေဗွီ ကျောက်ဖြူ-ကျောက်ဖြူ (SEZ) ဓာတ်အားလိုင်း အမှတ် (၁) (၅ ဒသမ ၅၇ မိုင်)၊ အမှတ်(၂) (၅ ဒသမ ၆၉မိုင်)နှင့် ၆၆/၁၁ ကေဗွီ၊ ၂×၁၀ အမ်ဗွီအေ ကျောက်ဖြူ (SEZ) ဓာတ်အားခွဲရုံအား ယခုနှစ် ဇူလိုင် ၂၇ ရက်တွင်လည်းကောင်း လုပ်ငန်းများပြီးစီးခဲ့၍ ဓာတ်အားပို့လွှတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးမှုကြောင့် ဖလမ်းဒေသကျေးရွာ ၁၀ ရွာ၊ အိမ်ထောင်စု ၆၇၀၊ မအီမြို့နယ်ဒေသအတွင်းရှိ အိမ်ထောင်စု ၅၉၀ နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်သို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း။

ဓာတ်အားဖြန့်ဖြူးရေးအနေဖြင့် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် ၁၁ ကေဗွီ လိုင်း ၁ မိုင်၊ ၄၀၀ ဗို့လိုင်း ၇ မိုင်၊ ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေခွဲရုံ ငါးရုံအားလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ယခုနှစ် မေ ၂၄ ရက်တွင် ပြီးစီးခဲ့ပါကြောင်း၊ အဆိုပါလုပ်ငန်းပြီးစီး၍ မော်ဟန်ကျေးရွာရှိ အိမ်ထောင်စု ၁၂၀၀ တွင် လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း။

**အိမ်ထောင်စုပေါင်း ၄၉၅၉**

ကယားပြည်နယ် ဒီမော့ဆိုးမြို့နယ်၊ ဖရူဆိုမြို့နယ်၊ ဘောလခဲမြို့နယ်၊ ဖားဆောင်းမြို့နယ်၊ မယ်စဲ့မြို့နယ်၊ လွိုင်ကော်မြို့နယ်၊ ရှားတောမြို့နယ်တို့တွင် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၇၇ ဒသမ ၆၉ မိုင်၊ ၄၀၀ ဗို့လိုင်း ၆၉ ဒသမ ၈ မိုင်၊ ၁၁/၀ ဒသမ ၄ ကေဗွီခွဲရုံ ၉၆ ရုံ တည်ဆောက်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ခဲ့ရာ ယခုနှစ် ဇွန် ၁၆ ရက်တွင် လုပ်ငန်းအားလုံးပြီးစီးပြီဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးမှုကြောင့် ကျေးရွာ ၉၅ ရွာ၊ အိမ်ထောင်စုပေါင်း ၄၉၅၉ စုတွင် လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်၊ ကမာရွတ်မြို့နယ်၊ လှည်းကူးမြို့နယ်၊ ထောက်ကြန့်မြို့နယ်၊ အလုံမြို့နယ်၊ ဒဂုံမြို့နယ်၊ မှော်ဘီမြို့နယ်၊ လှိုင်သာယာမြို့နယ်တို့တွင် ၃၃ ကေဗွီ ဓာတ်အားလိုင်း ၂ ဒသမ ၈ မိုင် တည်ဆောက်ခြင်း၊ ၁၁ ကေဗွီ ဓာတ်အားလိုင်းအသစ်များ တိုးချဲ့တည်ဆောက်ခြင်း၊ ၃၃/၁၁-၆ ဒသမ ၆ ကေဗွီ ထရန်စဖော်မာများအား စုစုပေါင်း ၇၅ အမ်ဗွီအေ အစားထိုး တိုးချဲ့တပ်ဆင်ခဲ့ခြင်း၊ ၁၁-၆ ဒသမ ၆/၀ ဒသမ ၄ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ ၁၅၀ တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ခဲ့ရာ ယခုနှစ် ဇူလိုင် ၁၉ ရက်တွင် လုပ်ငန်းများပြီးစီးခဲ့ပါကြောင်း၊ အဆိုပါလုပ်ငန်းများ ပြီးစီးခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားပျောက်ဆုံးမှုလျှော့ချနိုင်ခြင်းအပြင် ဗို့အားပြည့်ဝတည်ငြိမ်စွာဖြင့် လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း။

**စွမ်းအင်ကဏ္ဍ**

စွမ်းအင်ကဏ္ဍတွင် နိုင်ငံတော်အတွင်း ထင်း၊ မီးသွေးနှင့် အခြားလောင်စာသုံးစွဲမှု လျှော့ချနိုင်ရေးအတွက် ရေနံဓာတ်ငွေ့ရည် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးရောင်းချပေးနိုင်ရန် လိုင်စင်နှစ်မျိုးဖြစ်သော ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည်အိုးများကို သိုလှောင်ရုံဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း (ဃ-လိုင်စင်)နှင့် ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည်အိုးများကို တိုက်ခန်း၊ ဆိုင်ခန်းများဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း (င-လိုင်စင်)တို့ကို ထုတ်ပေးနိုင်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း၊ ယာယီလိုင်စင် (ဃ) ၁၉၉ ဆိုင်နှင့် ယာယီလိုင်စင်(င) ၄၆၄ ဆိုင် စုစုပေါင်း ယာယီလိုင်စင် ၆၆၃ ဆိုင်ထုတ်ပေးပြီးဖြစ်ပါကြောင်း။

လေယာဉ်ဆီဌာနခွဲ ၁၁ ခုဖြစ်သည့် နေပြည်တော်၊ တံတားဦး၊ မြစ်ကြီးနား၊ ဟဲဟိုး၊ တာချီလိတ်၊ ကော့သောင်း၊ မြိတ်၊ ထားဝယ်၊ စစ်တွေ၊ မော်လမြိုင်နှင့် ကျောက်ဖြူလေဆိပ်တို့တွင် လေယာဉ်ဆီဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးစီးခဲ့ပါကြောင်း၊ အဆိုပါလုပ်ငန်းဆောင်ရွက်ခြင်းကြောင့် ပြည်ပကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် လေယာဉ်ဆီဖြည့်တင်းသည့် လုပ်ငန်းများကို International Standard အတိုင်း ဖြန့်ဖြူးဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များမှ လက်လီရောင်းဈေးနှုန်းများအား ပြည်သူလူထုအတွက် ထိုက်သင့်သည့် ဈေးနှုန်း၊ သတ်မှတ်သည့် အရည်အသွေးနှင့် မှန်ကန်သော အခြင်အတွယ်ဖြစ်စေရေးတို့ကို မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း (MPTA) နှင့် ပူးပေါင်း၍ ဆောင်ရွက်နိုင်ခဲ့သဖြင့် အရေအတွက်မှန်ကန်ပြီး ဖြစ်သင့်ဖြစ်ထိုက်သော ဈေးနှုန်းဖြင့် ပြည်သူလူထုက ဝယ်ယူနိုင်ခဲ့သည့် အကျိုးကျေးဇူးများရရှိခဲ့ပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲမည့် ဘတ်စ်ကားများ အများနှင့်သက်ဆိုင်သောကုမ္ပဏီမှ City Bus (BRT) ယာဉ်အစီး ၆၀ အတွက် သဘာဝဓာတ်ငွေ့တပ်ဆင်သုံးစွဲခွင့်အား ခွင့်ပြုပေးနိုင်သည့်အတွက် အများပြည်သူများ အဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**နယ်စပ်ရေးရာ**

နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရဲနိုင်က ရေရရှိရေးလုပ်ငန်းများအား ဆောင်ရွက်ခဲ့ပြီး နိုင်ငံတစ်ဝန်းဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကြောင့် နယ်စပ်ဒေသရှိ ရေရှားပါးသည့် အိမ်ထောင်စု ၄၉၅၁ စု၊ လူဦးရေ ၉၅၆၄၂ ဦးကို အကျိုးပြုနိုင်ခဲ့ပါကြောင်း။

လုပ်ငန်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်း၍ ကွင်းဆင်းစိစစ်ခြင်းကိုလည်း ဆောင်ရွက်ခဲ့ပြီး ဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သည့် တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီမှု ရှိ၊ မရှိနှင့် အားနည်းချက်၊ အားသာချက်များကို ဒေသအလိုက် လုပ်ငန်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းပြီး ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပြီး ဖြစ်ပါကြောင်း။

သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် လမ်း၊ တံတားနှင့် အဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်းကို ဆောင်ရွက်ခဲ့ပြီး ၂၀၁၆ ခုနှစ်အတွင်း ရာသီဥတုဖောက်ပြန်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဌာနပိုင် လမ်း၊ တံတားနှင့် အဆောက်အအုံများ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ပါကြောင်း။

ရွှေ့ပြောင်းဒုက္ခသည် IDP များအား ပြန်လည်နေရာချထားရေးအတွက် တန်ဖိုးနည်းနေအိမ်များ ဆောက်လုပ်ပေးရာတွင် ရခိုင်ပြည်နယ် အပါအဝင် အခြားဒေသများရှိ ရွှေ့ပြောင်းဒုက္ခသည် IDP များကို ပြန်လည်နေရာချထားရေးအတွက် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များက စီမံတင်ပြတောင်းခံလာပါက နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ တန်ဖိုးနည်းနေအိမ်များ၊ လမ်း၊ တံတား၊ ရေရရှိရေး၊ စားနပ်ရိက္ခာဖူလုံရေးတို့ ဆောင်ရွက်သွားနိုင်ရေးအတွက် အသင့်ပြင် စီမံဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများသည် ရေရှည်အစီအမံဖြင့် ဆောင်ရွက်သွားရမည့် လုပ်ငန်းများ ဖြစ်ပါကြောင်း။

**လေ့လာရေးခရီးစဉ်**

နယ်စပ်ဒေသနေ တိုင်းရင်းသား၊ တိုင်းရင်းသူများအား လေ့လာရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ရာတွင် ပထမအကြိမ်အဖြစ် ဓနု၊ ပလောင်နှင့် ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများ စုစုပေါင်း ၇၀၊ ဒုတိယအကြိမ်အဖြစ် ကချင်၊ ကယား၊ မွန်နှင့် ရခိုင်တိုင်းရင်းသား၊ တိုင်းရင်းသူများ စုစုပေါင်း ၁၀၀ တို့ကို နေပြည်တော်သို့ ဖိတ်ခေါ်ပြီး ၄ ရက်ကြာ လေ့လာရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း။

ခေတ်မီမော်တာ အထည်ချုပ်စက်သင်တန်းများဖွင့်လှစ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရာတွင် အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများမှ အဆင့်မြင့် စက်ချုပ်သင်တန်းဆင်းပြီးသူ တိုင်းရင်းသူများအတွက် ရန်ကုန်မြို့တွင် ခေတ်မီမော်တာအထည်ချုပ်စက် သင်တန်းနှစ်ကြိမ်ဖွင့်လှစ်ခဲ့ပြီး သင်တန်းဆင်း သင်တန်းသူ စုစုပေါင်း ၂၀၂ ဦးအား အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းတို့နှင့် ညှိနှိုင်း၍ အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ကာ ရန်ကုန်မြို့ရှိ အထည်ချုပ်စက်ရုံ ခြောက်ခုတွင် ကျွမ်းကျင်ဝန်ထမ်းများအဖြစ် ခန့်အပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ အလားတူတိုင်းရင်းသားရိုးရာဝတ်စုံများ မတိမ်ကော မပပျောက်အောင်ရည်ရွယ်ပြီး ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် ရိုးရာဂျပ်ခုတ်သင်တန်းများ ဖွင့်လှစ်ပေးပြီး ယင်းသင်တန်းများမှ သင်တန်းသူများကိုလည်း ရန်ကုန်တွင် ဈေးကွက်တစ်ခု ဖန်တီးနိုင်ရန်အတွက် ဝန်ကြီးဌာနအနေဖြင့် ပြင်ဆင်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

**နိုင်ငံခြားရေး**

နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇေယျက နိုင်ငံခြားရေးဝန်ကြီးဌာန၏ ရက် ၁၀၀ တွင် အချို့လုပ်ငန်းများသည် လုပ်ငန်းရပ်အဖြစ်မဟုတ်ဘဲ လုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့သည် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်သည့်အခါ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး ၅ ရပ်ကို အခြေခံထားပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအားလုံးနှင့် ရင်းနှီးစွာဆက်ဆံပါကြောင်း၊ ကမ္ဘာ့နိုင်ငံများနှင့် ဆက်ဆံရေးသည် သံတမန်ဆက်သွယ်တည်ထောင်သည်နှင့် တည်ထောင်မှုမှ အစပြုကာ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဆက်လက်ဆောင်ရွက်သွားရပါကြောင်း။

မိမိတို့ နိုင်ငံခြားရေးဝန်ကြီးအနေဖြင့် အပိုင်း ရှစ်ပိုင်းဖြင့် ရက် ၁၀၀ ကာလ ဆောင်ရွက်ချက်များရှိပါကြောင်း၊ ၎င်းတို့မှာ ပြည်ပနိုင်ငံများရှိ နိုင်ငံသားများ၏ အကျိုးစီးပွားကို စောင့်ရှောက်ခြင်း လုပ်ငန်းများဖြစ်ပါကြောင်း၊ ထိုသို့ ပြည်ပနိုင်ငံများရှိ နိုင်ငံများကို အကျိုးစီးပွား ကာကွယ်စောင့်ရှောက်ခြင်းမှာ သံတမန်များသည် ပြည်ပနိုင်ငံများရှိ မိမိနိုင်ငံသားများကို ကာကွယ်စောင့်ရှောက်ရမည်ဟူသည့် ဗီယင်နာကွန်ဗင်းရှင်းပါအတိုင်း ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ယခင်ကတည်းကပင် မိမိနိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ခဲ့သလို လက်ရှိတွင်လည်း ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအစိုးရလက်ထက်တွင် ပိုမိုပီပြင်စွာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ပနိုင်ငံတွင် ရောက်ရှိနေသည့် ကောင်စစ်ဝန်ရုံး၊ သံရုံး စုစုပေါင်း ၄၀ ကျော်ရှိပါကြောင်း၊ အဆိုပါရုံးများတွင် မိမိနိုင်ငံသားများကို ကာကွယ်စောင့်ရှောက်ရမည်ဟူသည့် Instruction Guideline ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ပကို အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေပြီး မိမိနိုင်ငံသို့ ပြန်လာကာ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ ပြည်ပရောက်နိုင်ငံသားများ ပြန်လာနိုင်စေရန် ဖြေလျှော့မှုများစွာ ဆောင်ရွက်ခဲ့ပါကြောင်း။

**အမည်မည်းစာရင်း**

ထို့ပြင် အမည်မည်းစာရင်း (Black List) သတ်မှတ်ခြင်းခံရသူများကို ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။ အမည်မည်းစာရင်းသတ်မှတ်ခံရပါက ဆယ်နှစ်ကာလ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်ခွင့်ရရှိမည်မဟုတ်သော်လည်း ယခုအစိုးရလက်ထက်တွင် အကြောင်းအမျိုးမျိုးကြောင့် အမည်မည်းစာရင်း သတ်မှတ်ခြင်းခံရသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းကာ ဖယ်ရှားခဲ့ပါကြောင်း။

မိမိတို့ နိုင်ငံသို့ ရောက်ရှိနေသည့် သံတမန်များ၊ နိုင်ငံတကာအေဂျင်စီများ၏ ဝန်ထမ်းများသည် မိမိတို့နိုင်ငံတွင်း ခရီးသွားလာသည့်အခါ ကန့်သတ်မှုများ ယခင်ကရှိခဲ့သော်လည်း ယခုအခါ ဖြေလျှော့မှုများကို စီစဉ်ပေးခဲ့ပါကြောင်း။

သံတမန်ဆက်သွယ်မှုအားဖြင့် အီသီယိုးပီးယားနိုင်ငံနှင့် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၂၈ ရက်တွင် သံတမန်ဆက်သွယ်မှု ၁၁၄ ခုမြောက် သံတမန်ဆက်သွယ်မှု နိုင်ငံအဖြစ်တည်ထောင်ခဲ့ပါကြောင်း၊ ဆက်လက်၍လည်း သံတမန်ဆက်သွယ်ရေးကို တိုးချဲ့ရန် ပြင်ဆင်ထားပါကြောင်း၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ခန့်ထားမှုကိုလည်း တိုးမြှင့်သွားမည်ဖြစ်ပါကြောင်း။

သိသာမြင်သာသည့် ရလဒ်တစ်ခုအဖြစ် ယခုအစိုးရသစ်လက်ထက်တွင် နိုင်ငံ့ခေါင်းဆောင်များ လာရောက်လည်ပတ်မှုများ ရှိခဲ့ပါကြောင်း၊ အာဆီယံဓလေ့ထုံးစံအရ အာဆီယံအဖွဲ့ဝင် အခြား ကိုးနိုင်ငံသို့ မိမိတို့ ခေါင်းဆောင်များ သွားရောက်ရန် တင်ပြထားပါကြောင်း၊ အလားတူ အိမ်နီးချင်းနိုင်ငံများ၏ ဆက်ဆံရေးအလေးထားသည့်အနေဖြင့် အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်ရန်လည်း တင်ပြထားပါကြောင်း၊ မွန်ဂိုလီးယားနိုင်ငံတွင် ကျင်းပခဲ့သည့် အေဆမ်အစည်းအဝေးတွင် မိမိတို့ မြန်မာနိုင်ငံသည် သာမန်အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ်သာမဟုတ်ဘဲ Coordinator အဖြစ် ဆောင်ရွက်ခဲ့သည်မှာ နှစ်နှစ်ရှိခဲ့ပြီဖြစ်ပါကြောင်း၊ ရလဒ်အဖြစ် လာမည့်နှစ်တွင် မြန်မာနိုင်ငံတွင် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် လာအိုသမ္မတခရီးစဉ်တွင် မြန်မာ-လာအို ချစ်ကြည်ရေးတံတားအတွက် စီမံခန့်ခွဲမှုဆိုင်ရာ သဘော တူညီမှုကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း။

**ဆက်လက်ဆောင်ရွက်သွားမည်**

မြန်မာ-လာအို ချစ်ကြည်ရေးတံတားကို ၂၀၁၅ ခုနှစ် မေလက ဖွင့်လှစ်ခဲ့သော်လည်း စီမံခန့်ခွဲမှုဆိုင်ရာ သဘောတူညီမှုကို ယခုမှသာ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် ရလဒ်ကောင်းတစ်ခုအဖြစ် မြန်မာ-စင်ကာပူအကြား နှစ်နိုင်ငံ ပြည်သူများသည် Visa မလိုအပ်ဘဲ သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သည့် ပြည်သူများအနေဖြင့် လာမည့်ဒီဇင်ဘာ ၁ ရက်တွင် သွားရောက်နိုင်ပြီဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံခြားရေးဝန်ကြီးဌာနသည် Activity အဖြစ်မဟုတ်ဘဲ Process လုပ်ငန်းစဉ်များအဖြစ် ပြည်သူများ၏ အကျိုးစီးပွားအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထိန်လွင်က ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် စက်မှုဇုန်များတွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိစေရေးနှင့် လျှပ်စစ်ဓာတ်အား လုံလောက်စွာ ရရှိရေးအတွက် ဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားရာတွင် ရန်ကုန်နှင့် မန္တလေးမြို့ တို့သည် လျှပ်စစ်ဓာတ်အားသုံးစွဲမှုအများဆုံး မြို့ကြီးများဖြစ်ပါကြောင်း၊ ရန်ကုန်မြို့သည် တစ်နိုင်ငံလုံး၏ လျှပ်စစ်ဓာတ်အား တစ်ဝက်နီးပါး သုံးစွဲပါကြောင်း၊ မန္တလေးသည် လေးပုံတစ်ပုံနီးပါး သုံးစွဲနေသည့်အတွက် မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားဟုပြောလျှင် ယင်းမြို့နှစ်မြို့ကို အဓိကထားပြီး ပြောရမည်ဖြစ်ပါကြောင်း။

အိမ်ထောင်စုပေါင်း ၁၀ ဒသမ ၈ သန်းရှိသည့်အနက် မီးပေးနိုင်သည်မှာ ၃ ဒသမ ၈ သန်းသာ ရှိသေးသည့်အတွက် နယ်စပ်ဒေသ၊ ဝေးလံသည့်ဒေသများကို ဖြန့်ဖြူးရန် အများကြီးကျန်ရှိနေပါသေးကြောင်း။

မိမိတို့အနေဖြင့် တစ်တိုင်းပြည်လုံး လျှပ်စစ်ဓာတ်အားရရှိစေရေးဆိုသည့် ရည်ရွယ်ချက်ထားရှိပြီး ဆောင်ရွက်နေပါကြောင်း၊ ရန်ကုန်နှင့် မန္တလေး မီးမပျက်အောင် ဘယ်လိုဆောင်ရွက်ထားသလဲဆိုလျှင် လျှပ်စစ်ကဏ္ဍအနေဖြင့် အဓိကလုပ်ငန်းကြီးသုံးခုရှိပါကြောင်း၊ **စာမျက်နှာ ၇ သို့** ✪

❖ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် သယံဇာတကိုထုတ်သုံးပြီး ပြည်သူလူထုကို ဝန်ဆောင်မှုပေးရသည့် ဌာနကြီးဖြစ်၊ သဘာဝ သယံဇာတကို ထုတ်သုံးရပြီဆိုလျှင် အကျိုးဆက်ကရှိစမြဲ။

❖ အဓိကဖြစ်သည့် ရေ၊ သယံဇာတကို မလွဲမသွေ အသုံးပြုရမည်သာဖြစ်၊ သုံးသည့်အခါ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံး ဖြစ်အောင် ဒီဇိုင်းလုပ်ပြီး သေချာလေ့လာကာ ဆောင်ရွက်မည်ဖြစ်၍ ပြည်သူများလက်ခံပါက တိုင်းပြည်၏ရှေ့ရေးမှာ လျှပ်စစ် ဓာတ်အားကို လုံလုံလောက်လောက် အသုံးပြုနိုင်မည်။

❂ စာမျက်နှာ ၆ မှ

generation ပိုင်းတွင် ယမန်နှစ်နွေက တစ်တိုင်းပြည်လုံးသုံးစွဲသည့် လျှပ်စစ် ဓာတ်အားမှာ မဂ္ဂါဝပ် ၂၇၀၀ ကျော် ရှိပါကြောင်း၊ ထိုအချိန်တွင် ဌာနအနေဖြင့် ထုတ်ပေးနိုင်သည်မှာ မဂ္ဂါဝပ် ၂၈၀၀ ခန့်သာရှိပါကြောင်း၊ ပြည်သူ့လိုအပ်ချက်ကို မီရုံလေးသာ ထုတ်လုပ်နိုင် သေးပါကြောင်း၊ အခက်အခဲမှာ မြို့ကြီးများတွင် သွယ်တန်းထားသည့် ဖြန့်ဖြူးရေးလိုင်းများမှာ နှစ်ကာလအတော်ကြာနေပြီဖြစ်ပြီး မြေအောက်ဓာတ်အားလိုင်းများဆိုလျှင် အင်္ဂလိပ်လက်ထက်ကတည်းက အကောင်အထည်ဖော်သွားသည့် လိုင်းများဖြစ်သည့်အတွက် နှစ်ကြာလာသည် နှင့်အမျှ ခံနိုင်ရည်အားနည်းလာပါကြောင်း၊ ထိုအချိန်တွင် မီးအားကိုတအား ဆွဲသည့်အတွက် မနိုင်ဝန်ထမ်းသည့်အချိန်တွင် ချွတ်ယွင်းပျက်စီးမှုများရှိပါ ကြောင်း၊ ထို့အတူ မြို့သစ်များ ဖြစ်သည့် တောင်ဒဂုံ၊ အရှေ့ဒဂုံ၊ မြောက်ဒဂုံ မြို့သစ်များကို အကောင်အထည်ဖော်ခဲ့ရာ အမြန်ဆုံးမီးလင်းမှုကို ဆောင်ရွက် ပေးခဲ့ရသည့်အတွက် သာမန်အားဖြင့် ကြေးကြိုးများသုံးရမည့်အစား ဒန်ကြိုး၊ အလူမီနီယံကြိုးများဖြင့် အစားထိုးဆောင်ရွက်ခဲ့ရ၍ အားနည်းချက်များ ရှိခဲ့ပါကြောင်း။

ဖြန့်ဖြူးမှုအပိုင်းတွင် ရန်ကုန်မြို့တွင် လိုအပ်ချက်များကို လုပ်ဆောင်နေ သော်လည်း ၁၀၀ ရာခိုင်နှုန်းလုံး မလုပ်နိုင်သေးပါကြောင်း၊ ရက် ၁၀၀ စီမံကိန်းတွင် ပါရှိသည့် ထရန်စဖော်မာများ ထိုင်ခြင်း၊ ကြိုးများ လဲလှယ်တပ် ဆင်ခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ခဲ့သော်လည်း ရန်ကုန်မြို့၏ လူဦးရေ တိုးတက်နှုန်းမှာ အလွန်များပြားပါကြောင်း၊ လိုအပ်ချက်များကို ချက်ချင်းဖြည့် ဆည်းနိုင်ရန် ကန့်သတ်ချက်ရှိပါကြောင်း။

**လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး**

နိုင်ငံတိုင်း၌ လျှပ်စစ်ဓာတ်အားကို ရေအား၊ ကျောက်မီးသွေး၊ ဂတ်စ်တို့မှ အဓိကထား ထုတ်လုပ်ပါကြောင်း၊ ထို့အပြင် တိုးတက်သည့်နိုင်ငံများတွင် နေ စွမ်းအင်၊ လေစွမ်းအင်တို့ကို အသုံးပြု၍ ထုတ်လုပ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အား ကို နည်းမျိုးစုံဖြင့် ထုတ်ယူအသုံးပြုနေချိန်တွင် မိမိတို့နိုင်ငံအနေဖြင့် အဓိက အားထားရသည်မှာ ရေအား၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးတို့မှ ထုတ်လုပ်နိုင်ရန် လျာထားခဲ့ပါကြောင်း။

သို့ရာတွင် ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် ပြည်သူ လူထုက လက်ခံနိုင်ခြင်းမရှိသေးပါကြောင်း၊ ကျောက်မီးသွေးဖြင့် ထုတ်လုပ်မည် ဆိုသည်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မည်ဆိုပြီး ပြည်သူများက ကန့်ကွက် ကြပါကြောင်း၊ ပြည်သူများ၏ကန့်ကွက်ချက်ကို အလေးထားပြီး ကျောက်မီးသွေး ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မည့် အစီအစဉ်များ ရပ်ဆိုင်းသွားသဖြင့် မျှော်မှန်းထားသလောက် ဓာတ်အားမထုတ်လုပ်နိုင်ပါကြောင်း၊ သဘာဝ ဓာတ်ငွေ့ကလည်း မသုံးသေးသည့်နေရာမှ ယာယီယူသုံးသည်မှလွဲ၍ လောလောဆယ်ဘယ်ကမှ ရစရာမရှိပါကြောင်း။

ယင်းကန့်သတ်ချက်များကြောင့် အခက်အခဲရှိ၍ ရေအားကို အားကိုး ရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ရေအားအရင်းအမြစ် များစွာရှိပါကြောင်း၊ တိုင်းပြည်သုံးစွဲနိုင်သည်ထက် ပိုမိုသည့်အတိုင်းအတာအထိ ထုတ်၍ရပါ ကြောင်း၊ အထူးသဖြင့် ဧရာဝတီ၊ သံလွင်၊ ချင်းတွင်းမြစ်တို့ကို အခြေခံပြီး ရေအားလျှပ်စစ်ကို ထုတ်လုပ်နိုင်ပါကြောင်း၊ သို့ရာတွင် ပတ်ဝန်းကျင်ထိခိုက် မည်ဟုဆိုသဖြင့် စီမံကိန်းများ နှောင့်နှေးနေရပါကြောင်း။

**ပြည်သူ့လိုအပ်ချက်ကို ဖြည့်ဆည်းရန်**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် သယံဇာတကို ထုတ်သုံးပြီး ပြည်သူ လူထုကို ဝန်ဆောင်မှုပေးရသည့်ဌာနကြီးဖြစ်ပါကြောင်း၊ သဘာဝသယံဇာတကို ထုတ်သုံးရပြီဆိုလျှင် အကျိုးဆက်ကရှိစမြဲ ထုံးစံဖြစ်ပါကြောင်း၊ ယင်းမှာ ရှောင်လွှဲ၍ မရပါကြောင်း။

မိမိတို့က ပြည်သူ့ဝန်ထမ်းဖြစ်သည့်အတွက် ပြည်သူ့လိုအပ်ချက်ကို ဖြည့်ဆည်းရန် တာဝန်ရှိပါကြောင်း၊ အဓိကဖြစ်သည့် ရေ၊ သယံဇာတကို မလွဲမသွေ အသုံးပြုရမည်သာဖြစ်ပါကြောင်း၊ သုံးသည့်အခါ သဘာဝပတ်ဝန်း ကျင် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ဒီဇိုင်းလုပ်ပြီး သေချာလေ့လာကာ ဆောင်ရွက်မည်ဖြစ်၍ ပြည်သူများလက်ခံပါက တိုင်းပြည်၏ ရှေ့ရေးမှာ လျှပ်စစ်ဓာတ်အားကို လုံလုံလောက်လောက် အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း။

ယမန်နှစ် နွေရာသီက တစ်နိုင်ငံလုံးလျှပ်စစ်သုံးစွဲမှုအနေဖြင့် မဂ္ဂါဝပ် ၂၇၀၀ ရှိပြီး လာမည့်နှစ်တွင် မဂ္ဂါဝပ် ၂၉၀၀ ကျော် ၃၀၀၀ နီးပါးသုံးမည်မှာ သေချာပါကြောင်း၊ မိမိတို့က လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် နိုင်ငံတကာကို တင်ဒါခေါ်ထားပါကြောင်း၊ လာမည့်နွေရာသီအမီဆောင်ရွက်နိုင်ရန် ရည်ရွယ် ပါကြောင်း၊ LNG ကို ယာယီအားဖြင့် တင်သွင်းပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု အပိုင်းကို အဓိကထား ဆောင်ရွက်ရန်၊ စွမ်းအင်ချွေတာရေး၊ လောင်စာချွေတာ ရေးအတွက်လည်း LNG တင်သွင်းရန် ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းပြီး စီစဉ် ဆောင်ရွက်နေပါကြောင်း။

**ပတ်ဝန်းကျင် ထိခိုက်မှုနည်းအောင် စီမံဆောင်ရွက်မည်**

ရေရှည်အတွက်လည်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်နေသည်များ ရှိပါကြောင်း၊ ရေအားကိုလည်း ပြည်သူများက ဆောင်ရွက်ခွင့်ပေးမှသာ တစ်နိုင်ငံလုံး လျှပ်စစ်မီးရမည်ဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင်ထိခိုက်မှု၊ လူမှုရေးထိခိုက်မှုများကို စိစစ်ပြီး အနည်းဆုံးဖြစ်အောင် မိမိတို့က စီမံဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လျှပ်စစ်ဓာတ်အားလုံလောက်အောင် ထုတ်လုပ်နိုင်ပြီဆိုလျှင် Transmission လိုင်းများ လိုအပ်ပါကြောင်း၊ ရေအားမှာ မြန်မာနိုင်ငံ မြောက်ဖျားပိုင်းတွင် အဓိကရှိပါကြောင်း၊ အဓိကသုံးသည်မှာ ရန်ကုန်ဖြစ်ပါကြောင်း၊ ရန်ကုန်အထိ ကို Transmission လိုင်းဆွဲရမည် ဖြစ်ပါကြောင်း၊ ယခု ၅၀၀ ကေဗွီ Transmission လိုင်းကို ချေးငွေဖြင့် စတင်ဆောင်ရွက်နေပြီဖြစ်ပြီး မြောက်ပိုင်း မှရမည့်ဓာတ်အားကို အပြည့်အဝသုံးစွဲနိုင်ရန် ဆောင်ရွက်နေပါကြောင်း၊ လျှပ်စစ်မီးမရသေးသည့် ရှမ်းပြည်နယ်အရှေ့ပိုင်းကို ဓာတ်အားလိုင်းများ တည်ဆောက်နေပြီ ဖြစ်ပါကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးတစ်ခုသာ ကျန်ရှိနေပါသေးကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးရှိ ပြည်သူလူထုသည် လျှပ်စစ်ဓာတ်အားကို ဈေးကြီးကြီးဖြင့် ဝယ်သုံးနေရပါကြောင်း၊ ထို့ကြောင့် မော်လမြိုင်-ရေး-ထားဝယ် ဓာတ်အားလိုင်းကို ဆောင်ရွက်နေပါကြောင်း။

ဖြန့်ဖြူးမှုအပိုင်းတွင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ကျေးရွာအထိ ဓာတ်အား ရောက်ရှိရေးကို ဆောင်ရွက်နေပါကြောင်း၊ လာမည့်ငါးနှစ်အတွင်း အိမ်ထောင်စု ၁ ဒသမ ၇ သန်းကို မီးပေးနိုင်အောင် ဆောင်ရွက်နေပါကြောင်း၊ လျှပ်စစ်ကို ပြည်သူလူထု သုံးစွဲနိုင်အောင် ထုတ်လုပ်မှု၊ ပို့လွှတ်မှု၊ ဖြန့်ဖြူးမှုအပိုင်းများကို အထူးကြိုးစားဆောင်ရွက်နေပါကြောင်း ရှင်းလင်းဖြေကြားသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရဲနိုင်က ရွှေ့ပြောင်း ဒုက္ခသည်များအား ပြန်လည်နေရာချထားရေးနှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်း ဖြေကြားရာတွင် ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်တို့တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များက တင်ပြလာလျှင် ပူးပေါင်းဆောင်ရွက်ရန် စီစဉ်ထားပါကြောင်း၊ ကရင်ပြည်နယ်သို့ ပြန်လာ ချင်သည့် တိုင်းရင်းသားများနှင့် ပတ်သက်၍ ၁၉၆ ဦးကို လက်ရှိတွင် မိမိတို့ အနေဖြင့် လက်ခံမည်ဆိုလျှင် လက်ခံနိုင်သည့် အနေအထားရှိပါကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့လည်း တင်ပြထားပါကြောင်း၊ ပြန်လည် ရောက်ရှိလာလျှင် ၎င်းတို့နေထိုင်လိုသည့် ဒေသများကို ပထမဦးစားပေးပြီး ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ အကယ်၍ ၎င်းတို့အနေဖြင့် ရွေးချယ်ထား ခြင်းမရှိသေးပါက ကရင်ပြည်နယ် မြဝတီမြို့အနီးရှိ မြို့သစ်တစ်ခုတွင် နေရာ ချထားပေးရန် အကြမ်းဖျင်းလျာထားပါကြောင်း။

မိမိတို့ဆောက်ပေးမည့် တန်ဖိုးသင့်အိမ်ရာမှာ အကြမ်းဖျင်း ကျပ်သိန်း ၅၀ ခန့်သုံးစွဲပြီး ဆောက်ပေးခြင်းဖြစ်ပါကြောင်း၊ သို့သော် လူတိုင်းအတွက် ဆောက်ပေးနိုင်ခြင်းမရှိပါကြောင်း၊ ပြန်လာသည့် မိသားစုများအတွက်ကိုသာ ဆောက်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ အလားတူ ရွှေ့ပြောင်းဒုက္ခသည်များအနက် အိမ်ရာပိုင်ဆိုင်မှုမရှိသည့် သူများကိုသာ နေအိမ်များဆောက်လုပ်ပေးသွား မည်ဖြစ်ပါကြောင်း၊ ယင်းကို စိစစ်ရန် တာဝန်မှာ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့က စိစစ်ပေးပြီး မိမိတို့ဝန်ကြီးဌာနက ပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇေယျက နိုင်ငံ့အကြီးအကဲများ၏ နိုင်ငံခြားခရီးစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းဖြေကြားရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အစိုးရသစ်တက် လာသည့်အခါ လုပ်ရိုးလုပ်စဉ်အနေဖြင့် ပြည်ပနိုင်ငံခရီးစဉ်များနှင့်ပတ်သက် ပြီး အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများသို့ သွားလာလည်ပတ်နိုင်ရေးအတွက် တင်ပြပါကြောင်း၊ ၎င်းအပေါ် အခြေခံပြီး အချက်အလက်အားလုံးကို ဘက်စုံ စဉ်းစားပြီး ဆုံးဖြတ်ခြင်းဖြစ်ပါကြောင်း၊ ဆုံးဖြတ်သည့် process နှင့်ပတ်သက်၍ မှတ်ချက်ပေးနိုင်ခြင်းမရှိပါကြောင်း။

တရုတ်နိုင်ငံခရီးစဉ်တွင် မြစ်ဆုံကိစ္စဆွေးနွေးရန် ရှိ/မရှိနှင့် ပတ်သက်၍ ရှင်းလင်းဖြေကြားရာတွင် ပြည်သူ့အကျိုးကို အတတ်နိုင်ဆုံး ဆောင်ရွက်နေပါ ကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ တရုတ်ပြည်ခရီးစဉ်တွင် တရုတ် ဘက်မှ မြစ်ဆုံကိစ္စနှင့်ပတ်သက်ပြီး ဆွေးနွေးနိုင်ပါကြောင်း၊ မိမိတို့က ပြန်လည် ဆွေးနွေးနိုင်ရန် ဘက်စုံထောင့်စုံမှ အကောင်းဆုံး ပြင်ဆင်သွားမည်ဖြစ်ပါ ကြောင်း။

**နယ်နိမိတ်တိုင်းတာရေး**

နယ်နိမိတ်တိုင်းတာရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားရာတွင် တရုတ်-မြန်မာနယ်နိမိတ်မှာ မိုင်ပေါင်း ၁၃၇၀ ထိစပ်နေပါကြောင်း၊ ယင်းကိုတိုင်းတာ ပြီး ကုလသမဂ္ဂတွင် မှတ်ပုံတင်ပြီးဖြစ်ပါကြောင်း၊ လာအိုနိုင်ငံနှင့် ၁၄၇ မိုင် တိုင်းထွာပြီးဖြစ်ပါကြောင်း၊ အိန္ဒိယ-မြန်မာ ၉၁၂ မိုင်အနက် ကဘော်ချိုင့်ဝှမ်း ဒေသမှလွဲ၍ ကျန်နေရာများ တိုင်းထွာပြီးဖြစ်ပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်-မြန်မာ ၁၆၈ မိုင်တိုင်းထွာပြီးဖြစ်ပါကြောင်း၊ ထိုင်းနှင့် မြန်မာမှာ မိုင်ပေါင်း ၁၃၁၀ ထိစပ်နေပြီး လက်ရှိတွင် လွတ်လပ်ရေးရပြီးချိန်နောက်ပိုင်း ၃၆ မိုင်သာ တိုင်းထွာပြီးစီးသေးပါကြောင်း။

နိုင်ငံသားများ ပြည်တော်ပြန်သည့်ကိစ္စနှင့် ပတ်သက်၍ အဆင်ပြေအောင် ဆောင်ရွက်ပေးနေပါကြောင်း၊ ကိုယ့်နိုင်ငံအပေါ် မည်ကဲ့သို့အကျိုးပြန်ပြုမည် ဆိုသည့်အပေါ်တွင်မူတည်ပြီး ဖြေလျှော့ပေးနေပါကြောင်း ရှင်းလင်းဖြေကြား ခဲ့သည်။

## မြစိမ်းရောင်စီမံကိန်းကျေးရွာသို့ ရန်ပုံငွေပေးအပ်

**သံဖြူဇရပ် ဩဂုတ် ၁၂**

မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာသုံးရွာအား ရန်ပုံငွေပေးအပ်ပွဲကို သံဖြူဇရပ်မြို့နယ် မွေးမြူရေးနှင့်ကုသ ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၆ ရက်က ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမိုးဇော်လင်းက အမှာစကားပြောကြားပြီး ရွာသာအေးကျေးရွာ၊ စခမ်းကြီး(အပြင်စခမ်း)ကျေးရွာနှင့် အနမ်းစမ်းကျေးရွာ ကျေးရွာသုံးရွာအား တစ်ရွာလျှင် ရန်ပုံငွေကျပ်သိန်း ၃၀၀ ပေးအပ်ခဲ့ပြီး ငွေစာရင်းထိန်းသိမ်း နည်းသင်တန်းအား ပို့ချပေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

## ဗိုလ်ချုပ်ပြတိုက်(ရန်ကုန်) ဝင်ကြေးအခမဲ့ လေ့လာခွင့်ပြုမည်

**နေပြည်တော် ဩဂုတ် ၁၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ကွင်းဆင်းသုတေသနပြုခြင်း၊ တူးဖော်ခြင်း၊ ထိန်းသိမ်းခြင်း၊ ကမ္ဘာ့အမွေအနှစ်နှင့် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် စာရင်းဝင်ရောက်ရေး UNESCO နှင့် ချိတ်ဆက် ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်သူများနှင့် ပြင်ပလေ့လာသူများအား ရှည်ကြာလာခဲ့သည့် ယဉ်ကျေးမှုအမွေအနှစ်များအပေါ် စိတ်ဝင်စားကာ လေးစားမြတ်နိုးလာစေရန်ရည်ရွယ်ကာ ပြတိုက်များဖွင့်လှစ် ပြသလျက်ရှိသည်။ ယခုလက်ရှိတွင် အမျိုးသားပြတိုက်နှစ်ခု၊ ရှေးဟောင်း သုတေသနပြတိုက် ၁၀ ခု၊ ယဉ်ကျေးမှုပြတိုက် ၁၅ ခု၊ ဗုဒ္ဓပြတိုက် သုံးခု၊ အထိမ်းအမှတ်ပြတိုက် သုံးခုတို့ကို ဖွင့်လှစ်ပြသလျက်ရှိသည်။ ၎င်းတို့ထဲမှ ရှေးဟောင်းသုတေသနပြတိုက် ကိုးခုနှင့် ဗုဒ္ဓပြတိုက်များအား ပြည်တွင်း ဝင်ရောက်ကြည့်ရှုလေ့လာသူများအတွက် ၂၀၁၇ ခုနှစ် မတ် ၃၁ ရက်အထိ ဝင်ကြေးကင်းလွတ်ခွင့်ပြုခဲ့သည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဖခင်ဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်း နေထိုင် ခဲ့သည့် ဗိုလ်ချုပ်နေအိမ်ပြတိုက် (နတ်မောက်)ကိုသာ ယခင်က ပြတိုက်ဖွင့်ရက် များတွင် အခမဲ့လေ့လာကြည့်ရှုခွင့်ပြုခဲ့ပြီး အာဇာနည်နေ့တွင် ဗိုလ်ချုပ် ပြတိုက်(နတ်မောက်)အပြင် ဗိုလ်ချုပ်ပြတိုက်(ရန်ကုန်)တို့တွင်ပါ အခမဲ့ ဖွင့်လှစ်ပြသခြင်းများဖြင့် ပြည်သူတို့အပေါ် ဝန်ဆောင်မှုဆောင်ရွက်ပေးခဲ့သည်။ ယခုအချိန်တွင် ဗိုလ်ချုပ်ပြတိုက်(ရန်ကုန်)အား မိမိတို့နိုင်ငံသူ နိုင်ငံသားများ အနေဖြင့် အာဇာနည်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံအတွက် ကြိုးပမ်းအားထုတ်ခဲ့သည့်ဖြစ်စဉ်နှင့် ပုံရိပ်များကို ပိုမို၍ စိတ်ဝင်စားလေ့လာ နိုင်စေရန် ပြည်တွင်းဝင်ရောက်ကြည့်ရှုလေ့လာသူများအား ၂၀၁၇ ခုနှစ် မတ် ၃၁ ရက်အထိ အခမဲ့ဝင်ရောက်လေ့လာခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

## ကျိုက်ထိုမြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေး

**ကျိုက်ထို ဩဂုတ် ၁၂**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနနှင့် NRC အဖွဲ့တို့ပူးပေါင်း၍ မြို့နယ်အတွင်းရှိ ကျောင်း ၁၄ ကျောင်း မှ အသက်(၁၀)နှစ်အထက် ကျောင်းသား ကျောင်းသူ ၈၁၃ ဦးအား နိုင်ငံသား စိစစ်ရေးကတ်ပြားများကို ရက် ၁၀၀ အတွင်း အခမဲ့ကွင်းဆင်းပြုလုပ်ပေးခဲ့ ကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများ ဝင်ခွင့်စာမေးပွဲများဖြေဆိုရာတွင် အထောက်အကူပြုစေလိုခြင်း၊ ခရီးသွားလာရာတွင် အဆင်ပြေလွယ်ကူစေခြင်း စသည့်ရည်ရွယ်ချက်ဖြင့် ပြုလုပ်ပေးရခြင်းဖြစ်ပြီး ကျောင်းသား ကျောင်းသူ များအနေဖြင့် မပျောက်ပျက်အောင် တန်ဖိုးထားကိုင်တွယ်စေလိုကြောင်း တို့ကို မွန်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးရိုန်ဝင်းက အသိပညာပေး မှာကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး


ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပုသိမ်မြို့ အမှတ် ၂ ရပ်ကွက် ပုဂံကျောင်း ရေဘေးကယ်ဆယ်ရေးစခန်းတွင် ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစဉ်။ (သတင်းစဉ်)

## ❒ ကယ်ဆယ်ရေးပစ္စည်းများမှ

အုပ်ချုပ်ရေးအဖွဲ့၊ ပြည်သူလူထုနှင့် တပ်မတော်သားများပူးပေါင်းကာ ပြင်ဆင်ဆောင်ရွက်ထားမှုနှင့် တာတမံများခိုင်ခံ့ရန် ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ဧရာဝတီမြစ်ရေဘေးကာကွယ်ရေးနှင့် ရေငန်တားတာတမံများ ခိုင်ခံ့မှုအားကောင်းရန် ဆောင်ရွက်ရမည့် အစီအမံများကို ဖြည့်စွက်တင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ထိရောက်မြန်ဆန်စေရန် အထက်မြန်မာပြည်၊ အောက်မြန်မာပြည် နှစ်ပိုင်းခွဲ၍ ဆောင်ရွက်နေမှု၊ ရေဘေးသင့်ပြည်သူများအား ရေကျသည်အထိ ရိက္ခာထောက်ပံ့ပေးနိုင်ရေး၊ ထောက်ပံ့ငွေများနှင့်ပစ္စည်းများကို ရေဘေးသင့်ပြည်သူများထံ တိုက်ရိုက်ရောက်ရှိရေးနှင့် ပူးပေါင်းဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမန်းဂျော်နီက ကယ်ဆယ်ရေးပစ္စည်းများ ရေဘေးသင့်ပြည်သူများထံ အချိန်မီရောက်ရှိရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ဖြည့်စွက်တင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက ကယ်ဆယ်ရေးပစ္စည်းများ ရေဘေးသင့်ပြည်သူများထံ အချိန်မီရောက်ရှိမှသာ အကျိုးသက်ရောက်မှုရှိမည်ဖြစ်ကြောင်း၊ ကယ်ဆယ်ရေးပစ္စည်းများကို ရေဘေးသင့်ပြည်သူများထံ အမြန်ဆုံးရောက်ရှိရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က အထူးကြပ်မတ်ဆောင်ရွက်သွားရန်နှင့် ရေဘေးကာကွယ်ရေးအတွက် တာတမံများအား ဦးစားပေးအဆင့်အလိုက်သတ်မှတ်ပြီး ပြုပြင်ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ မော်တော်ယာဉ်များဖြင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်နေသည့် သာပေါင်းမြို့သို့သွားရောက်ပြီး သာပေါင်းမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့သည့် ဆန်အိတ် ၂၀၀၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့သည့် ဗလာစာအုပ်ဒါဇင် ၄၀၀၀၊ ဆေးနှင့်ဆေးပစ္စည်းများ အပါအဝင် ငွေကျပ် ၇၅ သိန်းတန်ဖိုးရှိ စားသောက်ကုန်များနှင့် ဝေဠုကျော်ဖောင်ဒေးရှင်းက လှူဒါန်းသည့် ဆန်အိတ် ၁၀၀၊ ဆီပိဿာ ၁၀၀နှင့် ရေသန့်ကတ် ၁၀၀ တို့ကို ပေးအပ်သည်။

ထို့နောက် ပုသိမ်မြို့ တာဝတိံသာဘုရားဝင်းအတွင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး ရေဘေးသင့်ပြည်သူများအား ဆန်အိတ် ၂၅၀၊ ဗလာစာအုပ် ဒါဇင် ၄၀၀၀၊ ဆေးနှင့်ဆေးပစ္စည်းများ အပါအဝင် ငွေကျပ် ၁၅၁ သိန်းတန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများကိုပေးအပ်၍ အားပေးစကားပြောကြားသည်။

ဆက်လက်၍ ပုသိမ်မြို့ အမှတ် (၂) ရပ်ကွက် ပုဂံကျောင်း ရေဘေးကယ်ဆယ်ရေးစခန်းတွင် ရေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးနှင့် နေထိုင်စားသောက်ရေး အခြေအနေများကိုမေးမြန်းပြီး ဆန်အိတ် ၂၅၀၊ ဗလာစာအုပ်ဒါဇင် ၄၀၀၀၊ ဆေးနှင့်ဆေးပစ္စည်းများ အပါအဝင် ငွေကျပ် ၁၇၆ သိန်းတန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ငဝန်မြစ်ရေတိုးမှုကြောင့် ပုသိမ်မြို့ကမ်းနားလမ်း ရေကြီးနေမှုအခြေအနေအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် ကန်ကြီးထောင့်မြို့နယ် မြို့နယ်အားကစားကွင်း၌ ရေဘေးသင့်ပြည်သူများအားတွေ့ဆုံ အားပေးစကားပြောကြားကာ ဆန်အိတ် ၂၅၀၊ ဗလာစာအုပ်ဒါဇင် ၄၀၀၀၊ ဆေးနှင့်ဆေးပစ္စည်းများအပါအဝင် ငွေကျပ် ၁၈၃ သိန်းကျော်တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများနှင့် Eleven Media Group က လှူဒါန်းသည့် ဆန်အိတ် ၅၀ တို့ကို ပေးအပ်သည်။

ယင်းနောက် ကန်ကြီးထောင့်မြို့ ကမ်းနားဈေး ရေနစ်မြုပ်မှုအခြေအနေနှင့် ကန်ကြီးထောင့်မြို့အတွင်း ဒါးကချောင်း တာပြုပြင်နေမှုအခြေအနေကိုလည်းကောင်း၊ ဒါးကရွာ ရေနစ်မြုပ်နေမှု အခြေအနေကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေဘေးကာကွယ်ရေးအတွက် လိုအပ်သည့် ပြုပြင်ဆောင်ရွက်မှုများကို အသေးစိတ် ကွင်းဆင်းစစ်ဆေးပြီး ဆောင်ရွက်ပေးရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် ကန်ကြီးထောင့်-ဒါးကလမ်း ရေကျော်နေမှုအား မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး လမ်းဘေးဝဲယာတစ်လျှောက် သဲအိတ်များကာရံနေကြသည့် တပ်မတော်သားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

**(သတင်းစဉ်)**

## ချောင်းရေဝင်ရောက်လာမှုကြောင့် စာသင်ကျောင်းများနေ့စဉ် ပိတ်ပေးနေရ



**ကျုံပျော် ဩဂုတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ဒါးကချောင်းရေများ ဝင်ရောက်လာမှုကြောင့် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုအချို့တွင် ရေများဝင်ရောက်လျက်ရှိပြီး၊ ဩဂုတ် ၈ ရက် မှစတင်၍ ဩဂုတ် ၁၁ ရက်အထိ စာသင်ကျောင်း ၁၃ ကျောင်းအား ခေတ္တပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ဆက်လက်၍ ချောင်းရေကျဆင်းမှုမရှိဘဲ ထပ်မံဝင်ရောက်လျက်ရှိသဖြင့် အန္တရာယ်ဖြစ်ပွားမှု မရှိစေရန် စာသင်ကျောင်းများထပ်မံပိတ်ပေးရနိုင်ကြောင်းနှင့် ရေဝင်ရောက်မှုအခြေအနေပေါ် မူတည်၍ ကလေးများ အန္တရာယ်ဖြစ်ပွားမှု မရှိစေရန် ကျောင်းဖွင့်ခြင်း၊ ပိတ်ခြင်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

## တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ ရေဘေးဖြစ်ပွားနေမှုအခြေအနေများနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ပေးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၂**

ဇူလိုင်လလယ်ခန့်မှ စတင်ဖြစ်ပွားလျက်ရှိသော ရေကြီးရေလျှံမှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ရှစ်ခုတွင် ပြည်သူများအား ဘေးလွတ်ကင်းရာနေရာများသို့ ယာယီပြောင်းရွှေ့နေရာချထားပေးမှုများရှိခဲ့ရာ ဩဂုတ် ၁၂ ရက်အထိ အိမ်ထောင်စုတစ်သိန်းကျော်မှ လူဦးရေလေးသိန်းသုံးသောင်းကျော်ကို ဘေးလွတ်ရာနေရာများသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ပြီး လူရှစ်ဦးသေဆုံးခဲ့သည်။ ယခုအခါ အချို့နေရာများတွင် ရေများပြန်လည်ကျဆင်းသွားပြီဖြစ်သဖြင့် မူလနေရာများသို့ပြန်လည်ရွှေ့ပြောင်းလျက်ရှိရာ ကချင်ပြည်နယ်နှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ရေများကျဆင်းသွားပြီဖြစ်ပြီး ကယ်ဆယ်ရေးစခန်းများ မရှိတော့ကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် မြို့နယ် ၁၂ မြို့နယ် ရေဘေးဒဏ်ခံစားခဲ့ရပြီး ယခုအခါ ရေများပြန်လည်ကျဆင်းလျက်ရှိကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးတွင် မြို့နယ် ၁၄ မြို့နယ် ရေဘေးဒဏ်ခံစားခဲ့ရပြီး ယခုအခါ ရေများပြန်လည်ကျဆင်းလျက်ရှိကြောင်းနှင့် မကွေး၊ ဆိပ်ဖြူနှင့် စလင်းမြို့နယ်တို့တွင် ကယ်ဆယ်ရေးစခန်းများမရှိတော့ကြောင်း သိရသည်။ ပဲခူးတိုင်းဒေသကြီးတွင် မြို့နယ်ကိုးမြို့နယ် ရေဘေးဒဏ်ခံစားရလျက်ရှိပြီး ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ဆဲဖြစ်ကြောင်းသိရသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် မြို့နယ် ၁၃ မြို့နယ် ရေဘေးဒဏ်ခံစားရလျက်ရှိပြီး ကယ်ဆယ်ရေးစခန်းများတွင်နေထိုင်ဆဲဖြစ်ကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် မြို့နယ်ငါးမြို့နယ် ရေဘေးဒဏ်ခံစားရလျက်ရှိပြီး ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ဆဲဖြစ်ကြောင်းသိရသည်။

မွန်ပြည်နယ် သထုံမြို့နယ်တွင် ရေဘေးဒဏ်ခံစားခဲ့ရပြီး ရေများပြန်လည်ကျဆင်းသွားပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ ရေဘေးဒဏ်ခံစားခဲ့ရသည့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကူညီထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၅ ရက်မှ ဩဂုတ် ၁၂ ရက်ထိ ဆန်၊ ခေါက်ဆွဲ၊ ရေသန့်၊ ငါးသေတ္တာ၊ ရေသန့်ဆေးပြား၊ ကယ်ဆယ်ရေးပစ္စည်းများ၊ မိုးကာစ၊ ရေမျောပါပျက်စီးသည့် အိမ်များအတွက်ထောက်ပံ့မှု၊ သေဆုံးသူထောက်ပံ့မှုများအတွက် စုစုပေါင်းတန်ဖိုး ငွေကျပ်သိန်းပေါင်း ၅၂၀၀ ကျော် ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များ၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**



## ကျောင်းကုန်းမြို့ ရေဘေးရှောင်ပြည်သူများအား ဆန်အိတ် ၁၀၀ နှင့် ငါးသေတ္တာဘူး ၆၀၀ လာရောက်လှူဒါန်း

**ကျောင်းကုန်း ဩဂုတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရေးကော်မတီကို ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ဒေါ်သန်းတင်ခန်းမဆောင်၌ ဖွင့်လှစ်ထားရာ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးအောင်နိုင်၊ ဦးအောင်ဦးကျော်၊ ဦးခင်အောင်၊ ဦးသောင်းစိန် အပါအဝင် သူငယ်ချင်း ၁၆ ယောက်တို့က ဆန်အိတ် ၁၀၀၊ ငါးသေတ္တာဘူး ၆၀၀ တို့ကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက လာရောက်လှူဒါန်းရာ ရေဘေးကော်မတီဝင်များက လက်ခံခဲ့ကြသည်။

အလှူရှင်များ လှူဒါန်းထားသော ဆန်များကို ပရဟိတအဖွဲ့မှ ကိုအောင်ကျော်ဇော ဦးဆောင်၍ ရင်ဆိုင်ကျေးရွာအုပ်စု ရင်ဆိုင်ရွာ အိမ်ခြေ ၁၀ အိမ်မှ လူဦးရေ ၃၂ဦး၊ ငှက်ချောကွင်းရွာ အိမ်ခြေ ၆၂ အိမ်မှ လူဦးရေ ၂၅၄ဦး၊ ရင်ဆိုင်ဝရွာ အိမ်ခြေ ၁၅ အိမ်မှ လူဦးရေ ၄၅ ဦး၊ သက္ကယ်ကုန်းရွာ အိမ်ခြေ ၂၀မှ လူဦးရေ ၆၅ ဦး တို့အား တစ်အိမ်ထောင်လျှင် ဆန်တစ်ပြည်နှုန်းဖြင့် ပေးဝေခဲ့သည်။

ဆက်လက်၍ လှေကွဲလဟာအုပ်စု စာဖြူစုရွာ အိမ်ခြေ ၇၈ အိမ်မှ လူဦးရေ ၄၄၈ ဦး၊ ညောင်ချောင်းရွာ အိမ်ခြေ ၄၇ အိမ်မှ လူဦးရေ ၂၄၀ တို့အား တစ်အိမ်ထောင်လျှင် ဆန်တစ်ပြည်နှုန်း လိုက်လံပေးဝေခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး


အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများ ရေဘေးသင့်ပြည်သူများအား ကူညီဆောင်ရွက်ပေးစဉ်။ (မသစ)


ရန်ကုန်တိုင်းစစ်ဌာနချုပ် မှ တပ်မတော်သားများ ရေဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ပေးနေစဉ်။ (ရသစ)


အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများ ရေဘေးသင့်ပြည်သူများအား ကူညီဆောင်ရွက်ပေးစဉ်။ (ရသစ)



## ပဲခူးတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ဒေသများသို့ ကူညီထောက်ပံ့ငွေနှင့် ဆန်အိတ်များလှူဒါန်း

**ပဲခူး ဩဂုတ် ၁၂**

CB-KMA Foundation က ပဲခူးတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ဒေသများသို့ ကူညီထောက်ပံ့ရန် ငွေကျပ်သိန်း ၇၀၀ နှင့်ဆန်အိတ်၁၀၀၀ လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်၁၀နာရီက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမဥကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက လှူဒါန်းငွေများနှင့်ပတ်သက်ပြီး ကျေးဇူးတင်ဂုဏ်ပြုစကားပြောကြားသည်။

ဆက်လက်၍ ဖောင်ဒေးရှင်းဥက္ကဋ္ဌဦးခင်မောင်အေးက CB-KMA Foundation မှ ဆောင်ရွက်ပေးလျက်ရှိသော လူမှုကူညီရေးပရဟိတလုပ်ငန်းများအကြောင်းနှင့် တိုင်းပြည်၏ လိုအပ်သောနေရာများတွင် အစိုးရအဖွဲ့အား လူမှုကူညီရေးကဏ္ဍမှ ပံ့ပိုးကူညီပေးနိုင်ရန် ချမှတ်ထားသော အစီအစဉ်များနှင့်ပတ်သက်ပြီးရှင်းလင်းပြောကြားခဲ့သည်။ **(ကြေးမုံ)**

## ရေဘေးသင့်ပြည်သူများအတွက် မှူခင်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက စားသောက်ဖွယ်ရာများနှင့် ရေသန့်ဘူးများ သွားရောက်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၂**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ မှုခင်းရဲတပ်ဖွဲ့ အမှတ်(၃) မှုခင်းရဲတပ်ဖွဲ့ခွဲ(မန္တလေး) မှ ရဲမှူးစိုးနိုင် ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ မိသားစုများပါဝင်သောအဖွဲ့သည် ယမန်နေ့ညနေ ၅ နာရီက ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေများဝင်ရောက်လျက်ရှိသော မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကြည့်မြင်တိုင်ရွာရှိ ရေဘေးသင့်ပြည်သူများအတွက် ခေါက်ဆွဲခြောက်၊ မုန့်ကြွပ်နှင့် ဘီစကွတ်ထုပ်များ၊ ရေသန့်ဘူးများ၊ ထမင်း၊ ဟင်းများသွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(ကြေးမုံ)**



# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၂**

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၂၄ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

### သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | နေရာ/ဒေသ | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ကရင်- လှိုင်းဘွဲ့မြို့ | ၂၈၄၇၄ | ၁. ၀၅' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ချင်း- ဖလမ်းမြို့ | ၁၉၅၄ | ၀. ၄၀' |
| ၃။ | ရာဇဂြိုလ်ရေလှောင်တမံ | စစ်ကိုင်း- ကလေးမြို့ | ၅၂၀၀၀ | ၂. ၂၀' |
| ၄။ | မင်းရဲရေလှောင်တမံ | ပဲခူး-အုတ်တွင်းမြို့ | ၂၃၅၀ | ၀. ၂၀' |
| ၅။ | ဘောနီရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၃၅၂၀၀ | ၀. ၃၀' |
| ၆။ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၁၁၁၃၀ | ၀. ၅၀' |
| ၇။ | မဇင်းရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၂၆၁၈၆ | ၁. ၁၀' |
| ၈။ | ဇလက်ထော်ရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၁၈၉၁၂ | ၁. ၂၀' |
| ၉။ | ရွှေပြည်(၃) ရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၃၇၀၀ | ၀. ၆၀' |
| ၁၀။ | တောင်နဝင်းရေထိန်းတမံ | ပဲခူး- ပေါက်ခေါင်းမြို့ | ၂၁၁၉၆ | ၀. ၈၂' |
| ၁၁။ | ဝဲကြီးရေလှောင်တမံ | ပဲခူး- ပေါင်းတည်မြို့ | ၂၅၂၀၀၀ | ၀. ၆၀' |
| ၁၂။ | သဲကောရေလှောင်တမံ | ပဲခူး- လက်ပံတန်းမြို့ | ၅၂၅၀၀ | ၀. ၉၀' |
| ၁၃။ | ဆဒ္ဒန်ရေလှောင်တမံ | မကွေး- မြို့သစ်မြို့ | ၂၅၀၀၀ | ၀. ၂၀' |
| ၁၄။ | မုန်းချောင်းရေလှောင်တမံ | မကွေး- စေတုတ္တရာမြို့ | ၆၇၄၄၀၇ | ၅. ၉၀' |
| ၁၅။ | မန်းချောင်းရေလှောင်တမံ | မကွေး- ငဖဲမြို့ | ၁၂၀၀၀၀ | ၁. ၄၀' |
| ၁၆။ | ကြီးအုံကြီးဝရေလှောင်တမံ | မကွေး- ပွင့်ဖြူမြို့ | ၃၁၉၇၀၀ | ၆. ၇၀' |
| ၁၇။ | မြစ်သာရေလှောင်တမံ | မကွေး- ဂန့်ဂေါမြို့ | ၃၇၇၆၀၀ | ၁. ၁၀' |
| ၁၈။ | တောင်ခရမ်းရေလှောင်တမံ | မကွေး- ဂန့်ဂေါမြို့ | ၁၁၇၂၆ | ၀. ၁၀' |
| ၁၉။ | ဝါးပါးရေလှောင်တမံ | မွန်- သထုံမြို့ | ၄၁၅၀ | ၀. ၇၅' |
| ၂၀။ | ရဟိုင်းကွင်းရေလှောင်တမံ | ရခိုင်-ဂွမြို့ | ၆၂၅ | ၀. ၁၀' |
| ၂၁။ | ရှောက်ချောင်းရေလှောင်တမံ | ရခိုင်- ကျောက်တော်မြို့ | ၁၁၄၀ | ၁. ၀၀' |
| ၂၂။ | မုံးရင်ရေလှောင်တမံ | ရှမ်းမြောက်- နမ္မတူမြို့ | ၂၅၉၀၀ | ၀. ၇၀' |
| ၂၃။ | နန်ကသူရေလှောင်တမံ | ဧရာဝတီ- အင်္ဂပူမြို့ | ၄၀၄၈၇ | ၀. ၇၀' |
| ၂၄။ | ကညင်ရေလှောင်တမံ | ဧရာဝတီ- အင်္ဂပူမြို့ | ၁၄၅၀၀၀ | ၁. ၅၀' |

**(သတင်းစဉ်)**

# ကာတွန်းဆရာများပြောသော ငြိမ်းချမ်းရေးကာတွန်းပြပွဲ-၂၀၁၆

**ရန်ကုန် ဩဂုတ် ၁၂**
ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံကို ဩဂုတ် ၃၁ ရက်တွင် ကျင်းပသွားမည်ဟူသည့်သတင်းက မြန်မာပြည်သူတို့၏ ငြိမ်းချမ်းရေးရင်ခုန်သံကို တုန်ဟည်းစေခဲ့သည်။

ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ အောင်မြင်ရေးအတွက်လည်း နိုင်ငံတစ်ဝန်းကြိုဆိုထောက်ခံပွဲများကို ကျင်းပခဲ့ကြသည်။

ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ မြို့တော်ခန်းမနှင့် မဟာဗန္ဓုလပန်းခြံရှေ့တွင် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံကာတွန်းဆရာများအဖွဲ့က ကြီးမှူး၍ ငြိမ်းချမ်းရေးကာတွန်းပြပွဲ-၂၀၁၆ ကို ဩဂုတ် ၁၄ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၆ နာရီ အထိ သုံးရက်တိုင်တိုင် ခင်းကျင်းပြသလျက်ရှိသည်။

ငြိမ်းချမ်းရေးကာတွန်းပြပွဲ-၂၀၁၆ တွင် ကာတွန်းဆရာပေါင်း ၁၀၀ ကျော်က ကာတွန်းပုံပေါင်း ၂၀၀ ကျော်ကိုခင်းကျင်းပြသခဲ့ပြီး ပြပွဲတွင် ကာတွန်းဆရာများ ရေးဆွဲပြသထားသော ကာတွန်းများကို တစ်ပုံလျှင် ငွေကျပ် ငါးသောင်းနှုန်းဖြင့်လည်းကောင်း၊ ကာတွန်းဆရာများ၏ တစ်ထိုင်တည်းရေးဆွဲပေးသည့် ကာတွန်းလက်ရာပါ တီရှပ်များကို တစ်ထည်လျှင် ငွေကျပ် ငါးထောင်နှုန်းဖြင့်လည်းကောင်း ကာတွန်းဆရာများ၏ ကျန်းမာရေးရန်ပုံငွေအဖြစ် ရောင်းချပေးလျက်ရှိသည်။

ငြိမ်းချမ်းရေးကာတွန်းပြပွဲ-၂၀၁၆ ကို ယနေ့မိုးထဲရေထဲမှာပင် အများပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ သို့နှင့်ငြိမ်းချမ်းရေးကာတွန်းပြပွဲ-၂၀၁၆တွင် ပါဝင်ရေးဆွဲခဲ့ကြသည့် ကာတွန်းဆရာများနှင့် လာရောက်ကြည့်ရှုသူအချို့၏ ငြိမ်းချမ်းရေးရင်ခုန်သံများကို မြန်မာ့သတင်းစဉ်က သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။



ငြိမ်းချမ်းရေးကာတွန်းပြပွဲ-၂၀၁၆ တွင် ခင်းကျင်းပြသရန် ကာတွန်းဆရာများ ရေးဆွဲနေကြစဉ်။

သလို ငြိမ်းချမ်းရေးကို ကျွန်တော်တို့ကာတွန်းဆရာတွေကလည်း မျှော်လင့်ပါတယ်။ ငြိမ်းချမ်းပါစေလို့ ဆုတောင်းပါတယ်။

**ဦးကိုကိုကြီး**
**၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း**

ကာတွန်းဟာ နိုင်ငံရေးစာပေ(Political Literature ) တစ်မျိုးပါ။ ငြိမ်းချမ်းရေးဟာ မျိုးဆက်နဲ့ချီပြီး ငတ်မွတ်ခဲ့ရတဲ့အရာပါ။ ကာတွန်းဆရာတွေက သူတို့တတ်ကျွမ်းတဲ့ ကာတွန်းပညာနဲ့ ငြိမ်းချမ်းရေးလိုလားမှုကို ပြည်သူတွေကြားထဲရောက်အောင် ကြိုးပမ်းကြတာကို ဂုဏ်ယူကြိုဆိုပါတယ်။

အတွက် အလုပ်လုပ်တာပဲ။ တချို့က ကာတွန်းဆရာဆိုတာနဲ့သရော်တာလို့ထင်ကြတယ်။ လူတွေရဲ့ခံစားချက်ကို ကာတွန်းဆရာက ထောက်ပြတာ။ အခု ကျွန်တော်ရေးထားတဲ့ကာတွန်းမှာ ပြည်တွင်းငြိမ်းချမ်းရေး ဆိုတဲ့ လူကြီးတစ်ယောက်က အားမရှိတဲ့အခါ ဂလူးကို့စ်သွင်းတယ်။ (၂၁) ရာစုပင်လုံညီလာခံဆိုတဲ့ ဂလူးကို့စ်သွင်းလိုက်ရင် ပြည်တွင်းငြိမ်းချမ်းရေးကလည်း အားပြန်ပြည့်ပြီးကျွန်တော်တို့ မြန်မာပြည်မှာ ပျော်စရာတွေအများကြီးကောင်းသွားမယ်။ ဆိုကြပါစို့ဗျာ ကျွန်တော်က အခု ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေးဆိုပြီးအော်နေပေမယ့် အိမ်ပြန်ရောက်လို့မိန်းမနဲ့ရန်ဖြစ်မယ်ဆိုရင် ငြိမ်းချမ်းရေးရနိုင်ပါ့မလား။ ကျွန်တော်

**ကာတွန်းမောင်ရွှေဝင်း**

တီရှပ်တစ်ထည်ကို ငါးထောင်နှုန်းရောင်းပြီး ရန်ပုံငွေရှာတာပါ။ တီရှပ်ဝယ်တဲ့လူကို အမှတ်တရ ကာတွန်းပုံလေးဆွဲပေးပြီး ကာတွန်းဆရာရဲ့လက်မှတ်နဲ့ပုံပါသွားတာပေါ့။ ရောင်းရတဲ့ ကာတွန်းပုံတွေ တစ်ပုံငါးသောင်းနှုန်း၊ ဒီနေ့ဆွဲခဲ့တဲ့ ကာတွန်းတွေကို ကာတွန်းဆရာတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုမှာပြန်လည်သုံးစွဲမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကာတွန်းဆွဲခဲ့တာ အနှစ် ၄၀ ရှိပါပြီ။ ပြည်သူတစ်ယောက်အနေနဲ့ ကျွန်တော်တို့ ငြိမ်းချမ်းသလို နယ်ကလူတွေကိုလည်း ငြိမ်းချမ်းစေချင်ပါတယ်။

**ကာတွန်းလှိုင်းနီ**

သမိုင်းဝင်မယ့်နေရာမှာ ပြသတဲ့ပွဲပါ။ ဒါမျိုးတစ်ခါမှ ပြသခွင့်မရပါဘူး။ (၂၁)ရာစုပင်လုံညီလာခံကို ကြိုဆိုတဲ့ပွဲ၊ မမွေးတဲ့ကလေးတွေကလည်း သေနတ်သံတွေကြောင့် ကြောက်နေရတယ်ဆိုတဲ့ အတွေးနဲ့ရေးဖြစ်တာပါ။ ကျွန်တော်ကဝါသနာရှင်ပါ၊ ကာတွန်းလောကကိုဝင်ခဲ့တာ ငါးနှစ်ရှိပါပြီ။ ရင်ထဲမှာဖြစ်တာကိုတင်ပြတဲ့အခါ အများနှလုံးသားနဲ့ထပ်တူကျရင် ပီတိဖြစ်တာပါပဲ။

**ကာတွန်းဆရာမ မဆုမြတ်ကျော်**

ကာတွန်းရေးတာ တစ်နှစ်ကျော်ပဲရှိပါသေးတယ်။ နိုဘယ်-မြန်မာစာပေပွဲတော်၊ ကာတွန်း နှစ်(၁၀၀)ပြည့်စတဲ့ပွဲတွေမှာ ဆွဲခဲ့တဲ့ပုံတွေပြသခဲ့ပါတယ်။ ဂျာနယ်၊ မဂ္ဂဇင်းတွေမှာ တစ်ကွက်ကောင်းတွေရေးပါတယ်။ ဒီပွဲမှာ အခြားအလုပ်ရှိတော့ မရေးဖြစ်ပါဘူး။ ဒါပေမယ့် အခု ရန်ပုံငွေကာတွန်းဝိုင်းပြီးဆွဲနေတာပါ။ အခြား ပရဟိတလုပ်ငန်းတွေမှာ ကာတွန်းဆွဲဖြစ်ပါတယ်။ ဒီနေ့မှာတော့ တီရှပ်ပေါ်မှာ ကာတွန်းဆွဲတာ (၁၅)ထည်လောက် ဆွဲပြီးပါပြီ။ တစ်ပုံကို တစ်မိနစ်၊ နှစ်မိနစ်အချိန်ယူ ဆွဲခဲ့ပါတယ်။ ကာတွန်းလောကမှာ အမျိုးသမီးပညာရှင်က နည်းပါတယ်။ ဝါသနာအလျောက် ဝင်ဆွဲဖြစ်တာပါ။ အခု ကာတွန်းပြပွဲက တစ်စိတ်တစ်ဒေသအနေနဲ့ ပြည်သူတွေရဲ့ဦးနှောက်ထဲကို ရောက်သွားမယ်လို့ ထင်ပါတယ်။



ကာတွန်း မောင်မောင်အောင်



ဦးကိုကိုကြီး



ကာတွန်းဆရာ
အောက်တိုဘာအောင်ကြီး



ကာတွန်းမောင်ရွှေဝင်း



ပြပွဲလာကြည့်သူတစ်ဦး



ကိုရန်ပိုင်စိုး

**ကာတွန်း မောင်မောင်အောင်**

တိုင်းပြည်မှာ ငြိမ်းချမ်းရေးကိုမျှော်လင့်တာ နှစ်ပေါင်းမနည်းတော့ဘူး။ မြို့နေလူတန်းစားအနေနဲ့ ငြိမ်းချမ်းရေးကိုတောင့်တရုံ တောင့်တပေမယ့် မငြိမ်းချမ်းတဲ့ဒေသမှာတော့ အိပ်ကောင်းခြင်းမအိပ်ရ၊ စားကောင်းခြင်းမစားရဆိုတာတွေနဲ့ ရင်ဆိုင်နေရတာ ရှိတယ်။ တကယ့်စစ်ဘေးဒဏ်သင့်နေပြီး မငြိမ်းချမ်းလို့ခံစားရတဲ့ ဝေဒနာတွေ အဲဒီလို လူတန်းစားအတွက် စဉ်းစားပြီး ဒီအတွေးအခေါ်ကို စဉ်းစားရေးဆွဲထားတဲ့ကာတွန်းတစ်ကွက်ရယ်၊ နောက်ကာတွန်းတစ်ကွက်က အပင်ပေါက်တစ်ခုက အုတ်နံရံကိုထိုးပြီး ထွက်လာတဲ့အပင်လေးက ငြိမ်းချမ်းရေးဆိုတဲ့ပြကွက်ပါ။ ငြိမ်းချမ်းရေးတစ်ခုရဖို့ အခက်အခဲတွေအများကြီးကျော်ဖြတ်ကြတယ်။ အဲဒီအခက်အခဲတွေက ငြိမ်းချမ်းရေးအတွက် အတားအဆီးအဟန့်အတားတွေကိုဖြတ်ပြီး ငြိမ်းချမ်းရေးရနိုင်တယ်ဆိုတဲ့ သရုပ်ကို ဖော်ထားတာပါ။

ပြည်သူတွေအားလုံးက ငြိမ်းချမ်းရေးလိုလားတယ်ဆိုတဲ့အထဲမှာ ပြည်သူထဲမှာပါဝင်တဲ့ ကာတွန်းဆရာတွေကလည်း ငြိမ်းချမ်းရေးကိုလိုချင်တာပါပဲ။ (၂၁) ရာစုပင်လုံ ညီလာခံဆွေးနွေးပွဲက အောင်မြင်ပြီး ငြိမ်းချမ်းတဲ့တိုင်းပြည်တစ်ခုဖြစ်ချင်တဲ့ဆန္ဒက အဓိကပါ။ အဲဒီအတွက်ကျွန်တော်တို့ တတ်ကျွမ်းတဲ့ပညာနဲ့ ကြိုဆိုထောက်ခံတဲ့သဘောပါ။ ငြိမ်းချမ်းရေးကိုလိုချင်တာပေါ့။ အများပြည်သူ မျှော်လင့်

**ကာတွန်းရွှေထူး**

ငြိမ်းချမ်းရေးကိုဖော်ဆောင်နေတဲ့ နိုင်ငံ့ခေါင်းဆောင်တွေက ညှိနှိုင်းမှုနဲ့ကြိုးစားနေကြတယ်။ ငြိမ်းငြိမ်းချမ်းချမ်း အေးအေးဆေးဆေး ဆွေးနွေးမှုလုပ်နေကြတဲ့အချိန်မှာ ကန့်လန့်တိုက်မယ့်အဖွဲ့ဆိုတာရှိတယ်။ ငြိမ်းချမ်းရေးဖော်ဆောင်နေတဲ့ အဖွဲ့ကိုကာကွယ်ရမယ် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရေးဆွဲတာပါ။ အဓိကနေ့စဉ်တွေ့နေကြတဲ့ ရန်ကုန်မြို့ရဲ့ မြင်ကွင်းကိုမြင်ပြီး ဒီပြကွက်ကိုရေးဆွဲဖြစ်တာပါ။ ငြိမ်းချမ်းရေးက တိုင်းပြည်အတွက်လုပ်နေတာဆိုတာပြလိုက်တာပါ။ မြို့တော်ခန်းမရှေ့က ဒီနေရာမှာ အခုလိုပြပွဲလုပ်ဖို့ဆိုတာ မလွယ်ဘူး။ ခေတ်အဆက်ဆက်ကမရခဲ့ဘူး။ ငြိမ်းချမ်းရေးဖော်ဆောင်တဲ့ (၂၁)ရာစုပင်လုံညီလာခံကို ကြိုဆိုတဲ့အထိမ်းအမှတ်လုပ်မယ်ဆိုတာ တောင်းဆိုတော့ သက်ဆိုင်ရာက ခွင့်ပြုခဲ့ပါတယ်။ ကလောင်စွမ်းအားနဲ့ တိုင်းပြည်အတွက် တစ်ဖက်တစ်လမ်းက ပါဝင်ကြတာကြောင့် ဒီပြပွဲက ထိရောက်မယ်လို့ယုံကြည်ပါတယ်။ အစိုးရသစ်လက်ထက်မှာ ပထမဆုံး ကာတွန်းဆရာတွေ အိုင်ဒီယာနဲ့စုစည်းပြသတဲ့ပွဲပါ။ ကာတွန်းဆရာတစ်ယောက်ကို ငါးကားရေးပြီး နှစ်ကားရွေးပါတယ်။ ကျွန်တော်တို့ကား ၂၀၀ သတ်မှတ်ပေမယ့် အခုကား ၂၀၀ ကျော်ပါတယ်။

**ကာတွန်းဆရာ အောက်တိုဘာအောင်ကြီး**

ဒီလိုကာတွန်းရေးပြီဆိုတာကလည်း တိုင်းပြည်တို့လင်မယားရန်ဖြစ်ရင် ရှိတဲ့သားသမီးတွေ စိတ်ချမ်းသာပါမလား။ တိုင်းပြည်မှာလူကြီးတွေက မငြိမ်းချမ်းဘူးဆိုရင် ကျွန်တော်တို့ ပြည်သူပြည်သားတွေက ငြိမ်းချမ်းပါတော့မလား။ ဒါကြောင့်မို့ ငြိမ်းချမ်းစေချင်တဲ့ အနေနဲ့ ကျွန်တော်တို့ ကာတွန်းဆရာတွေက သရော်တာ မဟုတ်ဘူး။ ဟာကွက်တွေကို ထောက်ပြတာ၊ ကာတွန်း ဆရာ ဘဝဆိုတာ တိုင်းပြည်ကို အလုပ်အကျွေးပြုနေတဲ့ သူလို့ခံယူတယ်။ ကျွန်တော်တို့က လွှတ်တော်ထဲကို မရောက် ပေမယ့်၊ အမတ်လောင်းတွေ မဖြစ်ပေမယ့် လူထုတွေက ပေါက်ဖွားလာတဲ့ အတွေးအခေါ်တွေကို အရုပ်နဲ့ စာနဲ့ တွဲပြီးစာနယ်ဇင်းပေါ်မှာတင်ပြလိုက်တဲ့အတွက် ကျွန်တော်တို့တွေလည်း လူထုလွှတ်တော်တွေပါပဲ။ အခု ဒီကာတွန်း ပြပွဲကို လူထုအများဆုံးလာကြည့်ကြတယ်။ ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ လူကြီးတွေ၊ နိုင်ငံတော်အကြီးအကဲတွေလာကြည့်မယ်ဆိုရင် ပိုကောင်းတာပေါ့။ ကျွန်တော်တို့ ကာတွန်းဆရာတွေက ရေးရုံသက်သက်ပဲ၊ စွမ်းဆောင်မှုမရှိဘူး။ ယိုယွင်းတာတွေကို ထောက်ပြမယ်၊ ပြည်သူတွေက လာကြည့်မယ်၊ ကာတွန်းဆရာတွေရေးတာကို ပြည်သူတွေလာကြည့်ရုံနဲ့မပြီးသေးဘူး။ နိုင်ငံတော်ကလာကြည့်နိုင်မယ်ဆို ပိုပြီးထူးခြားတာပေါ့။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကပြောခဲ့ဖူးတယ်။ ငါမသေခင် ငြိမ်းချမ်းရေးလိုချင်တယ်ဆိုပြီး သေခဲ့တာ အနှစ် ၅၀ ရှိပြီ။ သူ့ဝိညာဉ်ဘဝနဲ့တောင် ငြိမ်းချမ်းရေးကမမြင်ရသေးဘူး။

**သယ်န်းကျွန်းမြို့နယ်မှ ပြပွဲလာရောက်ကြည့်ရှုသူ ပရိသတ်တစ်ဦးက-**

ကာတွန်းတွေကို သမီးက မြတ်နိုးတယ်။ဖေ့စ်ဘုတ်မှာ တွေ့ပြီး ပြပွဲကို လာကြည့်တာပါ။ ငြိမ်းချမ်းရေးကို လိုလားတောင့်တသူတစ်ဦးဖြစ်ပါတယ်။ အခုတွေ့မြင်ရတဲ့ ပြကွက်ကို မြင်မိတော့ ငြိမ်းချမ်းရေးကို ပိုပြီးမြတ်နိုးစွာလိုချင်မိတယ်။

**တာမွေမြို့နယ်မှ ကိုရန်ပိုင်စိုး**
**(ပြပွဲသို့လာရောက် ကြည့်ရှုသူ)**


မြန်မာပြည်တွင်းမှာဖြစ်နေတဲ့ စစ်ပွဲတွေရပ်သွားရင် ကောင်းတာပေါ့။ ကာတွန်းပြပွဲမှာ ငြိမ်းချမ်းရေးနဲ့ ပတ်သက်တာ ပြထားတာတွေ မြင်ရတယ်။ အခုလို ပြပွဲတွေလုပ်တာကောင်းပါတယ်။ (၂၁)ရာစု ပင်လုံကို ကြိုးစားနေတဲ့ ပုံရိပ်တွေ မြင်ရတယ်။ (၂၁) ရာစုပင်လုံအကောင်အထည်ဖော်သွားရင် သိပ်ကိုကောင်းတာပေါ့။

**မန္တလေးမြို့မှ ကိုဖြိုးသူလှိုင် (ပြပွဲလာရောက်ကြည့်ရှုသူ)**

ကျွန်တော်က ရန်ကုန်ကိုအလည်လာတာပါ။ လမ်းကြုံတာနဲ့ဝင်ကြည့်တာပါ။ ကာတွန်းပြပွဲကိုပထမဆုံးအကြိမ် မြင်ဖူးခြင်းပါ။ စိတ်ခံစားမှုအရ ကာတွန်းတွေကို ကြိုက်တယ်။ ကျွန်တော်တို့ မမြင်တဲ့အကြောင်းအရာတွေကို ထောက်ပြသွားတဲ့ကာတွန်းတွေ မြင်ရတယ်။ စိတ်ဝင်စားစရာကောင်းပါတယ်။

**တွေ့ဆုံမေးမြန်း - ခင်မောင်ထွေး၊ ဝင်းဝင်းမော်**
**ဓာတ်ပုံ - တင်အေး(ပြန်/ဆက်)**





ငြိမ်းချမ်းရေး ကာတွန်းပြပွဲ-၂၀၁၆ တွင် ခင်းကျင်း ပြသထားသော ကာတွန်း အချို့ကို တွေ့ရစဉ်။

(ငြိမ်းချမ်းရေး ကာတွန်းပြပွဲ-၂၀၁၆ တွင် ပြသထားသော ကာတွန်းများမှ ခွင့်ပြုချက်အရ ဖော်ပြခြင်းဖြစ်ပါသည်။)




# ကျေးရွာစာကြည့်တိုက်သို့ မီးချောင်းနှင့် စာအုပ်များလှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၂**

နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် စက်ကုန်းကျေးရွာရှိ ဦးသိန်းဆွေ၏ 'မိတ်ဆွေကောင်း' ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့ ယမန်နေ့ ညနေ ၃ နာရီက သုတစာအုပ်များ၊ ရုပ်ပြ၊ ဝတ္ထု၊ မဂ္ဂဇင်းနှင့် ကလေးစာပေများ စုစုပေါင်းစာအုပ်စာစောင် ၂၇၅ အုပ်၊ အရှည်လေးပေရှိ စတီးဖရိန် ငါးခု၊ မီးချောင်း ငါးချောင်း၊ မြန်မာ့အလင်း၊ ကြေးမုံနှင့် အပတ်စဉ်ထုတ် ရွှေသွေးဂျာနယ်များအား ပြည်ထောင်စုဝန်ကြီးကိုယ်စား နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်နှင့် မြို့နယ်ဦးစီးမှူး ဒေါ်သိမ့်သိမ့်မျိုးတို့က စာကြည့်တိုက်တည်ထောင်သူ ဦးသိန်းဆွေထံသို့ လှူဒါန်းခဲ့သည်။



အဆိုပါစာကြည့်တိုက်တွင် စာအုပ်ပေါင်းတစ်သောင်းကျော်ရှိပြီး ရွာနီးဝန်းကျင်မှ စာဖတ်ပရိသတ်များအပြင် ပျဉ်းမနားမြို့ကပါ လာရောက်ငှားရမ်းသူများရှိနေပြီး စာအုပ်ငှားရမ်းလိုသူများအနေဖြင့် မိမိနာမည်ရေးထားသော ဗလာစာအုပ်၌ မိမိကိုယ်တိုင်မှတ်ရသော ကိုယ်တိုင်ငှားစနစ်ဖြစ်ပြီး စာအုပ်ငှားရမ်းခမှာ အခမဲ့ဖြစ်သည်။

စာကြည့်တိုက် တည်ထောင်သူ ဦးသိန်းဆွေမှာ အသက်(၆၉)နှစ်ရှိပြီး စာကြည့်တိုက် အဆောက်အအုံကို ကိုယ်တိုင် တည်ဆောက်ခြင်းဖြစ်ကြောင်း၊ အလှူငွေလက်ခံခြင်းမရှိဘဲ ပစ္စည်းနှင့်လုပ်အားသာ အလှူခံကြောင်း သိရသည်။

**ကိုကိုလင်း(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၁၂**

ရန်ကုန်(ရွှေဈေး) ၈၄၇၅၀၀ - ၈၄၈၅၀၀
မန္တလေး(ရွှေဈေး) ၈၄၇၅၀၀ - ၈၄၈၅၀၀

| စက်သုံးဆီဈေးနှုန်း | ရန်ကုန် | မန္တလေး |
|---|---|---|
| (က) ဒီဇယ် တစ်လီတာ | ၅၀၀/၅၃၀ ကျပ်၊ | ၅၅၀/၅၇၀ ကျပ် |
| (ခ) အောက်တိန်း 95 တစ်လီတာ | ၅၇၀/၆၂၀ ကျပ်၊ | ၆၇၀/၇၅၀ ကျပ် |
| (ဂ) အောက်တိန်း 92 တစ်လီတာ | ၅၀၀/၅၃၀ ကျပ်၊ | ၅၅၀/၅၈၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ်တစ်လီတာ | ၅၂၀/၅၆၀ ကျပ်၊ | ၆၀၀/၆၃၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၆၄ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၀၅ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၃၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၈၇. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၂၁. ၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၇၉. ၁၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၄. ၁၃၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၆. ၅၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၇၇၅ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၆၂. ၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၇. ၈၀ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၁. ၃၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၈၂. ၆၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# မူးယစ်ရာဇာတစ်ဦးအဖြစ် မြင်တွေ့ရမည့် ဂျေလို၏ ဇာတ်ကားသစ်



မင်းသမီး ဂျနီဖာလိုပက်ဇ်အနေဖြင့် HBO ရုပ်သံလိုင်းမှရိုက်ကူးမည့် ဖြစ်ရပ်မှန်ဇာတ်ကားတစ်ကားတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ရန် သဘောတူလက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း သိရသည်။

ဂျေလိုအနေဖြင့် မူးယစ်ရာဇာ ဂရီဆယ်လ်ဒါဘလန်ကို၏ ဘဝဖြစ်စဉ်များကို ပုံဖော်ရိုက်ကူးမည့် ယင်းဇာတ်ကားကို ၎င်း၏ ထုတ်လုပ်ရေးကုမ္ပဏီ Nuyorican မှလည်း ထုတ်လုပ်မှုပိုင်းဆိုင်ရာများကို ပူးတွဲဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းဇာတ်ကားသစ်ကို ယခုအချိန်ထိ အမည်မသတ်မှတ်ရသေးဘဲ ဂျေလိုအပြင် အခြားသောသရုပ်ဆောင်များ၏ အမည်များကိုလည်း ထုတ်ပြန်ခြင်းမရှိသေးပေ။

တေးသံရှင်၊ သရုပ်ဆောင်၊ အကမယ်၊ ဖက်ရှင်ဒီဇိုင်နာနှင့် စာရေးဆရာမတစ်ဦးအပြင် ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းများကိုပါ ပူးတွဲလုပ်ကိုင်လျက်ရှိသည့် အနုပညာရှင် ဂျနီဖာလိုပက်ဇ်အနေဖြင့် မကြာမီက ထွက်ရှိခဲ့သည့် အန်နီမေးရှင်းသရီးဒီဇာတ်ကား Ice Age: Collision Course တွင် အသံသရုပ်ဆောင်အဖြစ် ပါဝင်ထားပြီး ဟာသဇာတ်ကားသစ်တစ်ကားကိုလည်း Nuyorican ကုမ္ပဏီမှ ထုတ်လုပ်ဖြန့်ချိရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ဂျေလိုအနေဖြင့် အမေရိကန်မှုခင်းဒရမ်မာရုပ်သံဇာတ်လမ်းတွဲ Shades of Blue တွင်လည်း စုံထောက်တစ်ဦးအဖြစ် ခေါင်းဆောင်ပါဝင်ထားပြီး ဂီတလှုပ်ရှားမှုအနေဖြင့် ယခုနှစ် ဇန်နဝါရီလက စတင်ပြီး ၂၀၁၇ ခုနှစ် ဇွန်လတွင် အဆုံးသတ်မည့် All I Have အမည်ရှိ ဂီတဖျော်ဖြေပွဲများကိုလည်း ကျင်းပလျက်ရှိကြောင်း သိရသည်။

# သရီးဒီနင်ဂျာဇာတ်ကားသစ်တွင် အသံသရုပ်ဆောင်အဖြစ်ပါဝင်သွားမည့် ဂျက်ကီချန်း





အမေရိကန်နှင့် ဒိန်းမတ်အနုပညာရှင်၊ အတတ်ပညာရှင်များ ပူးတွဲရိုက်ကူးခဲ့ကြသည့် 'LEGO Ninjago ဇာတ်ကားသစ်တွင် ဟောင်ကောင်အက်ရှင်မင်းသားကြီး ဂျက်ကီချန်းက ဟောလိဝုဒ်သရုပ်ဆောင်များနှင့်အတူ အသံသရုပ်ဆောင်အဖြစ် ပါဝင်ထားကြောင်း သိရသည်။

နင်ဂျာငယ်လေး ခြောက်ယောက်အကြောင်းကို ပုံဖော်ရိုက်ကူးမည့် အဆိုပါသရီးဒီအန်နီမေးရှင်းအက်ရှင်ဇာတ်မြူးကားကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၂ ရက်တွင် Warner Bros. Pictures မှ နိုင်ငံအနှံ့အပြားသို့ ဖြန့်ချိပြသမည်ဖြစ်ပြီး ယင်းဇာတ်ကားသစ်တွင် အသံသရုပ်ဆောင်များအဖြစ် Dave Franco, Justin Theroux, Fred Armisen တို့လည်း ပါဝင်ထားသည်။

မျိုးစန္ဒာမောင် – စုစည်းသည်

# MTV Video Music Awards ဆုပေးပွဲတွင် အမြင့်ဆုံးဆုဖြင့် ဂုဏ်ပြုခြင်းခံရမည့် တေးသံရှင် ရီဟားနား



R&B နှင့် ပေ့ါပ် သီချင်းများအပြင် အကကောင်းမှုကြောင့် ဂီတပရိသတ်များ၏ အထူးအားပေးမှုရရှိခဲ့သူ တေးသံရှင် ရီဟားနားအား ယခုလကုန်ပိုင်းတွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကျင်းပမည့် 2016 MTV Video Music Awards ဆုပေးပွဲတွင် အမြင့်ဆုံးဆုဖြစ်သည့် Michael Jackson Video Vanguard Award ဆုဖြင့် ဂုဏ်ပြုသွားမည်ဖြစ်ကြောင်းသိရသည်။

တေးသံရှင် ရီဟားနားအနေဖြင့်ယခုလ ၂၈ ရက်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပမည့် အဆိုပါဆုပေးပွဲတွင် အမြင့်ဆုံးဆုအမျိုးအစားတစ်မျိုးဖြစ်သည့် Michael Jackson Video Vanguard Award ဆုကို တက်ရောက်လက်ခံရယူမည်ဖြစ်ပြီး ယင်းဆုပေးပွဲတွင် ဖျော်ဖြေတင်ဆက်ပေးသွားဦးမည်ဖြစ်ကြောင်းလည်း ၎င်း၏ တွစ်တာစာမျက်နှာတွင် ရေးသားထားသည်။

ဂီတလောကတွင် အထင်ကရဆုတစ်မျိုးဖြစ်သည့် အဆိုပါဆုကို ယခုနှစ်တွင် ရီဟားနားက ဆွတ်ခူးရရှိခဲ့သလို ဝါရင့်ဂီတပညာရှင်များဖြစ်သည့် မိုက်ကယ်ဂျက်ဆင်၊ မက်ဒေါနား၊ ဘရစ်တနီစပီးယားစ်၊ ဂျက်စတင်တင်မ်ဘာလိတ်၊ ဘီယွန်းဆေးနှင့် Kanye West တို့လည်း ယခင်နှစ်များက ဆွတ်ခူးရရှိထားခဲ့ကြသည်။

ရီဟားနား၏ အနုပညာလှုပ်ရှားမှုများ အနေဖြင့် ယခုနှစ် ဒုတိယ နှစ်ဝက်တွင် တေးအယ်လ်ဘမ်များစွာတွင် ပါဝင်သီဆိုပေးထားပြီး Ransom 2 အမည်ရှိ တစ်ကိုယ်တော်အယ်လ်ဘမ်ကို ဇွန်လဆန်းပိုင်းက ဖြန့်ချိပေးခဲ့ပြီးဖြစ်ကြောင်းသိရသည်။

## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၃- ၈ -၂၀၁၆ (စနေနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညပိုင်း
- ၆း၀၀ အဖွင့်
  - -မိုးလေဝသအစီအစဉ်
  - -စကိတ်စီးသူများ
  - -တေးဂီတအစီအစဉ်
- ၆း၂၅ ကာတွန်းအစီအစဉ် "Batman: Mystery of the Batwoman" (အပိုင်း-၂)
- ၇း၀၀ ကက်ဆက်ဇာတ်လမ်း "ကြွေး"
- ၈း၁၅ MRTV Entertainment Music
- ၈း၂၅ အဆိုတော်စိုင်းထီဆိုင် (အပိုင်း-၃)
- ၈း၅၅ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
- ၉း၀၅ မြိတ်ကျွန်းစုခရီးစဉ် (အပိုင်း-၁)
- ၉း၃၅ တေးဂီတအစီအစဉ်
- ၉း၄၅ မြန်မာ့ရိုးရာကစားနည်းများ (အပိုင်း-၂)
- ၉း၅၅ MRTV Entertainment Music
- ၁၀း၀၅ ကယောတိုင်းရင်းသားအက
- ၁၀း၁၀ မြန်မာရုပ်ရှင် "အချစ်စံအိမ် အမုန်းစံအိမ်"
- ၁၂း၀၀ အစီအစဉ်ပြီး၏

* ၈း၃၀ Live:Premier League" Crystal Palace Vs West Brom"

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါသည်။**

### မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ Hyper Sports
- ၈း၃၅ ပန်းပျိုးခင်း(အပိုင်း-၅)
- ၉း၃၅ Business News
- ၁၀း၃၅ ကဗျာရိပ်မြုံ"လူလေးကြီးရင်"
- ၁၀း၅၀ "အဆိပ်အတောက်မဖြစ်စေရေး သန့်ရှင်းရေးကိုဦးစားပေး"
- ၁၁း၁၅ "ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး"(ရွှေဖရုံသီးနှင့် ပဲတောင့်ရှည်)
- ၁၁း၃၅ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ"(အပိုင်း-၇၈)
- ၂း၂၀ ရုပ်ရှင်ရိုက်မယ် (လူ့အခွင့် အရေးလူ့ဂုဏ်သိက္ခာ နိုင်ငံတကာရုပ်ရှင်ပွဲတော် "မှော်"
- ၃း၁၅ Ooredoo MNL-1 2016 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ရတနာပုံFCနှင့် ဟံသာဝတီယူနိုက်တက် FC)
- ၅း၃၅ အနုပညာသတင်းအစီအစဉ်
- ၆း၃၅ Tasty Trip
- ၇း၁၅ "သူ"(အပိုင်း-၁၁) (ပြေဇင်၊ မင်းသူ၊ ရဲမွန်၊ ဖူးစုံ၊ သဇင်၊ မွှံနံ့သာ) ( ဒါရိုက်တာ-ဘိုသန့်)
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံ တကာသတင်း၊ မိုးလေဝသအခြေအနေ
- ၈း၃၅ "ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ"
- ၉း၀၀ -ပြည်တွင်းသတင်း၊
  - -ဂီတတံခါးလေးဖွင့်ပါဦး
  - -နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်တဲ့လား"(အပိုင်း-၃၁)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### မြဝတီ

- ၆း၀၃ တရားတော်
- ၇း၀၀ မေတ္တာပို့
- ၇း၁၀ ဓမ္မပူဇာတေး
- ၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၈း၁၀ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၉း၁၀ လူတိုင်းကျန်းမာသိမှတ်စရာ
- ၉း၃၅ ခရီးလည်းသွားစကားလည်းဆို
- ၉း၅၀ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၁၀း၃၀ Cooking Art
- ၁၀း၄၅ Happy Time
- ၁၁း၁၀ English For Myanmar
- ၁၁း၂၀ အိမ်ရှင်မတို့ရဲ့ အချစ်ဆုံး
- ၁၂း၀၀ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် -လမ်းမကြီးရဲ့ဘေး
- ၁၂း၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မေတ္တာအသချေ် (အပိုင်း-၈၆)
- ၂း၃၀ သံစဉ်များနှင့်ကမ္ဘာ
- ၄း၃၅ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၅၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၀၀ Run & Cook
- ၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖေဖေကြီးကိုချစ်တယ် (အပိုင်း-၄၆)
- ၅း၄၅ ရွှေလမ်းငွေလမ်းသူဌေးလမ်း
- ၆း၁၀ စားဖိုဆောင်ချစ်သူ
- ၆း၃၅ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - -ချစ်သူတို့စိတ်ဝမ်းအေးချမ်းပါစေ (အပိုင်း-၅၉)
  - -VOA အင်္ဂလိပ်စာသင်ခန်းစာ
  - -လူ့ရွှင်တော်စကား
  - -ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
  - -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အနားမညီတြိဂံ (အပိုင်း-၂၃)

### MRTV-4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော် + ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၄၀ "နိဗ္ဗာန်ရည်မှန်း မြတ်သက်န်း" တရားတော် [ဆရာတော်ဒေါက်တာ အရှင်ပညိသရာဘိဝံသ (ဓမ္မဒူတ)]
- ၈း၀၀ Cartoon Series (Welcome To Sky Ville)
- ၉း၀၅ Drive It
- ၁၀း၁၅ ခေတ်သစ်ပျိုမေ
- ၁၁း၀၅ Star တို့ရဲ့လက်ရာ
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [ရန့်ပြယ်နှင်းဆီ (အပိုင်း-၃)]
- ၃း၅၀ ရန်ကုန်မြင်ကွင်းကျယ် (အချစ်မျှော်စင် The First Wedding Fair of Novotel Hotel)
- ၅း၃၅ Fashion Week
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ကတိစကား" (အပိုင်း-၃၂)
- ၇း၁၅ Let's Talk
- ၈း၀၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [သေရည်ကိုရွှေရည်မှတ်ပါလို့ (အပိုင်း-၁)]
- ၈း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၇၉)
- ၉း၃၀ L'OREAL Cannes Inspiration Event
- ၁၀း၀၀ MUSIC LIVE Tonight
- ၀၀း၀၅ MRTV-4 Stage

# အိုလံပစ်ပြိုင်ပွဲတွင် နည်းပြက ကစားသမားဟန်ဆောင်မှုဖြစ်ပွား၍ စည်းမျဉ်းစည်းကမ်းထိန်းသိမ်းကြီးကြပ်ရေးကော်မတီ ဖွဲ့စည်း




ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၁၆ ရီယိုအိုလံပစ်ပြိုင်ပွဲတွင် ကင်ညာ အားကစားနည်းပြတစ်ဦးဖြစ်သည့် ဂျွန် အန်းဇ်ရက်သည် မီတာ ၈၀၀ အပြေးသမားတစ်ဦးအသွင် လိမ်ညာဟန်ဆောင်ကာ ဆီးနမူနာပေးခဲ့ခြင်းကြောင့် အဆိုပါအားကစားနည်းပြကို ကင်ညာနိုင်ငံသို့ ပြန်ခိုင်းခဲ့သည်။

အဆိုပါပြဿနာဖြစ်ပွားခဲ့ပြီးနောက် နိုင်ငံတကာအိုလံပစ်ကော်မတီသည် အားကစားသမားများနှင့် နည်းပြများအား စောင့်ကြည့်လေ့လာရန်အတွက် စည်းမျဉ်းစည်းကမ်းထိန်းသိမ်းကြီးကြပ်ရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

အိုလံပစ်ပြိုင်ပွဲ၏ မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရမည့်ကစားသမားမှာ ပြီးခဲ့သည့်နှစ်က ကမ္ဘာ့ချန်ပီယံဖြစ်ခဲ့သည့် ဖာဂူဆန်ရိုတစ်ဖြစ်ပြီး ကင်ညာနိုင်ငံအတွက် ရွှေတံဆိပ်ဆွတ်ခူးပေးနိုင်မည့် ကစားသမားတစ်ဦးအဖြစ်လည်း ရေပန်းစားနေသူဖြစ်သည်။

"ကစားသမား အသွင်ယူကာ လိမ်ညာဟန်ဆောင်ခဲ့တဲ့ အန်းဇ်ရက်ကို ကင်ညာနိုင်ငံကို ပြန်ခိုင်းခဲ့ပါပြီ။ အန်းဇ်ရက်ဟာ ကစားသမားတစ်ဦးအဖြစ်နဲ့ ဟန်ဆောင်ပြီး စာရွက်စာတမ်းတွေမှာ လက်မှတ်ထိုးခဲ့တဲ့အပြင် ဆီးနမူနာကိုလည်း ပေးခဲ့ပါတယ်။ ကျွန်တော်တို့ကတော့ အဲဒီလိုမျိုး အပြုအမူမျိုးကို သည်းခံနေမှာ မဟုတ်ပါဘူး"ဟု ကင်ညာနိုင်ငံ အမျိုးသားအိုလံပစ်ကော်မတီဥက္ကဋ္ဌ ကစ်ကီနိုက ပြောကြားခဲ့သည်။

အန်းဇ်ရက်သည် မီတာ ၈၀၀ အပြေးသမား ရိုတစ်အား စစ်ဆေးနေသော ထိန်းချုပ်ရေးအရာရှိတစ်ဦးကို ချဉ်းကပ်ကာ ရိုတစ်အတွက် ဆီးနမူနာ ပံ့ပိုးပေးရန် တောင်းဆိုခဲ့ကြောင်းလည်းသိရသည်။

ကင်ညာနိုင်ငံ တာဝေးအပြေးသမား ဖာဂူဆန်ရိုတစ်ကမူ ယင်းကိစ္စနှင့် ပတ်သက်၍ ငြင်းဆိုသွားခဲ့သည်။

သို့ရာတွင် ပြိုင်ပွဲကာလအတွင်း ဤကဲ့သို့သော အဖြစ်အပျက်များ ထပ်မံမဖြစ်ပွားစေရေးအတွက် ကစားသမားများ၊ နည်းပြများနှင့် စပ်လျဉ်း၍ လေ့လာစောင့်ကြပ်နိုင်ရန်အတွက် စည်းမျဉ်းစည်းကမ်း ထိန်းသိမ်းကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းခဲ့သည်။

## ၂၀၁၆ ရီယို အိုလံပစ်ပြိုင်ပွဲ ထိပ်ဆုံး နိုင်ငံ ၂၀ ၏ ဆုရရှိမှုအခြေအနေ

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | အမေရိကန် | ၁၆ | ၁၂ | ၁၁ | ၃၉ |
| ၂ | တရုတ် | ၁၁ | ၈ | ၁၂ | ၃၁ |
| ၃ | ဂျပန် | ၇ | ၂ | ၁၃ | ၂၂ |
| ၄ | ဗြိတိန်နှင့်မြောက်အိုင်ယာလန် | ၆ | ၆ | ၆ | ၁၈ |
| ၅ | ဩစတြေးလျ | ၅ | ၅ | ၆ | ၁၆ |
| ၆ | တောင်ကိုရီးယား | ၅ | ၃ | ၄ | ၁၂ |
| ၇ | ဂျာမနီ | ၅ | ၃ | ၁ | ၉ |
| ၈ | ဟန်ဂေရီ | ၅ | ၁ | ၁ | ၇ |
| ၉ | ရုရှား | ၄ | ၈ | ၈ | ၂၀ |
| ၁၀ | အီတလီ | ၃ | ၆ | ၄ | ၁၃ |
| ၁၁ | ပြင်သစ် | ၃ | ၄ | ၅ | ၁၂ |
| ၁၂ | ကာဇက်စတန် | ၂ | ၂ | ၃ | ၇ |
| ၁၃ | နယ်သာလန် | ၂ | ၂ | ၂ | ၆ |
| ၁၄ | ထိုင်း | ၂ | ၁ | ၁ | ၄ |
| ၁၅ | စပိန် | ၂ | ၀ | ၁ | ၃ |
| ၁၆ | ဆွစ်ဇလန် | ၂ | ၀ | ၁ | ၃ |
| ၁၇ | ခရိုအေးရှား | ၂ | ၀ | ၀ | ၂ |
| ၁၈ | နယူးဇီလန် | ၁ | ၅ | ၀ | ၆ |
| ၁၉ | ကနေဒါ | ၁ | ၂ | ၅ | ၈ |
| ၂၀ | ဆွီဒင် | ၁ | ၂ | ၁ | ၄ |

**မှတ်ချက် -**
၁၂-၈-၂၀၁၆ရက် မြန်မာစံတော်ချိန် ည ၁၁ နာရီ ရလဒ်များဖြစ်ပါသည်။

ငွေကြယ် - စုစည်းသည်။

# လက်ရှိချန်ပီယံ အန်ဒီမာရေး တစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်တက်




ဗြိတိန်ကိုယ်စားပြု တင်းနစ်သမားဖြစ်သည့် လက်ရှိချန်ပီယံ အန်ဒီမာရေးသည် ၂၀၁၆ ရီယို အိုလံပစ်ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့သော်လည်း ဗြိတိန်ကိုယ်စားပြု တင်းနစ်မယ် ဂျိုဟန်နာကွန်တာမှာမူ အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် ရှုံးနိမ့်ခဲ့ခြင်းကြောင့် ပြိုင်ပွဲမှ ထွက်ခဲ့ရပြီဖြစ်သည်။

အန်ဒီမာရေးသည် (၁၆)ဦးအဆင့်တွင် အီတလီတင်းနစ်ကစားသမား ဖာဘီယိုဖော့ဂ်နီနီအား ၆-၁၊ ၂-၆၊ ၆-၃ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် စပိန်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်သည် ပြင်သစ်တင်းနစ်ကစားသမား ဆီမွန်အား ၇-၆၊ ၆-၃ ဖြင့် လည်းကောင်း၊ ချက်တင်းနစ်ကစားသမား မွန်ဖီးလ်သည် ခရိုအေးရှားတင်းနစ်ကစားသမား မာရင်စီလစ်အား ၆-၇၊ ၆-၃၊ ၆-၄ ဖြင့်လည်းကောင်း၊ အာဂျင်တီးနားတင်းနစ်ကစားသမား ဒယ်ပေါ်ထရိုသည် ဂျပန်တင်းနစ်ကစားသမား ဒန်နီယယ်အား ၆-၇၊ ၆-၁၊ ၆-၂ ဖြင့်လည်းကောင်း၊ ဂျပန်တင်းနစ်ကစားသမား နီရှိကိုရီသည် ဆလိုဗက်ကီးယားတင်းနစ်ကစားသမား အန်ဒရီမာတင်အား ၆-၂၊ ၆-၂ ဖြင့်လည်းကောင်း၊ ဘရာဇီးတင်းနစ်ကစားသမား ဘယ်လက်စီသည် ဘယ်လ်ဂျီယံတင်းနစ်ကစားသမား ဂိုဖင်အား ၇-၆၊ ၆-၄ ဖြင့်လည်းကောင်း၊ စပိန်တင်းနစ်ကစားသမား ရောဘတ်တိုဘော်တစ်စတာသည် လူဇင်ဘတ်တင်းနစ်ကစားသမား ဂီးလက်စ်မူလာအား ၆-၄၊ ၇-၆ ဖြင့်လည်းကောင်း၊ အမေရိကန် တင်းနစ်ကစားသမား စတိဗ်ဂျွန်ဆင်သည် ရုရှားတင်းနစ်ကစားသမား ဒန်စကွိုင်းအား ၆-၁၊ ၆-၁ ဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ကြသည်။

၂၀၁၆ ရီယိုအိုလံပစ်ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် နာမည်ကြီးကစားသမားများဖြစ်ကြသည့် အန်ဒီမာရေး၊ ရာဖေးလ်နာဒယ်၊ နီရှိကိုရီ စသည့်ကစားသမားများ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့သော်လည်း အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင်မူ နာမည်ကြီးတင်းနစ်မယ်များ ဖြစ်ကြသည့် ဆရီနာဝီလျံ၊ ကာရိုလိုင်းဝေါ့နီယာကီ၊ ဟယ်သာဝက်ဆန်၊ ဗီးနပ်ဝီလျံ စသည့်တင်းနစ်မယ်များမှာ ပြိုင်ဘက်အသီးသီးကို ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

အန်ဒီမာရေးသည် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်ခဲ့သည့်အပြင် အမျိုးသားအမျိုးသမီး နှစ်ယောက်တွဲ ပြိုင်ပွဲတွင်လည်း ဟယ်သာဝက်ဆန်နှင့်အတူ တွဲဖက်ကာ စပိန်တင်းနစ်အတွဲဖြစ်သည့် ဖာရာနှင့် ဆွာရတ်ဇ်နာဗာရိုတို့အား အနိုင်ရရှိခဲ့သည်။

အန်ဒီမာရေးသည် အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် အမေရိကန် တင်းနစ်ကစားသမား စတိဗ်ဂျွန်ဆင်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

## ဗလင်စီယာနောက်ခံလူ မူစတာဖီနှင့်အာဆင်နယ် သဘောတူညီချက်ရရှိ



ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသည် စပိန်လာလီဂါကလပ် ဗလင်စီယာအသင်းမှ နောက်တန်းကစားသမား မူစတာဖီအား ပြောင်းရွှေ့ကြေးပေါင် သန်း ၃၀ ဖြင့် ခေါ်ယူရန် သဘောတူညီချက်ရရှိထားကြောင်း သိရသည်။

အာဆင်နယ်အသင်းသည် ဂျာမနီကြယ်ပွင့် နောက်တန်းကစားသမား မူစတာဖီအား ငါးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုရန်ရှိနေပြီး တစ်ပတ်လုပ်ခလစာကို ပေါင် ၇၅၀၀၀ ပေးမည်ဖြစ်ကြောင်းလည်း သိရသည်။

နည်းပြအာစင်ဝင်းဂါးသည် လက်ရှိအာဆင်နယ်အသင်းတွင် နောက်တန်းခံစစ်ပိုင်းပြဿနာတစ်ရပ်ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် မူစတာဖီအား ခေါ်ယူရန် ပြင်ဆင်ခဲ့ခြင်းဖြစ်ပြီး လီဗာပူးအသင်းနှင့် ယှဉ်ပြိုင်ရမည့် ၂၀၁၆-၂၀၁၇ ပရီမီယာလိဂ်ရာသီအဖွင့်ပွဲစဉ်တွင် ချမ်ဘာနှင့် နာချိုမွန်ရီးယဲလ်တို့ကို ရွေးချယ်ထားသည်။လက်ရှိအာဆင်နယ်အသင်းတွင် ဝီရှိုင်းယား၊ ဂျန်ကင်ဆန်၊ ဂတ်ဘရီးလ်၊ မာတီဆက်ကာနှင့် ဒန်နီဝဲလ်ဘက်တို့မှာ ဒဏ်ရာပြဿနာများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

**(ငွေကြယ်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်ပိုက်ကျော်ခြင်းပြိုင်ပွဲများ စတင်ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၂**


တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲများကို ယနေ့မှစ၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ စတင်ကျင်းပသည်။

အဆိုပါ တိုင်းဒေသကြီးနှင့် ပြည်နယ်ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားများအဖြစ် အမျိုးသားအသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး သုံးယောက်တွဲ ပြိုင်ပွဲများ၊ အမျိုးသား အမျိုးသမီး နှစ်ယောက်ပြိုင်ပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုမှ ပြိုင်ပွဲဝင် အမျိုးသား အမျိုးသမီးနှင့် ပြိုင်ပွဲဝင်အသင်းများ ပါဝင်ပြီး ဩဂုတ် ၂၀ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မောင်မောင်ဇော်)**

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး



## လမ်းပေါ်က မေးခွန်းများ

ဆူဒိုနင်

မကြာသေးခင်က စာအုပ်မျက်နှာစာမှာ ဗီဒီယိုအပိုင်းတိုလေးနှစ်ခု ကြည့်လိုက်ရပါတယ်။ နှစ်ခုစလုံးကိုကနေ့အခါမှာခေတ်စားနေပြီဖြစ်တဲ့ မော်တော်ယာဉ် မှတ်တမ်းကင်မရာက ရိုက်ထားတာပါ။ နှစ်ခုစလုံးဟာ ကင်မရာတပ်ဆင်ထားတဲ့ အဲဒီမော်တော်ယာဉ်တွေက မော်တော်ဆိုင်ကယ်တွေကိုတိုက်မိတဲ့ အမှုချည်းပါပဲ။

ပထမဆုံးတွေ့လိုက်ရတဲ့ အကွက်ကမော်တော်ယာဉ်ကတည့်တည့်လာတယ်။ အချက်ပြမီးတိုင်ရှိရာလမ်းဆုံမှာပါ။ မျက်နှာချင်းဆိုင် ယာဉ်ကြောကလာနေတဲ့ အထဲကမော်တော်ဆိုင်ကယ် တစ်စီးစ နှစ်စီးစကအတည့်လာနေတဲ့ ယာဉ်တွေကို ဦးစားမပေး၊ ရပ်မစောင့်ဘဲသူတို့ရဲ့ လက်ဝဲဘက်မှာရှိတဲ့ လမ်းထဲကိုကွေ့ဝင်နေကြတာ မြင်ရပါတယ်။ ကင်မရာပါတဲ့ ယာဉ်ကအတည့်အတိုင်းမောင်းနေပါတယ်။ သူလည်းမီးစိမ်းနေတုန်းလေးသွားချင်တာမို့ အရှိန်ရှိနေပါတယ်။ လူနှစ်ယောက်စီးလာတဲ့ မော်တော်ဆိုင်ကယ်ကလည်း သူ့ရှေ့က သွားနှင့်တဲ့ ဆိုင်ကယ်များနည်းတူအတည့်လာနေတဲ့ ယာဉ်ကိုလုံးဝဂရုမစိုက်ဘဲ လက်ဝဲဘက်ကိုကွေ့ချ ဖြတ်ဝင်လိုက်ပါတယ်။

ကင်မရာတပ်ဆင်ထားတဲ့ မော်တော်ယာဉ်က အဲဒီမော်တော်ဆိုင်ကယ်ကို တည့်တည့်ကြီး ဖြတ်တိုက်လိုက်ပါတယ်။ မော်တော်ဆိုင်ကယ် လွင့်သွားတယ်။ ဆိုင်ကယ်ပေါ်က လူနှစ်ယောက်မှာတစ်ယောက်ကစန့်စန့်ကြီး။ နောက်တစ်ယောက်ကတော့ ထလာတာတွေ့လိုက်ရတယ်။ ဒါပထမအပိုင်းတိုတစ်ခုပါ။

သည်အမှုမှာဘယ်သူကလမ်းမှန်၊ ဘယ်သူကအတင်းဖြတ်ဝင်တာလဲဆိုတာရှင်းနေပေမယ့် တကယ့်တကယ် တရားရုံးရောက်တဲ့အခါ ဘယ်လိုစီရင်မှာလဲသိချင်နေမိရပါတယ်။

နောက်အပိုင်းတိုကလည်းမော်တော်ဆိုင်ကယ်နဲ့ပါပဲ။ ကင်မရာတပ်ထားတဲ့ မော်တော်ယာဉ်ကလက်ဝဲဘက်အစွန် ယာဉ်ကြောအတိုင်းမောင်းလာနေပါတယ်။ သူ့ရဲ့ ညာဘက်ယာဉ်ကြောမှာအိမ်သုံးအပေါ့စားကုန်တင်ယာဉ်ငယ်လေးက သွားနေတယ်။ ကင်မရာတပ် ယာဉ်ကအဲဒီ ကုန်တင်ယာဉ်ကိုကျော်တက်လိုက်ချိန်မှာကုန်တင်ယာဉ် ရှေ့ကဆိုင်ကယ်တစ်စီးကယာဉ်ကြောပြောင်းပြီး လက်ဝဲဘက်ယာဉ်ကြော၊ ကင်မရာတပ်ယာဉ်ရဲ့ ရှေ့တည့်တည့်ကိုဘွားခနဲတက်ချလာတယ်။ ဆိုင်ကယ်မောင်းသူဟာ သည်တစ်လမ်းလုံးမှာသူတစ်စီးတည်းသာ ရှိလေဘိသကဲ့သို့ ယာဉ်ကြောမပြောင်းခင် သူပြောင်းမယ့် ယာဉ်ကြောကိုငဲ့ကြည့်တာတွေ ဘာတွေ လုံးဝမလုပ်တာ ရုပ်ရှင်မှတ်တမ်းထဲမှာအတိုင်းသား မြင်ရတယ်။

ကင်မရာတပ်ယာဉ်ကအဲဒီဆိုင်ကယ်ကိုနောက်တည့်တည့်က တိုက်ချလိုက်တယ်။ ပထမအပိုင်းတိုတုန်းကလိုပဲဆိုင်ကယ်လည်းနည်းနည်းလွင့်သွားတယ်။ သည်အပိုင်းမှာ မြင်ရတာကပိုထိတ်လန့်စရာကောင်းတယ်။ ကားရဲ့ ရှေ့လေကာမှန် အက်သွားတယ်။ နောက်ပြီးတော့ ဆိုင်ကယ်မောင်းသူနဲ့အတူဆိုင်ကယ်ပေါ်မှာပါလာတာအမျိုးသမီးတစ်ယောက်နဲ့ လူမမယ် ကလေးနှစ်ယောက်။ ကလေးကိုနတ်စောင့်တယ်လို့ပဲပြောရမလားမသိဘူး။ လေးယောက်စလုံးထနိုင်ကြတယ်။ ကလေးနှစ်ယောက်လည်းထနိုင်နေကြသေးတယ်။

သည်ဖြစ်စဉ်မှာရောနောက်ကဝင်ဆောင့်တဲ့ မော်တော်ယာဉ်ကယာဉ်မောင်းသူအရေးယူခံရမှာလား။ သိချင်နေမိတယ်။ တကယ်လို့ သည်ဖြစ်စဉ်နှစ်ခုစလုံးမှာ တစ်တစ်ယောက်ယောက် ဖိတ်စင်သွားခဲ့မယ်ဆိုရင်ရောယာဉ်မောင်းတွေက ပြင်းထန်တဲ့အရေးယူမှုတွေနဲ့ ရင်ဆိုင်ရမှာလားဆိုတာ ပိုပြီးစိတ်ဝင်စားစရာ ကောင်းလာတယ်။

မော်တော်ယာဉ် ဥပဒေတွေ ဘယ်လိုရှိသလဲ၊ တရားရုံးတွေကရောဘယ်လိုစစ်ဆေးစီရင်နေကြသလဲ။ သာမန်လူထုဖြစ်တဲ့ ကျွန်တော်ကောင်းကောင်းမသိတဲ့ ကိစ္စ။

အချက်ပြ မီးတိုင်၊ လမ်းအကျယ်၊ သွားလာနေတဲ့ ကားတွေနဲ့ မော်တော်ဆိုင်ကယ် အရေအတွက်များအရအဲဒီဖြစ်စဉ် နှစ်ခုစလုံးဟာတခြားမြို့တွေမှာ မဟုတ်ဘဲရန်ကုန်မှာပဲ ဖြစ်လောက်တယ်ဆိုတာကိုပါ တွေးမိရတော့ မေးခွန်းတွေ ပေါ်လာပြန်တယ်။ မန္တလေးလိုမြို့မှာဆိုရင် မော်တော်ဆိုင်ကယ်တွေကတင်းကြမ်းနဲ့ဖြစ်နေမှာပါ။ အခုကဆိုင်ကယ် စီးရေသိပ်မများတာကြောင့် အခုလိုပြောလိုက်ရတာပါ။

ဖြစ်နိုင်တာကရန်ကုန် ဆင်ခြေဖုံးဖြစ်ဖို့ များပါတယ်။ အခုအခါ ရန်ကုန်ဆင်ခြေဖုံးတွေမှာမော်တော်ဆိုင်ကယ်တွေကိုအတွေ့ရများလာတဲ့အပြင် အငှားလိုက်တဲ့ ဆိုင်ကယ်တွေတောင် ရှိလာနေပြီဆိုတာ ကြားသိနေရပါတယ်။ ဘယ်တုန်းကစပြီးရန်ကုန်လမ်းတွေမှာဆိုင်ကယ်တွေ မောင်းခွင့် ရသွားတာလဲလို့ သိချင်မိရပြန်တယ်။ ကျွန်တော် သိထားသလောက်ကရန်ကုန်မှာ ဆိုင်ကယ်စီးခွင့် မရှိပါဘူး။ စီးခွင့်သာရှိမယ်ဆိုရင် ကျွန်တော် အရင်ဆုံးစစီးမိမှာပါ။ ခုကာလ ကြပ်သိပ်လှတဲ့ ရန်ကုန်လမ်းတွေပေါ်မှာ ဆိုင်ကယ်ကအင်မတန်ခရီးတွင်ပါလိမ့်မယ်။

နောက်ဆက်တွဲမေးခွန်းကအဲဒီ ဆိုင်ကယ်တွေကတရားဝင် မှတ်ပုံတင်ထားတဲ့ ဆိုင်ကယ်တွေလား။ တရားမဝင်တွေလား။

တရားလည်းမဝင်၊ ဆိုင်ကယ်တွေလည်းစီးနင်းခွင့်မရှိတဲ့ မြို့ကြီးမှာ မော်တော်ယာဉ်ကဆိုင်ကယ်ကိုအထက်က ဖြစ်ရပ်နှစ်ခုလိုမတော်တဆဝင်တိုက်မိပြီးဆိုင်ကယ်ပေါ်ကလူတစ်ယောက်ယောက်၊ နှစ်ယောက်ယောက် ဖိတ်စင်သွားရင် အဲဒီမော်တော်ယာဉ်မောင်းသူက ပြစ်ဒဏ်သင့်မယ်ဆိုတာမျိုးကရော ဖြစ်သင့်ဖြစ်ထိုက်သလား။

ကျွန်တော့် မေးခွန်းတွေကိုတာဝန်ရှိသူတစ်ယောက်ယောက်က ဖြေပေးတော်မူပေးပါမယ့်အကြောင်းမပြောရဲပြောရဲနဲ့ ပြောကြည့်လိုက်တယ်ဗျာ။ အားလုံးအတွက် တွေးဆဆင်ခြင်စရာသာမကတာဝန်ရှိသူတွေဘက်က တစ်ခုခု ပြတ်ပြတ်သားသား လုပ်ကိုင်ဆောင်ရွက်ပေးချင်စိတ်လေးပါပေါ်ပေါက်လာမယ်ဆိုရင်တော့ အတိုင်းအထက် အလွန်ပေါ့နော်။ ။

> တရားလည်းမဝင်၊ ဆိုင်ကယ်တွေလည်းစီးနင်းခွင့်မရှိတဲ့ မြို့ကြီးမှာ မော်တော်ယာဉ်ကဆိုင်ကယ်ကို အထက်က ဖြစ်ရပ်နှစ်ခုလိုမတော်တဆ ဝင်တိုက်မိပြီး ဆိုင်ကယ်ပေါ်ကလူတစ်ယောက်ယောက်၊ နှစ်ယောက်ယောက် ဖိတ်စင်သွားရင် အဲဒီမော်တော်ယာဉ်မောင်းသူက ပြစ်ဒဏ်သင့်မယ်ဆိုတာမျိုးကရော ဖြစ်သင့်ဖြစ်ထိုက်သလား။

# ကလေးများဘဝ ကျန်းမာရေးအထူးကြပ်မတ်ဆောင်ရွက်ပေး

**နေပြည်တော် ဩဂုတ် ၁၂**

ဇမ္ဗူသီရိမြို့နယ် ကျန်းမာရေးဦးစီးဌာနအနေဖြင့် ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများ၏ကျန်းမာရေးကို ကွင်းဆင်းဆောင်ရွက်ပေးရာတွင် အပတ်စဉ်အရှိန်အဟုန်မပျက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်အတွင်းရှိ Wisdom Hill ကိုယ်ပိုင်အလယ်တန်းကျောင်း၌ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် ကျောင်းသား ကျောင်းသူလေးများ၏ ကျန်းမာရေးအခြေအနေ စစ်ဆေးပေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ပေးသည်။

ရှေးဦးစွာ မိခင်ကလေးကျန်းမာရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာမြတ်မြတ်ခိုင်က အာဟာရမျှတအောင် စားသုံးနိုင်ရေး၊စားသုံးရန်သင့်/မသင့်သော အစားအစာများအကြောင်းနှင့် တစ်နေ့တာကျန်းမာရေးလှုပ်ရှားပုံ များကို ရှင်းလင်းဟောပြောပြီး မြို့နယ်သူနာပြုအဆင့်(၁) ဒေါ်ငြိမ်းငြိမ်းလှုက သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျောရောဂါ၊ ဆီးချို၊ သွေးချိုရောဂါ၊ မူးယစ်ဆေးများအကြောင်း၊ ခုခံအားကျဆင်းမှုကူးစက် ရောဂါများအကြောင်းနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းခြင်းနှင့် လက်ဆေးနည်းများကို ကျောင်းသား၊ကျောင်းသူလေးများနှင့်အတူ လက်တွေ့သရုပ်ပြသခဲ့သည်။

ဆက်လက်၍ မြို့နယ်သူနာပြုအဆင့်(၁) ဒေါ်ငြိမ်းငြိမ်းလှု က ပျို့ရွယ်သူကျန်းမာရေးအကြောင်းအရာနှင့်ပတ်သက်ပြီး ရှောင်ရန်၊ဆောင်ရန်အချက်များကို ကျောင်းသူလေးများအား သီးသန့်ဆွေးနွေး ပြောကြားသည်။

ထို့နောက် ဒေါက်တာမြတ်မြတ်ခိုင်နှင့် အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူလေးများ၏ ကျန်းမာရေးအခြေအနေ စစ်ဆေးပေးခြင်း၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းမှုရှိ၊ မရှိစစ်ဆေးခြင်း၊ ကျောင်းသားနှင့် အိမ်သာအချိုးမျှတမှုရှိ/မရှိစစ်ဆေးခြင်းနှင့် သောက်သုံးရေလုံလောက်မှုရှိ၊ မရှိစစ်ဆေးခြင်းများကို ဆောင်ရွက်ပေးသည်။

Wisdom Hill ကိုယ်ပိုင်အလယ်တန်းကျောင်းမှ ဒုတိယကြီးကြပ်အုပ်ချုပ်ရေးမှူး ဒေါ်ခိုင်သဇင်က "အခုလိုကျန်းမာရေးဝန်ထမ်းများအနေနဲ့ သီးသန့်လာရောက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ မိဘတွေအနေနဲ့ မအားလပ်လို့ မစစ်ဆေးပေးနိုင်တဲ့ ကလေးတွေကို ကျောင်းကစောင့်ရှောက်ပေးတဲ့အပြင် ကျန်းမာရေးဦးစီးဌာနကပါ ပူးပေါင်းဆောင်ရွက်ပေးတော့ ကလေးတွေကျန်းမာရေးအတွက် ပိုပြီးအဆင်ပြေတာပေါ့" လို့ ပြောကြားသည်။

**(သန့်မောင်)**

# ဖာပွန်မြို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်

**ဖာပွန် ဩဂုတ် ၁၂**

ကရင်ပြည်နယ် ဖာပွန်မြို့နယ်အတွင်း ကျေးရွာခြောက်ရွာ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတွက် ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ဖာပွန်ခရိုင် ယွန်းစလင်းခန်းမ၌ ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရန်ပုံငွေပေးအပ်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူးဦးကျော်သူရက မြစိမ်းရောင်စီမံကိန်း ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်နှင့် အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ကျေးလက်ဒေသနေပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်မည့် လုပ်ငန်းရည်မှန်းချက်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက်စီမံကိန်းအကောင်အထည်ဖော်မည့် ကျေးရွာများအား တစ်ရွာလျှင် ငွေကျပ်သိန်းသုံးရာနှုန်းဖြင့် ကျေးရွာ ခြောက်ရွာအတွက် ငွေကျပ်သိန်း ၁၈၀၀ ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးနှင့် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးကျော်သူရတို့က လွှဲပြောင်းပေးအပ်ရာ ကျေးရွာကော်မတီဝင်များက လက်ခံရယူကြကြောင်း သိရသည်။

**(နေမျိုးလွင်)**




သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

# ငါ့သရောက်မြို့နယ်တွင် မိုးဦးနှမ်းများနုတ်သိမ်းချိန် မိုးရွာသွန်းနေ၍တောင်သူများ လုပ်ငန်းအခက်ကြုံ



မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်တွင် သီတဂူဇောတိကစက္ခုဒါနဆေးရုံမှ ဆရာတော် အရှင်ဇောတိကအဖွဲ့နှင့် နယ်မြေခံတပ်ရင်းမှ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးအောင်လွင် ဦးဆောင်သော အဖွဲ့သည် ဩဂုတ် ၁၀ ရက် နံနက် ၈ နာရီက မကွေးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအေးကျော်၊ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းနှင့် အဖွဲ့ဝင်များလိုက်ပါလျက် အောင်လံမြို့နယ်အတွင်းရှိ ရေဘေးသင့်ဒေသများဖြစ်ကြသော ကျော်စွာ၊ သရက်တော၊ ကံမလေး၊ ဆည်လောင်း၊ ဇေယျာကျေးရွာတို့မှ ရေဘေးကြုံတွေ့နေရသော အိမ်ထောင်စု ၇၁၅ စုတို့အတွက် ဆန်၊ ခေါက်ဆွဲခြောက်ထုပ်၊ သောက်ရေသန့်နှင့် ထမင်းထုပ်များကို အလှူရှင်များကိုယ်စား သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- သိန်းလွင်(ပြန်ဆက်)

**ငါ့သရောက် ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်တွင် ဇူလိုင်လအတွင်း မိုးရွာသွန်းမှုအားနည်းခဲ့သော်လည်း ယခု ဩဂုတ်လတွင် မိုးများအဆက်မပြတ်ရွာသွန်းလျက်ရှိရာ မိုးဦးနှမ်း နုတ်သိမ်းရန် အခက်ကြုံနေကြောင်း သိရသည်။

ယခုအချိန်သည် ငါ့သရောက်မြို့နယ်အတွင်းရှိ အညာကျေးလက်ဒေသများတွင် မိုးဦးနှမ်းများ ရင့်မှည့်နေချိန်ဖြစ်၍ တောင်သူအများစု မိုးဦးနှမ်းများ နုတ်သိမ်းလျက်ရှိရာ ယခုလတွင် မိုးများ အဆက်မပြတ်ရွာသွန်းမှုများရှိနေ၍ တောင်သူများ နှမ်းနုတ်လုပ်ငန်းနှင့် နုတ်ပြီးနှမ်းများ နေလှမ်းအခြောက်ခံပြီး နှမ်းစေ့ခါယူခြင်းလုပ်ငန်းများ လုပ်ကိုင်ရာတွင် အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း ငါ့သရောက်မြို့နယ် ဖြူကြီးကျေးရွာ တောင်သူတစ်ဦးထံမှ သိရသည်။

"ကျွန်တော်တို့ ငါ့သရောက်မြို့နယ်မှာ ပြီးခဲ့တဲ့လတုန်းက ရက်အတန်ကြာ မိုးရွာသွန်းမှု လျော့နည်းသွားခဲ့ပါတယ်။ အခု ဩဂုတ်လမှာတော့ မိုးက အဆက်မပြတ် ဆိုသလို ရွာသွန်းပေးနေပြန်ပါတယ်ဗျာ။ ဒါပေမယ့် ယခုလမှာ မိုးရွာတာက ကျွန်တော်တို့တောင်သူတွေအတွက် အခက်အခဲတွေ ကြုံတွေ့နေရပါတယ်။

'ဘာကြောင့်လဲဆိုတော့ ဒီအချိန်က ကျွန်တော်တို့မြို့နယ်မှာ တောင်သူတွေ မိုးဦးနှမ်းတွေ နုတ်သိမ်းနေရတဲ့ အချိန်ဖြစ်လို့ပါ။ အခုလို မိုးအဆက်မပြတ်ရွာသွန်းနေတာဟာ ကျွန်တော်တို့တောင်သူတွေ နှမ်းနုတ်လို့လဲ အဆင်မပြေသလို နုတ်သိမ်းပြီးတဲ့ နှမ်းတွေကိုနေလှမ်းအခြောက်ခံပြီး အစေ့ရအောင်ခါယူတဲ့ လုပ်ငန်းတွေ လုပ်ကိုင်မရတော့ပါဘူး။ ဒ့ါအပြင် နှမ်းက မိုးရေတွေနဲ့ဆိုတော့ ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်ပါတယ်။

'ဒီလို မိုးအဆက်မပြတ် ရွာသွန်းနေလို့ အခုဆိုရင် ကျွန်တော်တို့ရွာက တောင်သူတွေ တော်တော်လေးစိတ်ညစ်နေကြပါပြီ။ ဒီနှစ် စောစောတုန်းကလည်း မိုးခေါင်လို့ နှမ်းပင်တွေ အောင်မြင်ဖြစ်ထွန်းမှုလျော့နည်းသွားခဲ့ပြီး တောင်သူတိုင်း နှမ်းကောင်းကောင်း မနုတ်ကြရပါဘူး။ အခု နှမ်းနုတ်သိမ်းချိန်မှာ မိုးကရွာလာပြန်တော့ တောင်သူတွေ နှမ်းအရနည်းလို့ စိတ်ညစ်နေကြတဲ့အထဲ မိုးရွာလို့ ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်ပြန်ပြီဆိုတော့ တောင်သူတွေ လုပ်ငန်းလုပ်ရတာ အခက်အခဲအမျိုးမျိုးနဲ့ ကြုံတွေ့နေရပါတယ်" ဟု ငါ့သရောက်မြို့နယ် ဖြူကြီးကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပေးအပ်ပွဲအခမ်းအနား ဖန်းမောက်မြို့၌ကျင်းပ

**ဖန်းမောက် ဩဂုတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် မံယူးပေကုန်းအုပ်စု ပေကုန်းကျေးရွာ၌ လူထုဗဟိုပြု စီမံကိန်းရန်ပုံငွေဖြင့် ဆောက်လုပ်သည့် အမက(ခွဲ)ကျောင်းဆောင်သစ် ဖွင့်ပွဲ အခမ်းအနားကိုဩဂုတ် ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲက အဆိုပါကျောင်းဆိုင်းဘုတ်မှခ်ဦးရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးငြိမ်းနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်နန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

"ကျွန်တော်တို့အနေနဲ့ ယခုလို အလျား ပေ ၈၀၊ အနံ ပေ ၂၀ရှိတဲ့သွပ်၊ အုတ်၊ တစ်ထပ်ကျောင်းဆောင်သစ် အဆောက်အအုံကို ကျွန်တော်တို့ကျေးရွာက ပြည်သူတွေက တိုင်ထူမတ်မိုး အဖြစ်ဆောင်ရွက်ထားရှိခဲ့တာဖြစ်ပြီးတော့ ကျန်ရှိနေတဲ့ လုပ်ငန်းတွေကို လူထုဗဟိုပြုစီမံကိန်းရန်ပုံငွေ ၈၆ သိန်းဖြင့် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးသွားပြီဆိုတော့ ကျွန်တော်တို့ရွာမှာရှိတဲ့ သားငယ်၊ သမီးငယ်တွေ လုံလုံခြုံခြုံနဲ့ ကျောင်းစာသင်ကြားနိုင်တော့မှာ ဖြစ်တဲ့အတွက် ကျွန်တော်အပါအဝင် ကျောင်းသားမိဘတွေကတော့ ဝမ်းသာနေကြတာပေါ့ဗျာ" ဟု အဆိုပါကျေးရွာမှ ကျောင်းသားမိဘတစ်ဦးက ပြောသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးပြည့်ဖြိုးငြိမ်းနှင့် မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ်ပညာရေးမှူး ဦးမျိုးဝင်းတို့က အမှာစကားပြောကြားကြပြီး ကျောင်းဆောက်လုပ်ရေးကော်မတီမှ ဦးလှအောင်က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ဆက်လက်၍ အဆိုပါကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းဦးက ကျောင်းဆောင်သစ်အဆောက်အအုံနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး စာရွက်စာတမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ ဒုမြို့နယ်ပညာရေးမှူး ဦးမျိုးဝင်းက လက်ခံရယူခဲ့ကြောင်းသိရသည်။ **မေသူ(ဗန်းမောက်)**

## မိုးညိုမြို့နယ်ရှိ စပါးစိုက်ခင်းများ မြစ်ရေဝင်ရောက်မှုကြောင့် ရေကြီးနစ်မြုပ်

**မိုးညို ဩဂုတ် ၁၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ဘုရားကြီးကုန်း-ခအောင်းပင် ရေကာတာကျိုးပေါက်မှုကြောင့် ဩဂုတ် ၁၀ ရက် ညနေပိုင်းအထိ လယ်မြေများအား ရေလွှမ်းမိုးလျက်ရှိနေကြောင်း သိရသည်။

မြစ်မခရေ စီးဝင်မှုအရှိန်အဟုန်ကြောင့် ထန်းပင်ကုန်းအုပ်စု ငါးကျီးရွာနှင့် ကရင်ချောင်အုပ်စု ငါးကျီးရွာတို့မှ အိမ်ခြေ ၁၇၄ လုံး ရေစီးနောက်မျောပါ၍ ပျက်စီးခဲ့သည်။ ဧရာဝတီမြစ်ရေကြီးပြီး ရေကာတာကျိုးပေါက်မှုကြောင့် ရေများဝင်ရောက်သည့် ကျေးရွာအုပ်စု ၃၂ အုပ်စု၊ ကျေးရွာပေါင်း ၁၃၅ ရွာတို့မှာ ရေမြုပ်လျက်ရှိပြီး စပါးစိုက်တောင်သူ ၅၇၇၀ ၏ စိုက်ပျိုးထားသည့် စပါးစိုက်ဧက ၂၁၅၂၀ တို့မှာ ရေလွှမ်းမိုးလျက်ရှိနေသည်။

မြစ်ရေဝင်ရောက်မှုမှာ ရပ်တန့်ခြင်းမရှိသေးသည့်အတွက် နောက်ထပ် စပါးစိုက်ခင်းများ ထပ်မံပျက်စီးနိုင်သေးကြောင်း မိုးညိုမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဦးလှမျိုးထွန်းက ပြောသည်။ **ဝ၇၁**



## ကွမ်းလုံ၌ ဂျပန်ဦးနှောက်ရောင်ရောဂါတိုက်ဖျက်ရေး အသိပညာပေး

**ကွမ်းလုံ ဩဂုတ် ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ်တွင် ဂျပန်ဦးနှောက်ရောင်ရောဂါသည်သုံးဦး တွေ့ရှိခဲ့ရာ ပြည်သူ့ကျန်းမာရေးအတွက် ဂျပန်ဦးနှောက်ရောင်ရောဂါတိုက်ဖျက်ရေး အသိပညာပေး ဟောပြောပွဲကို ပြည်သူ့ဆေးရုံ ခန်းမဆောင်၌ ဩဂုတ် ၁၀ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်က အမှာစကားပြောကြားပြီး မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာသိန်းမြို့က ဂျပန်ဦးနှောက်ရောင်ရောဂါ လက္ခဏာများအကြောင်း၊ ရောဂါမှာ ခြင်ကိုက်ခြင်းကြောင့် ဖြစ်ပွားရကြောင်း၊ တစ်နှစ်ပတ်လုံး ကူးစက်ဖြစ်ပွားနိုင်ကြောင်း၊ ခြင်ပေါက်ပွားမှုများသော မိုးရာသီနှင့် ဆောင်းရာသီတွင် ဂရုပြုရန်လိုအပ်ကြောင်း၊ အသက်အရွယ်မရွေး ရောဂါဖြစ်ပွားနိုင်ကြောင်းနှင့် ရောဂါပိုးသည် ဝက်မှတစ်ဆင့်ကူးစက်သည့်အတွက် ဝက်မွေးမြူသူများအနေဖြင့် ဝက်များ ခြင်မကိုက်နိုင်အောင် ကာကွယ်မွေးမြူရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး လက်ထောက်ဆရာဝန် ဒေါက်တာကျော်မင်းသက်က ဂျပန်ဦးနှောက်ရောင် ရောဂါဖြစ်ပွားခဲ့သော တာဝမ်ဆီးကျေးရွာ၊ ချင်ဆိုက်ထန်ကျေးရွာနှင့် ဆန်ရှောင်ကျေးရွာတို့သို့ သွားရောက်ပြီး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။ **မိုင်းနိုင်ဇော်(ပြန်/ဆက်)**

## ဧရာဝတီတံတားမှ မြို့ဝင်လမ်းပျက်စီးနေမှု ပြုပြင်ပေးရန် ဒေသခံများလိုလား

**ထီးချိုင့် ဩဂုတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့ ဧရာဝတီမြစ်ကူးတံတား၏ ကျေးဇူးကြောင့် ရန်ကုန်-မန္တလေးနှင့် အောက်အရပ်ဒေသမှ ပြည်သူများ မြစ်ကြီးနားအထိ သွားလာနိုင်ခဲ့သည်။

ဒေသခံပြည်သူများအနေဖြင့်လည်း ဧရာဝတီအရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းကို ယာဉ်မျိုးစုံဖြင့်အချိန်မရွေးသွားလာနိုင်မှုကြောင့် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးများ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

ဇူလိုင်လက ဧရာဝတီမြစ်ရေနစ်မြုပ်နေချိန် အဝေးပြေးယာဉ်ကြီး၊ ယာဉ်ငယ်များ မြို့တွင်းအဝင်လမ်းမှ ဝင်ရောက်မောင်းနှင်ခြင်းကြောင့် ကတ္တရာလမ်းများ ပျက်စီးနေမှုများဖြစ်ပေါ်နေကာ ရပ်ကွက်လူကြီး ဒေသခံပြည်သူများက အဆိုပါတံတားမှမြို့တွင်းဝင်သည့် ကတ္တရာလမ်းအား ပြုပြင်ပေးစေလိုကြောင်း သိရသည်။

"ဒီနှစ် လမ်းပျက်စီးမှုက ပိုဆိုးပါတယ်၊ ရေနစ်နေတဲ့အချိန် မြို့ရှောင်လမ်းကလဲ ရေကျော်နေတော့ ဒီမြို့အဝင်လမ်းကပဲ ယာဉ်ကြီး၊ ယာဉ်ငယ်များ ဖြတ်မောင်းကြပါတယ်။ ကတ္တရာလမ်းတွေ ပျက်တယ်၊ ရေတွေဝပ်ပြီး ဗွက်တွေဖြစ်ကုန်တယ်။ လမ်းကလဲ ကျဉ်း ယာဉ်တစ်စီးနဲ့တစ်စီး တိမ်းဖို့တောင်မလွယ်လှဘူး၊ ဒေသခံပြည်သူတွေရဲ့ ကျန်းမာရေးနဲ့ အသက်အန္တရာယ်ရှိမှုအတွက် ပျက်စီးနေတဲ့လမ်းကို အမြန်ပြုပြင်စေလိုပါတယ်" ဟု ဒေသခံပြည်သူတစ်ဦးကပြောသည်။ **မြို့နယ်(ပြန်/ဆက်)**

## မွေးမြူရေးလုပ်ကိုင်သူများအား ကောင်းမွန်သော မွေးမြူရေးစနစ် အထောက်အကူပြုသင်တန်းပေး

**ရေဦး ဩဂုတ် ၁၂**

ရေဦးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဇီဝလုံခြုံရေး ကောင်းမွန်သော မွေးမြူရေးစနစ်ဖြင့် မွေးမြူရေးလုပ်ငန်းများအောင်မြင်ပြီး အကျိုးစီးပွားဖြစ်ထွန်းစေရန် ရည်ရွယ်ကာ မြစိမ်းရောင်စီမံကိန်းကျေးရွာများမှ မွေးမြူရေးလုပ်ကိုင်ကြသူများ၏လူမှုဘဝကို အကျိုးပြုစေမည့် အခြေခံတိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးအထောက်အကူပြုသင်တန်းကို ဩဂုတ် ၈ ရက် နံနက် ၁၀ နာရီက အဆိုပါဌာနတွင် ခေါ်ယူသင်တန်းပေးခဲ့ကြောင်း သိရသည်။

သင်တန်းတွင် မြို့နယ်မွေး/ကုဦးစီးဌာနမှူး ဒေါက်တာခင်စန်းတင့်က စာတွေ့၊ လက်တွေ့ သင်တန်းပို့ချသွားမည့်အပြင် လက်ထောက်ဆရာ၊ ဆရာမများကလည်း ဘာသာရပ်အလိုက် နားလည်သဘောပေါက်သည်အထိ သင်ကြားပေးခဲ့ကြသည်။

သင်တန်းတွင် သင်ကြားပို့ချသွားသည့် ဘာသာရပ်များမှာ စီးပွားဖြစ် ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ ဘဲ၊ သိုး၊ ဆိတ် နှင့် နို့စားနွားများ စနစ်တကျမွေးမြူရေးနည်းလမ်းများ၊ ဖြစ်ပွားတတ်သော ရောဂါများနှင့် ကူးစက်ရောဂါကာကွယ်ရေးထိန်းချုပ်ခြင်းနည်းလမ်းများ၊ ဇီဝလုံခြုံမှုစနစ်၊ တိရစ္ဆာန်မှလူသို့ ကူးစက်တတ်သောရောဂါများအကြောင်း၊ မေထုန်မဲ့သားစပ်ခြင်း၊ နွားစာချဉ်ဖတ်ပြုလုပ်နည်း၊ ကာကွယ်ဆေးများအကြောင်း၊ တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ ဥပဒေအကြောင်းတို့ကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချကြောင်း အဆိုပါဌာန သင်တန်းအချိန်ဇယားအရ သိရသည်။

သင်တန်းသို့ မိသားစုတစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ကိုင်ကြသည့် မြစိမ်းရောင်စီမံကိန်းကျေးရွာများမှ သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်ကြောင်းသိရသည်။

**သန်းထိုက်(ရေဦး)**



# ကလေး–ကလေးဝ လမ်း မြေသားပိုင်းပြတ်၍ ကတ္တရာမြေသားလမ်းအက်ကွဲနိမ့်ကျမှုဖြစ်ပွား

**ကလေး ဩဂုတ် ၁၂**

ကလေး-ကလေးဝလမ်းပိုင်းဖြစ်သည့် ကလေးဝမြို့နယ် ချောင်းကျဉ်း ကျေးရွာအနီး ကားလမ်း မိုင်တိုင် ၆/ဝ မှ ၆/၄ မိုင်ကြားတွင် အလျားကိုက် ၈၀၀ ကျော် (၃ဖာလုံခန့်) အကျယ် ကိုက် ၁၀၀ ခန့်သည် ဩဂုတ် ၁၀ ရက် နံနက် ၅ နာရီခွဲခန့်က မြေသားအပိုင်းပိုင်းပြတ်၍ သုံးပေခန့် လမ်းသားအက်ကွဲနိမ့်ကျမှု ဖြစ်ပွားရာ လမ်းဘေးရှိ လူနေမြေစိုက်အိမ်ခြောက်လုံး ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရသည်။

ယင်းသို့ဖြစ်ရခြင်းမှာ ယင်းနေရာတစ်ဝိုက်သည် ပြတ်ရွေ့ကြောနေရာအတွင်း ကျရောက်နေခြင်းကြောင့်ဖြစ်နိုင်ပြီး အဆိုပါလမ်းသည် အိန္ဒိယနိုင်ငံမှ ပြုလုပ်ဆောင်ရွက်ပေးထားသော လမ်းမကြီးဖြစ်သည်။ ယင်း ပြတ်ရွေ့အက်ကွဲနိမ့်ကျသွားသော လမ်းနေရာအား လမ်းဦးစီးဌာနမှ ယာယီသွားလာနိုင်ရန် အချိန်နှင့် တစ်ပြေးညီ ပြုပြင်ဆောင်ရွက်ပေးလျက်ရှိရာ ယခုအချိန်တွင် ခြောက်ဘီးကားအဆင့်အထိ သွားလာနိုင်ပြီဖြစ်ကြောင်း၊ ယာယီအသုံးပြုနိုင်ရန်သာ ပြုပြင်ထားနိုင်ခြင်းဖြစ်ပြီး ရေရှည်အတွက် လမ်းအူကြောင်းအသစ် ဖောက်လုပ်ဆောင်ရွက်ရန် လိုအပ်နိုင်ကြောင်း သိရသည်။

အဆိုပါ ဖြစ်ပွားခြင်းသည် ငလျင်၏ ရွေ့ပြေးငလျင်လှုပ်နိုင်မှု နိမိတ်မဟုတ်ကြောင်း၊ ပြတ်ရွေ့ကြောပေါ်တွင် လမ်းမတည်ရှိနေခြင်းနှင့် မြေသားမငြိမ်မသက်ဖြစ်သည့် မြစ်သာမြစ်ဘေးတွင် တည်ရှိခြင်းတို့ကြောင့် ရေတက်ပြီးနောက် ရေပြန်ကျသည့်အချိန်မျိုးတွင် ဖြစ်လေ့ဖြစ်ထဖြစ်ကြောင်း၊ ကလေး-ကလေးဝ-ယာကြီး လမ်းတစ်လျှောက်လုံးသည် မြေသားမငြိမ်မှုကြောင့် လမ်းမများ အမြဲပျက်နေပြီး ၁၉၈၀ ပြည့်နှစ်နှင့် ၂၀၀၀ ပြည့်နှစ် ပတ်ဝန်းကျင်များတွင်လည်း ယခုကဲ့သို့ မြေသားအက်ကွဲနိမ့်ကျမှု၊ မြေသားပြတ်ရွေ့မှုများ ဖြစ်ခဲ့ဖူးကြောင်း အနီးပတ်ဝန်းကျင်ရှိ ဒေသခံများထံမှ သိရသည်။

**ချင်းတွင်းသား**

# ကလေးမြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့ဝင်များအတွက် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲပြုလုပ်

**ကလေး ဩဂုတ် ၁၂**

ကလေးမြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များအတွက် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၁၀ ရက် နံနက် ၈ နာရီက ကလေးမြို့နယ်ရဲတပ်ဖွဲ့၊ ကလေးမြို့မရဲစခန်းရှိ ဓမ္မာရုံ၌ ကျင်းပရာ ကလေးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်နှင့် မိသားစုဝင် ၂၅ ဦး၊ ကလေးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်နှင့် မိသားစုရဲမေ ၉၇ ဦး တက်ရောက်ခဲ့ကြသည်။

အဆိုပါဟောပြောပွဲတွင် ကလေးမြို့ ပြည်သူ့ဆေးရုံကြီးမှ ဒုတိယခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးမှူး(ရောဂါနှိမ်နင်းရေး) ဒေါက်တာစိုးမိုးထွေးက ကွမ်းစားခြင်းကြောင့် စိတ်များကစဉ့်ကလျားဖြစ်ပြီး အိပ်မပျော်ခြင်း၊ ခံတွင်းကင်ဆာဖြစ်ခြင်း၊ သွားများညစ်ပတ်ခြင်းနှင့် သွားဖုံးများတွင် ရေစီးကမ်းပြိုဖြစ်တတ်ခြင်း၊ ကွမ်းစားများပါက အသက်ပါဆုံးရှုံးတတ်ခြင်းများအကြောင်း၊ ဆေးလိပ်သောက်ခြင်းကြောင့် ရုပ်ပိုင်းဆိုင်ရာများ အိုမင်းရင့်ရော်ကြမ်းတမ်းခြင်း၊ လေဖြတ်တတ်ခြင်း၊ သွေးတိုးတတ်ခြင်း၊ အဆုပ်တွင်းရှိ လေပြွန်များပျက်စီး၍ အဆုပ်ရောဂါဖြစ်တတ်ခြင်း၊ အမျိုးသားများအတွက် ကလေးမရနိုင်ခြင်း၊ ခံတွင်းအနံ့မကောင်းခြင်း၊ ခန္ဓာကိုယ်ရှိ အရိုးများကြွပ်လာပြီး ကျိုးလွယ်လာနိုင်ခြင်းတို့ ဖြစ်ပေါ်တတ်ခြင်းများကို အကျယ်တဝင့် ချပြရှင်းလင်းအသိပညာပေးဟောပြောခဲ့သည်။

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်သိန်းက စည်းကော်နှင့် ဒါဘာစည်းဝေးပွဲပြုလုပ်ရာ တပ်ဖွဲ့ဝင်များက လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် အုပ်ချုပ်မှုလျော့နည်း ဖြစ်စဉ်များဖြစ်ပွားမှုမရှိစေရေး၊ တာဝန်ရှိသူအဆင့်ဆင့်မှ ကြပ်မတ်ထိန်းသိမ်းသွားရန်နှင့် မိသားစုဝင်များမှလည်း မိမိ၏ခင်ပွန်းအား လမ်းမှားသို့မရောက်ရှိစေရေးပြောကြားသွားရန်၊ ကွမ်းစားခြင်း၏ဆိုးကျိုးများ၊ ဆေးလိပ်သောက်ခြင်း၏ဆိုးကျိုးများကို မိမိကိုယ်တွေ့ဖြစ်စဉ်များနှင့် နှိုင်းယှဉ်ပြောကြားကြောင်းသိရသည်။ **ဂျိုးနက်**

# ဒီပဲယင်းမြို့နယ်၌ အခြေခံ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးအထောက်အကူပြုလုပ်သားသင်တန်းဖွင့်

**ဒီပဲယင်း ဩဂုတ် ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒီပဲယင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အခြေခံတိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေး အထောက်အကူပြု လုပ်သားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီက အဆိုပါဦးစီးဌာန သင်တန်းခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုးက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဆက်လက်ပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာဥမ္မာအေးက ဇီဝလုံခြုံရေး ကောင်းမွန်သော မွေးမြူရေးစနစ်ဖြင့် မွေးမြူရေးလုပ်ငန်းများအောင်မြင်ရေး၊ တိရစ္ဆာန်များတွင် ကျရောက်ဖြစ်ပွားတတ်သောရောဂါများကို အချိန်မီ ကုသဆောင်ရွက်ပေးနိုင်ရေးနှင့် ကျေးရွာများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် မျှော်မှန်း၍ သင်တန်းကိုဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာမှ သင်တန်းသား၊ သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက် ဖွင့်လှစ်သင်ကြားပို့ချသွားမည် ဖြစ်ကြောင်းသိရသည်။

**အောင်လင်း (ပြန်/ဆက်)**

# စပါးဖျက်ခရုများလာ၍ ပေါင်မြို့နယ်အတွင်းရှိ တောင်သူအချို့ မျိုးစပါး အခက်တွေ့နေ

**ပေါင် ဩဂုတ် ၁၂**

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ ယခုနှစ်မိုးရာသီတွင် မျိုးစပါးပင်များအား ဒေသအခေါ်အဝေါ် (နာဂစ်ခရု)များ ဖျက်ဆီးစားသောက်ခံရသဖြင့် တောင်သူများ အခက်အခဲဖြင့် ကြုံတွေ့နေရကြောင်း တောင်သူများက ပြောသည်။

ပေါင်မြို့နယ်အတွင်းရှိ ခရုဝင်ရောက်မှုမှာ လွန်ခဲ့သည့် ၂၀၀၈ ခုနှစ် မြန်မာနိုင်ငံကို နာဂစ်မုန်တိုင်းဝင်ရောက်ခဲ့စဉ် ပေါင်မြို့နယ်အတွင်းသို့ စပါးဖျက်ခရု ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

ယခုကျေးရွာများရှိ စပါးပျိုးပင်များကို ဖျက်ဆီးစားသောက်ခဲ့ကြသဖြင့် လယ်သမားများမှာ နှစ်စဉ်မျိုးစပါးအခက်အခဲများနှင့် ကြုံတွေ့နေကြရသည်။ အစိုးရဌာနများမှ ထိရောက်သော ကူညီဖြေရှင်းမှုနည်းလမ်းဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးဘဲ ယခုနှစ်တွင်လည်း မျိုးစပါးပင်များအား ခရုများစားသောက်ခံရသဖြင့် မျိုးပင်အတွက် အခက်အခဲများ ကြုံတွေ့နေကြရကြောင်း လယ်ပိုင်ရှင်များက ပြောသည်။

“ပျိုးခင်းတစ်ခင်းလုံးကို စားသွားတာ၊ အသိတွေဆီမှာ အကူအညီလိုက်တောင်းနေရတယ်။ သူတို့ စိုက်ပြီးလို့ ပိုတယ်ဆိုရင် မျိုးပင်တွေကိုယူ၊ ကိုယ့်လယ်ကွက်ထဲကို နောက်တစ်ကြိမ်စရိတ်အကုန်ကျခံပြီး ပြန်စိုက်နေရတယ်” ဟု သဲကုန်းကျေးရွာမှ ဘီးလူမကွင်းတွင် လယ် ၁၀ ဧက လုပ်ကိုင်သည့် လယ်သမားတစ်ဦးက ပြောသည်။

ထို့အပြင် ညောင်ကုန်းကြီး၊ ထန်းပင်ချောင်လေး၊ ကျုံဟော် စသည့်ကျေးရွာများတွင်လည်း အလားတူ ခရုဖျက်ဆီးခြင်း ခံထားရကြောင်း အဆိုပါ ကျေးရွာအုပ်ချုပ်ရေးမှူးများထံမှ သိရသည်။

စပါးဖျက်ခရုများအား လယ်ကွက်ထဲတွင် တစ်ပတ်လျှင်တစ်ကြိမ် လူအားဖြင့် ကောက်ယူနေကြရာ လယ်ကွက်တစ်ကွက်၌ ကောက်ယူစဉ် စပါးနှစ်တင်းဝင်အိတ်တစ်လုံးအပြည့် ရရှိကြောင်းသိရပြီး ထုချေဖျက်ဆီး သတ်ပစ်ခြင်း၊ အိတ်ကိုချည်ပိတ်၍ သုံးရက်၊ လေးရက်ထားပြီး သေအောင် စီမံပြုလုပ်နေကြရကြောင်း သိရသည်။

ခရုများကို အခြားနည်းလမ်းဖြင့် သတ်ရန်အဆင်မပြေနိုင်သေးကြောင်း၊ လူအားဖြင့် လိုက်လံကောက်ယူသည့် နည်းလမ်းကသာ အကောင်းဆုံးအခြေအနေတွင်ရှိနေကြောင်း ပေါင်မြို့နယ် စိုက်ပျိုးရေးဌာနက အကြံပြုခဲ့သည်။

“ခရုတွေက ဥဘဝထဲက ဖျက်ဆီးဖို့လိုတယ်။ ကုမ္ပဏီအချို့က ခရုသတ်ဆေးထုတ်ပေမယ့် ရေကြီးရင် အလုပ်မဖြစ်ဘူး။ ပညာပေးလုပ်ငန်းအနေနဲ့ ဒီနှစ်ထဲ ၄၃ ကြိမ်လုပ်ခဲ့ပါတယ်။ ဒီအချိန်မှာတော့ လူနဲ့ကောက်တာက ပိုထိရောက်တယ်” ဟု ပေါင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမင်းငြိမ်းသန်းက ပြောသည်။

အဆိုပါ ခရုများမှာ တစ်နှစ်ပတ်လုံး သားပေါက် ဥဥလေ့ရှိပြီး ရေမထိသည့်နေရာ၌သာ ဥများကို ဥကြသည်။ ထိုဥများကို ရေထဲသို့ ကျအောင်လုပ်နိုင်ပါက သားပေါက်အဆင့်သို့ ရောက်မလာတော့ဘဲ ပျက်စီးသွားနိုင်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

ယခုအခါ ပေါင်မြို့ပေါ်ရပ်ကွက်များ၏ လမ်းဘေးရေမြောင်းများတွင်လည်း ကွမ်းသီးလုံး အရွယ်ခန့်ရှိသည့် အဆိုပါခရုများ အများအပြားတွေ့နေရပြီး ထိုခရုများ အရွယ်ရောက်သည့်အခါ လက်သီးဆုပ်လုံး အရွယ်လောက်အထိရှိကြောင်းလည်း သိရသည်။

ပေါင်မြို့နယ်တွင် ၂၀၁၆ ခုနှစ် စာရင်းအရ မိုးစပါးလယ်စိုက်ဧက စုစုပေါင်း ၁၂၆၉၅၆ ဧက ရှိပြီး နွေစပါးစိုက်ဧက ၁၂၀၆၄ ဧက စိုက်ပျိုးခဲ့ကြောင်းနှင့် နွေစပါး စိုက်ပျိုးသည့်လယ်များတွင် အဆိုပါခရုဖျက်ဆီးမှု ပိုမိုခံစားနေရကြောင်း သိရသည်။

**ကိုဟိန်း (ပေါင်)**

# ၂၁ ရာစုပင်လုံငြိမ်းချမ်းရေးညီလာခံအား ထောက်ခံကြိုဆိုသောအားဖြင့် ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်း ရေးဆောင်ရွက်

**မိုးကုတ် ဩဂုတ် ၁၂**

မိုးကုတ်မြို့နယ် ပြည်သူ့ဆေးရုံးကြီးတွင် တက်ရောက်ဆေးကုသခံယူနေသူများအား သန့်ရှင်းသပ်ရပ်ကာ စိတ်လက်ချမ်းသာစွာ ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်ကြစေရန် ရည်ရွယ်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံ အားထောက်ခံသောအားဖြင့် ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မိုးကုတ်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များ၊ မိုးကုတ်ထာပွဲ ကျောက်ကုန်သည်ပွဲစားများအဖွဲ့ (Htarpwe Gem Traders & Brocker Association) ဝင်များ၊ စည်ပင်သာယာရပ်ကွက် လူငယ်များအဖွဲ့(စည်ပင်သာယာ သဟာရကုသလ) အဖွဲ့ဝင်များ၊ ဒါနလူငယ် ကုသိုလ်ပြုအဖွဲ့ဝင်များ၊ ဒါနဥ္စပရဟိတ လူငယ်အဖွဲ့ဝင်များ၊ ရှင်းသန့်မြင်စေ ပတ္တမြားမြေ အဖွဲ့ဝင် လူငယ်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး စုစုပေါင်း လူအင်အား ၂၀၀ ကျော်သည် ဩဂုတ် ၇ ရက် နံနက်ပိုင်းက မိုးကုတ်မြို့နယ် ပြည်သူ့ဆေးရုံးဝင်း စည်းရိုးတစ်လျှောက်နှင့် ဝင်းအတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ခွဲစိတ်ဆောင်၊ ဖျားနာဆောင်၊ မီးဖွားဆောင်နှင့် ကလေးဆောင်တို့ရှိ အမှိုက်သရိုက်များအား ကောက်ယူရှင်းလင်းခြင်း လုပ်ငန်းများအား စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **နေဝါ(မိုးကုတ်)**





## ကော့သောင်းမြို့သည် မိုးရွာသွန်းမှုများသောမြို့ဖြစ်၍ ရေစီးရေလာကောင်းမွန်ရေး စုပေါင်းဆောင်ရွက်

**ကော့သောင်း ဩဂုတ် ၁၂**
ကော့သောင်းမြို့ ပိတောက်ရွှေဝါရပ်ကွက် ရွှေမင်းဝံအလကကျောင်းလမ်း မိုးရာသီကာလ ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများအား ဩဂုတ် ၉ ရက် နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပိတောက်ရွှေဝါရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြန်မာနိုင်ငံ တောင်ပိုင်း ကော့သောင်းမြို့သည် တောင်ကုန်းတောင်စောင်းများပေါ်၌ ရပ်ကွက်များ တည်ဆောက်ဖွဲ့စည်းနေထိုင်ကြရာ မိုးရာသီရောက်တိုင်း နှစ်စဉ် အခြားဒေသများထက် မိုးပိုမိုများပြားစွာရွာသွန်းလေ့ရှိရာ မိုးရေများစီးဆင်းမှု ပိုမိုပြင်းထန်ပြီး လမ်းဘေးဝဲယာ ရေနုတ်မြောင်းများအတွင်း စည်းကမ်းမဲ့ပြည်သူတချို့ အမှိုက်စွန့်ပစ်မှုကြောင့် ရေနုတ်မြောင်းပိတ်ဆို့ကာ လမ်းပေါ် ရေကျော်စီးဆင်းရေ တိုက်စားခံရကာ လမ်းပျက်စီးမှုများ ဖြစ်ပေါ်လေ့ရှိသည်။

ယင်းကြောင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပိတောက်ရွှေဝါရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့ ပူးပေါင်းကာ ရွှေမင်းဝံအလကကျောင်းလမ်းတစ်လျှောက် လမ်းဘေးရေမြောင်းအား ရေစီးရေလာကောင်းမွန်ရေး ပိတ်ဆို့နေသည့် အမှိုက်သရိုက်များ ဖယ်ရှားရှင်းလင်းခြင်း၊ တိမ်ကောနေသည့် ရေနုတ်မြောင်းများအား ပြန်လည်တူးဖော်ပေးခြင်းလုပ်ငန်းများအား စက်ယန္တရားများ အသုံးပြုကာ စုပေါင်း ဆောင်ရွက်ပေးကြခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## စိုက်ပျိုးနည်းပညာပေးခြင်းနှင့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး ဆိုင်များအား ကွင်းဆင်းစစ်ဆေး

**စစ်ကိုင်း ဩဂုတ် ၁၂**
စစ်ကိုင်းမြို့နယ် ညောင်ပင်ဝန်း စိုက်ပျိုးပညာပေးစခန်းတွင် စပါးမျိုးသန့်၊ မျိုးစေ့ ထုတ်လုပ်သူများအသင်း (Seed grower association) အသင်းဝင်တောင်သူများအား မျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်ရန်နှင့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးဆိုင်များ ဥပဒေနှင့်အညီ ဆောင်ရွက်ထားခြင်း ရှိ-မရှိ ကွင်းဆင်း စစ်ဆေးခြင်းကို ဩဂုတ် ၁၁ ရက် နံနက် ၉ နာရီက အဆိုပါစခန်း၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်ဦးက ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး ဥပဒေအကြောင်းအရာများကို အသေးစိတ်ရှင်းလင်း ဆွေးနွေးပြီး ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်မို့မို့အေးက မျိုးသန့် မျိုးစေ့ ထုတ်လုပ်နည်းပညာကိုလည်းကောင်း၊ ခရိုင်မြေအသုံးချရေး တာဝန်ခံ ဒေါ်သန်းသန်းအေးက သီးနှံပင်အာဟာရဓာတ် ထည့်သွင်းအသုံးပြု၍ သီးနှံအထွက်တိုးရေးအတွက် နည်းပညာများကိုလည်းကောင်း၊ မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးမြတ်စိုးက မျိုးကောင်းမျိုးသန့်အသုံးပြုရေးနှင့် ဖြန့်ဖြူးပေးခြင်းလုပ်ငန်း၊ သီးနှံစိုက်ပျိုးနည်းပညာပေးလုပ်ငန်း၊ ဒေသအလိုက် မျိုး၊ ဓာတ်မြေဩဇာ၊ စိုက်စနစ်သုတေသနစမ်းသပ်စိုက်ပျိုးခြင်းလုပ်ငန်းနှင့် နည်းပညာများကို အသီးသီးရှင်းလင်းဆွေးနွေးပေးကြသည်။

ထို့နောက် တက်ရောက်လာကြသော နုံးတွင်း၊ လယ်ကြီး၊ မောင်းထောင်၊ ညောင်ပင်သာ၊ သဖန်းသာ၊ လက်ပံသာ၊ ညောင်ပင်ဝန်း ကျေးရွာတို့မှ တောင်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြပြီး ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးဆိုင်များသို့ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက် ရောင်းချမှု၊ လိုင်စင်ဆောင်ရွက်ထားခြင်း ရှိ-မရှိ တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ဇော်မြင့်နိုင် (ခရိုင် ပြန်/ဆက်)**

## မြန်မာနိုင်ငံသတင်းစာဆရာအသင်း(မူဆယ်)မှ သတင်းမဂ္ဂဇင်းထုတ်ဝေရန် အကြိုညှိနှိုင်း

**မူဆယ် ဩဂုတ် ၁၂**
မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (မူဆယ်)မှ ကြီးမှူးကျင်းပသည့် သတင်း၊ သုတ၊ ရသ မဂ္ဂဇင်း ထုတ်ဝေရန်အတွက် အကြိုညှိနှိုင်း အစည်းအဝေးအား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ဩဂုတ် ၁၀ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပရာ မူဆယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးအယ်လ်စိုးထန်တူးနှင့် မူဆယ်မြို့နယ်အတွင်းရှိ စာရေးဆရာများ၊ မြို့နယ် သတင်းထောက်များ တက်ရောက်ခဲ့ကြသည်။

ခရိုင်ပြန်/ဆက် ဦးစီးမှူးက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (မူဆယ်) အသင်းဝင်များ အချင်းချင်း သတင်းပညာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်၊ အချိန်နှင့်တစ်ပြေးညီ အရာရာပြောင်းလဲနေသော အကြောင်းအရာများအား သတင်း၊ ဆောင်းပါး၊ ကဗျာ၊ ဓာတ်ပုံ၊ ဝတ္ထုတို၊ ကာတွန်းများကို သတင်းစာပညာဖြင့် ပြည်သူလူထုအား တင်ပြနိုင်ရန်၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုဆိုင်ရာ သိမှတ်ဖွယ်ရာများကို စဉ်ဆက်မပြတ် သတင်းစာပညာဖြင့် ဖော်ထုတ်ရေးသားရန်၊ အများပြည်သူအကျိုးကို လိုလားထက်သန်စွာဖြင့် အများပြည်သူအကျိုး၊ ပြည်ထောင်စု တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ကိုးကွယ်ရာဘာသာကို မထိခိုက်စေဘဲ ရေးသားတင်ပြရန် စသည်ဖြင့် ပြောကြားခဲ့သည်။ ယင်းနောက် ထုတ်ဝေရေး ကော်မတီကို ဖွဲ့စည်းခဲ့သည်။

**ဆရာမောင်(မူဆယ်)**

## ပုလဲမြို့အတွင်းရှိ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး တိုးမြှင့်ဆောင်ရွက်မည်

**ပုလဲ ဩဂုတ် ၁၂**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာအားလုံးနီးပါးတွင် စာကြည့်တိုက်အဆောက်အအုံများကို ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင်အဆောက်အအုံများအဖြစ် နိုင်ငံတော်အစိုးရ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းနှင့် စေတနာရှင်အလှူရှင်များ၏ မတည်လှူဒါန်းမှုများဖြင့် ဖွင့်လှစ်ထူထောင်ခဲ့ပြီးဖြစ်သော်လည်း ရှင်သန်အောင်မြင်မှု အားနည်းနေသောကြောင့် စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို အရှိန်တိုးမြှင့် ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဩဂုတ် ၁၀ ရက် ညနေ ၃ နာရီခွဲက ပြုလုပ်ခဲ့သည့် မြို့နယ်စာကြည့်တိုက်များဖောင်ဒေးရှင်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

ယင်းအစည်းအဝေးတွင် ပုလဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးဝင်းက "မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များက အားလုံးနီးပါးမှာ ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင်အဆောက်အအုံနဲ့ တည်ရှိနေတာက အသွန်သဏ္ဌာန်အပိုင်းအရ အားသာချက်ရှိပေမယ့်လို့ တကယ့်အနှစ်သာရပိုင်းဖြစ်တဲ့ပြည်သူများရဲ့ သုတ၊ ရသ စာအုပ်များဖတ်ရှုလေ့လာမှုကတော့ အားနည်းနေသေးပါတယ်။ ဒါကြောင့်အသွင်သဏ္ဌာန်ရော၊ အနှစ်သာရပါ ပြည့်စုံပြီးတော့ စာငှားသူ၊ စာဖတ်သူများနဲ့ သက်ဝင်လှုပ်ရှားစေမယ့် စာကြည့်တိုက်များ ပေါ်ထွက်လာစေရေးကို ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်း အဆင့်ဆင့်ကနေ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမှာဖြစ်ပါတယ်" ဟု ပြောသည်။

ပုလဲမြို့နယ်စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးတင်လှ( ပြည်နယ်ပညာရေးမှူး-ငြိမ်း) က "ဆရာတို့ ဖောင်ဒေးရှင်းအနေနဲ့ မြို့နယ်အတွင်းမှာရှိတဲ့ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို အရှိန်တိုးမြှင့် ဆောင်ရွက်နိုင်ရေးအတွက် ဖောင်ဒေးရှင်းမှာရှိတဲ့ အရင်းမပျောက်မတည် ရန်ပုံငွေထဲက ငွေကျပ် သိန်း၂၀ ကို မြန်မာ့စီးပွားရေးဘဏ်ကထုတ်ပြီး ဌာနဝန်ထမ်းတစ်ဦးလျှင် ငွေကျပ်တစ်သိန်းကို အတိုး ၂ ကျပ်နှုန်းဖြင့် ထုတ်ချေးပေးပြီးပြန်လည်ရရှိလာမယ့် အမြတ်ငွေများမှ စာအုပ်၊ စာစောင်ဝယ်ယူရန်အတွက် ၅၀ ရာခိုင်နှုန်း၊ စာဖတ်ရှိန်မြှင့်တင်ရေးပြပွဲ၊ ပြိုင်ပွဲများ ပြုလုပ်ရန်အတွက် ၃၀ ရာခိုင်နှုန်း၊ စီမံခန့်ခွဲစရိတ်အတွက် ၁၀ ရာခိုင်နှုန်းနဲ့ ကျန်တဲ့ ၁၀ ရာခိုင်နှုန်းက အရင်းမပျောက် မတည်ရန်ပုံငွေသို့ ပေးသွင်းသွားမှာ ဖြစ်ပါတယ်။ နှစ်စဉ်ဒီဇင်ဘာလရောက်တိုင်း မြို့နယ်ပြန်/ဆက်၊ ပညာရေးဌာန၊ ရပ်ကွက်/ ကျေးရွာစာကြည့်တိုက်များနဲ့ ပူးပေါင်းပြီး စာဖတ်ရှိန်မြှင့်တင်ရေးပြပွဲ၊ ပြခန်းများ၊ ကျပန်း၊ ပုံပြော၊ ကဗျာရွတ်နှင့် စာစီစာကုံးပြိုင်ပွဲများပြုလုပ်ပေးခြင်း၊ မြို့နယ်ပြန်/ဆက်နှင့်အတူ တစ်လတစ်ကြိမ် ဌာနဆိုင်ရာများ၊ ရုံးများနှင့် ရပ်ကွက်၊ ကျေးရွာများသို့ နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပေးခြင်းနှင့် စာကြည့်တိုက်များမှာ စာအုပ်၊ စာစောင်တိုးပွားရေးအတွက် သုတရသစာအုပ်များ လှူဒါန်းပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ပုလဲမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးမြင့်သိန်းစိုးက "စာကြည့်တိုက်များမှာ စာငှားသူ၊ စာဖတ်သူများဖြင့် သက်ဝင်လှုပ်ရှားမှုရှိစေရေးနှင့် မြို့နယ်ရုံးပြည်သူ့စာကြည့်တိုက်အား Community Library အဖြစ် တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် စာငှားသူ၊ စာဖတ်သူများ ယခင်ကထက် ပိုမို ဝင်-ထွက်သွားလာစေရန် စာအုပ်၊ စာစောင်များ ငှားရမ်းဖတ်ရှုမှုအပြင် စာဖတ်ဝိုင်းများ၊ စာအုပ်ပြပွဲများ၊ စာဖတ်ရှိန်မြှင့်တင်ရေးပွဲများ၊ ဌာနဆိုင်ရာများနှင့် မြို့ပေါ်ရပ်ကွက်ရှိ အိမ်ထောင်စုများသို့ သုတရသစာအုပ်များ အိမ်တိုင်ရာရောက် စာငှားပေးခြင်းနှင့် နယ်လှည့်စာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသကဲ့သို့ မြို့နယ်စာကြည့်တိုက်များဖောင်ဒေးရှင်း၏ လုပ်ငန်းစဉ်များ ထိရောက် အောင်မြင်မှုရရှိစေရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

**မြို့နယ်ပြန်/ဆက်**

## တောင်ဥက္ကလာပမြို့နယ်အတွင်း အိုမင်းသစ်ပင်များရှင်းလင်း

**ရန်ကုန် ဩဂုတ် ၁၂**
အရှေ့ပိုင်းခရိုင် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးနှင့် ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ခရိုင်မှူးတို့ပူးပေါင်း စီစဉ်ကာ ဩဂုတ် ၁၁ ရက်က တောင်ဥက္ကလာပမြို့နယ်အတွင်း ရေစီးရေလာ အဟန့်အတားဖြစ်စေသည့် သစ်ပင်ကြီးများ၊ လျှပ်စစ်ကြိုးများနှင့် မလွတ်ကင်းသည့်သစ်ပင်များ၊ အိုမင်းရင့်ရော်ပြီး လမ်းသွားလမ်းလာနှင့် မိဘပြည်သူများအတွက် အန္တရာယ်ဖြစ်ပေါ်နိုင်သည့် အပင်များ၊ မော်တော်ယာဉ်နှင့် မလွတ်ကင်းဘဲ မြင်ကွင်းကွယ်စေသည့် အပင်များအား သဘာဝဘေးအန္တရာယ်မကျရောက်စေရေးအတွက် တစ်မြို့နယ်လုံး အတိုင်းအတာဖြင့် ခုတ်ထွင်ကာ ထွက်ရှိလာသည့် သစ်ကိုင်း သစ်ခက်အကျိုးများအား ရှင်းလင်းခဲ့ကြသည်။

"သစ်ပင်ခုတ်တဲ့အဖွဲ့ကို အနီးကပ်ကြီးကြပ်ပြီး ခုတ်ထွင်ရှင်းလင်းရတာပါ။ မလိုလားအပ်တဲ့ ပြဿနာနဲ့ အန္တရာယ် မဖြစ်ဖို့လဲ လိုပါတယ်။ ကိုယ့်မြို့နယ်အတွင်းမှာ သစ်ပင်ပြိုလဲတာတွေ မရှိရအောင်စစ်ဆေးပြီး ဩဂုတ်လဆန်းကစလို့ ၁၁ ရက်နေ့အထိ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေဦးက ပြောသည်။

မိုးသည်းထန်စွာ ရွာသွန်းသည့်အခါနှင့် လေပြင်းတိုက်ခတ်သည့်အခါများတွင် သစ်ပင်ကြီးငယ်မရွေး ပြိုလဲတတ်သဖြင့် မြို့နယ်အတွင်း စည်ပင်မြေပေါ်တွင်သာမက မိဘပြည်သူများ ပိုင်ဆိုင်သည့်မြေတွင် ပေါက်ရောက်လျက်ရှိသည့် အန္တရာယ်ရှိအပင်များကိုလည်း မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် ဆက်သွယ်ကာ ဆောင်ရွက်နိုင်ကြောင်းသိရသည်။

**၅၉၇**



# ရေးမြို့နယ်၌ အခြေခံစားသောက်ကုန်စည် ဈေးကွက်တွင် ဈေးနှုန်းပြောင်းလဲခြင်းမရှိဘဲ ပုံမှန်အရောင်းအဝယ်ဖြစ်နေ

**ရေး ဩဂုတ် ၁၂**

မြစ်ရေများတက်၍ ရေကြီးနစ်မြုပ်မှုများရှိသော်လည်း မွန်ပြည်နယ် ရေးမြို့နယ်သို့ ကုန်စည်များ စီးဆင်းဝင်ရောက်မှုမှာ ယခင်ပုံမှန်အတိုင်းရှိနေ၍ အခြေခံစားသောက်ကုန်များဖြစ်သော ဆန်၊ ဆီ၊ ဆေး၊ ဆား၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ စသောကုန်ပစ္စည်းများမှာမူ ပုံမှန်ဈေးနှုန်းအတိုင်းရှိနေပြီး ဆန်အကောင်းသာ ဈေးအနည်းငယ်တက်နေကြောင်း မြသီတာဈေးတာဝန်ရုံးခန်းမှ နေ့စဉ်ဈေးနှုန်းမှတ်တမ်းပြုစုနေသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ဆီ၊ ဆေး၊ ဆားနှင့် အခြားကုန်များမှာ မြစ်ရေကြီးမှုများကြောင့် လမ်းပန်းဆက်သွယ်ရေး အခက်ခဲများဖြစ်ပေါ်နေသော်လည်း ကုန်စည်များ ဈေးကွက်အတွင်း ပုံမှန်ဝင်ရောက်နေကြောင်း၊ ဆန်အကောင်းသာ သုံးရက်အတွင်းမှာ ဈေးနှုန်းစတက်သွားကြောင်း၊ အရောင်းအဝယ်ကလည်း ပုံမှန်ရှိကြောင်း မြသီတာဈေးမှ ကုန်စုံဆိုင်ရောင်းချသူများထံမှ သိရသည်။

အဆိုပါကုန်စည်များအနက် ဆန်၊ ဆီ၊ ဆေး၊ ဆားနှင့် အခြားကုန်ပစ္စည်းများမှာ ရန်ကုန်၊ မော်လမြိုင်မြို့ပွဲရုံများမှတစ်ဆင့် ဝင်ရောက်လာလျက်ရှိပြီး အဓိကမှာ ဆန်အကောင်းဖြစ်သော လက်ရှိ ရွှေဘိုဆန်ပေါက်ဈေးမှာ ကျပ် ၄၉၀၀၀ ဖြစ်ပြီး ယခင်က ကျပ် ၄၈၀၀၀ ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

## ကြံ့ခိုင်မှုအားနည်းနေသော ကျောင်းဆောင်သစ်အား ပြန်လည်ပြုပြင်ရန်လိုအပ်နေ

**ကျောက်ကြီး ဩဂုတ် ၁၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် နောင်ကုန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ)တွင် ကျောင်းဆောင်သုံးဆောင်အနက် ကျောင်းဆောင်တစ်ဆောင်မှာ လွန်ခဲ့သော နှစ် ၄၀ ကျော်ကဆောက်လုပ်ခဲ့သော အဆောက်အအုံဟောင်းဖြစ်ပြီး လက်ရှိအခြေအနေတွင် ကြမ်းခင်းများကျိုးပဲ့ကာ အကာများ ပျက်စီးရုံမျှမက ထုပ်၊ လျောက်၊ ဒိုင်း၊ မြားတန်း၊ ရက်မ၊ ဆင့်များမှာလည်း ကြံ့ခိုင်မှုအားနည်းပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် အန္တရာယ်ရှိနေကြောင်း ဒေသခံများကပြောသည်။

ဆရာ ဆရာမများမှာ စာသင်ရင်း ကြောင့်ကြမှုများဖြစ်နေကြရသလို ကျောင်းသားမိဘများမှာလည်း သားသမီးများအတွက် ကျောင်းတက်ချိန်တိုင်း စိုးရိမ်ပူပန်နေကြရသည်။

ယင်းကျောင်းဆောင်၏ ယိုယွင်းမှုအခြေအနေကို သက်ဆိုင်ရာ မြို့နယ်တာဝန်ရှိသူများသို့ အခါအခွင့်သင့်တိုင်း အကြိမ်ကြိမ်တင်ပြတောင်းဆိုခဲ့သော်လည်း ပြင်ဆင်ဆောင်ရွက်ပေးခြင်း မရှိသေးသောကြောင့် အထက်အဖွဲ့အစည်းအဆင့်ဆင့်မှ စစ်ဆေးဆောင်ရွက်ပေးနိုင်ရန် ဒေသခံများလိုလားနေကြောင်း သိရသည်။

**(၁၂၂)**



## အန္တရာယ်ရှိသော ရှုခင်းသာအနီး မျက်ကွယ်ကွေ့အား လမ်းတိုးချဲ့ပြုပြင်ရန် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်

**မင်းဘူး ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီးမင်းဘူးမြို့နယ်ရှိ မကွေး-မင်းဘူး(၅/၂)မိုင်လမ်းမှ (၁/၃)မိုင်နှင့် (၁/၄)မိုင်ကြားရှိ ရှုခင်းသာအနီး မျက်ကွယ်ကွေ့အား ယာဉ်အန္တရာယ် ကင်းဝေးစေရေးအတွက် လမ်းတိုးချဲ့ပြုပြင် ဆောင်ရွက်လျက်ရှိသည်။

ယင်းလမ်းပေါ်ရှိ ထောက်ရှာပင်ကျေးရွာနှင့် ရှုခင်းသာအကြားရှိ မျက်ကွယ်ကွေ့တွင် တောင်ကမ်းပါးယံများ ကာဆီးထားသဖြင့် တစ်ဖက်ယာဉ်ကြောကို မမြင်ရဘဲ မကြာခဏ ယာဉ်တိုက်မှုများဖြစ်ပေါ်လျက်ရှိရာ ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ကောင်းမွန် ဆောက်လုပ်ရေးကုမ္ပဏီမှ BOT စနစ်ဖြင့် လမ်းတိုးချဲ့ ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

ယခင်ကတ္တရာ လမ်းအကျယ် ၁၈ ပေရှိရာမှ ၂၄ ပေ တိုးချဲ့ဆောင်ရွက်ရန် မျက်ကွယ်ဖြစ်နေသော ပေ ၃၀ ကျော်အမြင့်ရှိ တောင်ကမ်းပါးယံအား စက်ယန္တရားများဖြင့် ဖြိုချ၍ လမ်းတာပေါင်တိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်းဘူးခရိုင်အတွင်းရှိ မကွေး-မင်းဘူး-ပွင့်ဖြူ-စလင်း-တညောင်လမ်းအား ကတ္တရာလမ်းအကျယ် ၁၈ ပေမှ ၂၄ ပေအကျယ်တိုးချဲ့ဆောင်ရွက်ရန် ၂၀၁၇ ခုနှစ်တွင် မြေသားတာပေါင် ဆောင်ရွက်ခြင်းကို အပြီးဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် ကတ္တရာခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ရန် လျာထားကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

## ဆိပ်ဖြူမြို့ မြစ်ရေဝင်ရောက်ခဲ့သည့်ရပ်ကွက်များ၌ အိမ်တွင်းလျှပ်စစ်မီးကြိုးများပြန်လည်တပ်ဆင်ပေး

**ဆိပ်ဖြူ ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ မြို့ပေါ်ရပ်ကွက်များတွင် ဧရာဝတီမြစ်ရေဝင်ရောက်ခဲ့သည့် နေအိမ်များ၌ ဩဂုတ် ၉ ရက်က လျှပ်စစ်မီးကြိုးများ ပြန်လည်တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။



ဆိပ်ဖြူမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ လျှပ်စစ်သုံးစွဲသူပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး၊ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိရာ ဧရာဝတီမြစ်ရေမြင့်တက်လာပြီး မြို့ပေါ်ရပ်ကွက်များမှ လျှပ်စစ်သုံးစွဲသည့် ပြည်သူများ၏နေအိမ်အချို့ မြစ်ရေဝင်ရောက်ခဲ့ပြီး အဆိုပါနေအိမ်များကို လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်အတွက် အိမ်တွင်းသွယ်တန်းသည့် လျှပ်စစ်ဆားဗစ်ကြိုးများကို ယာယီဖြုတ်တောက်ပေးခဲ့ပြီး ဩဂုတ် ၆ ရက်မှစတင်၍ မြစ်ရေကျဆင်းသွားသည့်နေအိမ်များကို အိမ်တွင်းသွယ်တန်းသည့် လျှပ်စစ်ဆားဗစ်ကြိုးများကို ပြန်လည်တပ်ဆင်ပေးခဲ့ရာ ဩဂုတ် ၉ ရက်တွင် မြစ်ရေဝင်ရောက်သည့်နေအိမ်အားလုံးကို ဆားဗစ်ကြိုးများအား ပြန်လည်တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

ယင်းလုပ်ငန်းများကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစန်းဦး ကြီးကြပ်၍ မြို့နယ်လျှပ်စစ်ဝန်ထမ်းများက လျှပ်စစ်ဆားဗစ်ကြိုးများ ပြန်လည်တပ်ဆင်သွယ်တန်းခြင်း၊ နေအိမ်အတွင်း လျှပ်စစ်ဝါယာကြိုးများကို စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး လျှပ်စစ်ဓာတ်အားများကို စနစ်တကျသုံးစွဲသွားရန် မှာကြားခဲ့သည်။

ယင်းသို့မြစ်ရေဝင်ရောက်စဉ်အချိန်တွင် အိမ်တွင်းသွယ်တန်းသည့် လျှပ်စစ်ဆားဗစ်ကြိုးများကို ယာယီဖြုတ်တောက်ပေးမှုအပေါ် ဒေသခံပြည်သူများက လျှပ်စစ်အန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ပေးခြင်းဖြစ်၍ ကျေနပ်ကြောင်း၊ ရေကျသွားပြီဖြစ်၍ လျှပ်စစ်မီးများပြန်လည်ရရှိပြီဖြစ်ကြောင်း၊ ယခင်ကလည်းလျှပ်စစ်ဓာတ်အားကို ပြည့်ဝစွာသုံးစွဲရရှိခဲ့ပြီး လျှပ်စစ်မီးလိုင်းများပေါ် ထိစပ်နေသော သစ်ကိုင်းများ ရှင်းလင်းသည့် အချိန်ပိုင်းမျှသာ ဓာတ်အားပြတ်တောက်မှုရှိကြောင်း ကျန်အချိန်များတွင် လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ရရှိခဲ့ကြောင်း လျှပ်စစ်မီးသုံးစွဲသူ ဒေသခံပြည်သူတစ်ဦးကပြောသည်။

**စိုးလင်းနိုင်** (IPRD)

## မြန်မာ့တော်လှန်ရေးသူရဲကောင်းထားဝယ်သားအာဇာနည် ဗိုလ်မှူးကြီးဗထူး(၁၉၁၆-၂၀၁၆) ရာပြည့်အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

**ထားဝယ် ဩဂုတ် ၁၂**

မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် အသက်ပေးစွန့်စားသော၊ သူရသတ္တိရှိသော၊ ရိုးသားဖြောင့်မတ်သော၊ မျိုးချစ်စိတ်ဓာတ်ရှိသော၊ ထူးခြားစွာခေါင်းဆောင်နိုင်သော ဗိုလ်မှူးကြီးဗထူးအား သတိရဂုဏ်ပြုသောအားဖြင့် ဗိုလ်မှူးကြီးဗထူး၏ ရာပြည့်မော်ကွန်းမဂ္ဂဇင်းကော်မတီက ကြီးမှူးကျင်းပသည့်ဟောပြောပွဲအခမ်းအနားကို ဩဂုတ် ၈ ရက် မွန်းလွဲ ၁ နာရီက ထားဝယ်မြို့ အထက(၂) အစည်းအဝေးခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၅၀ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ ဗိုလ်မှူးကြီးဗထူး ရာပြည့်မော်ကွန်းမဂ္ဂဇင်းကော်မတီ အဖွဲ့ဝင် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဒေါ်နီနီချိုက ပြောကြားရာတွင် ဗိုလ်မှူးကြီးဗထူးအား ၁၉၁၆ ခုနှစ် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် လေးသွန်းခံကျေးရွာတွင် မွေးဖွားကြောင်း၊ တိုင်းပြည်လွတ်လပ်ရေးအတွက် မိသားစုကိုစွန့်၊ ဆွေမျိုးကိုစွန့်၊ ဇာတိကိုစွန့်ပြီး တာဝန်ထမ်းဆောင်ရင်း ၁၉၄၅ခုနှစ် ဇွန် ၂ ရက် ည ၈ နာရီ ၂၀ မိနစ်တွင် ရှမ်းပြည်တောင်ပိုင်း အောင်ပန်းမြို့နယ် မြင်းကြားအုံကျေးရွာအနီး ဘဲလု(ဘယ်လူး)စခန်းတွင် ကွယ်လွန်ခဲ့ကြောင်း၊ သမိုင်းအစဉ်အလာကြီးမားသော ထားဝယ်သားဖြစ်ကြောင်းနှင့် ကျောင်းသား၊ ကျောင်းသူများ အတုယူထိုက်သူဖြစ်ကြောင်း ဗိုလ်မှူးကြီးဗထူး၏ အတ္ထုပ္ပတ္တိများကို ရာပြည့်အထိမ်းအမှတ်အနေဖြင့် ဟောပြောခဲ့သည်။ ယင်းနောက် ဟောပြောပွဲသို့တက်ရောက်လာသော ကျောင်းသား ကျောင်းသူများအား ဗိုလ်မှူးကြီးဗထူး ရာပြည့်အထိမ်းအမှတ် လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ ဟောပြောပွဲများကို ဗိုလ်မှူးကြီးဗထူး ရာပြည့်မော်ကွန်း မဂ္ဂဇင်းကော်မတီဝင်များက အဖွဲ့(လေး)ဖွဲ့ခွဲကာ ထားဝယ်ခရိုင်အတွင်းရှိ အခြေခံပညာကျောင်း ၁၀ ကျောင်းတွင် ဟောပြောပွဲများပြုလုပ်ခြင်း၊ လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဗိုလ်မှူးကြီးဗထူး ရာပြည့်မော်ကွန်းမဂ္ဂဇင်းကော်မတီ မဂ္ဂဇင်းထုတ်ဝေရေးသို့ ဗိုလ်မှူးကြီးဗထူးနှင့် သက်ဆိုင်သော ဆောင်းပါး၊ ဝတ္ထု၊ ကဗျာ(အင်္ဂလိပ်၊ မြန်မာ)နှစ်ဘာသာဖြင့် ဓာတ်ပုံ၊ ပန်းချီ၊ ကာတွန်းများကို ရာပြည့်ကော်မတီ ရုံးခန်း အမှတ်(၆၇) အာဇာနည်လမ်း ထားဝယ်မြို့သို့လည်းကောင်း၊ Gmail လိပ်စာအနေဖြင့် 100bahtoo@gmail.com သို့ လည်းကောင်း စက်တင်ဘာ ၁၀ ရက် နောက်ဆုံးထားပေးပို့နိုင်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# သီးနှံသစ်တောရောနှောစိုက်ခင်းထူထောင်ခြင်းဖြင့် ဝင်ငွေတိုးစေပြီး သဘာဝသစ်တောများ ပြုန်းတီးမှုလည်း ကာကွယ်ထိန်းသိမ်းနိုင်မည်

**သတင်း ဆောင်းပါး - မင်းခန့်စိုး(ကြေးမုံ)၊ ဓာတ်ပုံ-အောင်ထွန်း(ကြေးမုံ)**



စမ်းသပ်စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသော ရင်စို့လုံးပတ် ၅၄ လက်မရှိသည့် အကြီးမြန်သစ်ပင်အား တွေ့ရစဉ်။

ဥတုရာသီတောကိုမှီ၍ ဆိုသည့်အတိုင်း သဘာဝတောများ ပြုန်းတီးမှု၏ အကျိုးဆက်ကြောင့် ရေကြီးခြင်း၊ အချိန်ခါမဲ့ မိုးရွာခြင်း၊ မုန်တိုင်းကျရောက်ခြင်းစသည့် သဘာဝဘေး အန္တရာယ်များသည် နေရာဒေသအသီးသီး တွင်ဖြစ်ပေါ် လျက်ရှိသည်။

သစ်တောပြုန်းတီးမှု၏ အကျိုးဆက်များနှင့် ပတ်သက်၍ ၂၀၁၆ ဩဂုတ် ၈ ရက်က ကျင်းပသည့် ဒုတိယ အကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့တွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါ်အိအိပြုံးက ကမ္ဘာ့ရာသီဥတု ဆိုးရွားစွာ ပြောင်းလဲမှုကို ရင်ဆိုင်နေရသော နိုင်ငံများအနက် မြန်မာ နိုင်ငံသည် ဒုတိယနေရာတွင် ရပ်တည်လျက်ရှိပါကြောင်း၊ ပြည်သူလူထုသည် မိုးရာသီတွင် ရေကြီးမှု၊ နွေရာသီတွင် အယ်နီညိုကြောင့် သောက်သုံးရေရှားပါးမှုနှင့် ဆောင်း ရာသီတွင် လာနီညာရာသီဥတု၏ ပြောင်းလဲမှုဒဏ်ကို အပြင်းအထန် ခံစားနေရပါကြောင်း၊ ရေကြီးရေလျှံဖြစ်ရ သည့် အကြောင်းအရာများစွာတွင် လူသားတို့၏လုပ်ရပ် ကြောင့် သစ်တောများပြုန်းတီးခြင်းသည် အဓိကပါဝင် ကြောင်း။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာ ခွန်ဝင်းသောင်းက သဘာဝဘေးဒဏ် တစ်နည်းအားဖြင့် လူသားတို့၏ပယောဂကြောင့် ဖြစ်ပေါ်လာသည့် ရေကြီး ရေလျှံ ရေဘေးဒုက္ခခံစားနေရမှုများ အမြန်ကင်းဝေးနိုင် အောင် လုပ်ငန်းစဉ်များအနေဖြင့် သစ်တောခုတ်ထွင်မှုများ ကို ကြပ်မတ်ထိန်းသိမ်းခြင်း၊ စိုက်ကွက်စိုက်ခင်းများ အစား ထိုးခြင်း၊ အရွယ်ရောက်သူတိုင်း နှစ်စဉ် တစ်နှစ်လျှင်အနည်း ဆုံး သစ်ပင် ၁၀ ပင်ခန့် စိုက်ပျိုးခြင်းတို့ကို အမျိုးသားရေး အသွင်ဖြင့် ဖော်ဆောင်သင့်ပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်က သဘာဝဘေးအန္တရာယ်များ ဖြစ် သည့် တောင်ပြို၊ ကမ်းပြို၊ မြေပြို၊ မြစ်ရေအလွန်ကြီးခြင်း၊ လျှံခြင်း၊ မြစ်ချောင်းများ တိမ်ကောခြင်းတို့၏ အဓိက အကြောင်းအရင်းသည် သစ်တောများပြုန်းတီးမှုကြောင့် ပင်ဖြစ်ပါကြောင်း၊ ကမ္ဘာ့သစ်တောပြုန်းတီးမှု အများဆုံး နိုင်ငံထဲတွင် ဘရာဇီးနှင့် အင်ဒိုနီးရှားပြီးလျှင် မြန်မာနိုင်ငံ သည် တတိယအဆင့်တွင် ရှိနေကြောင်း။ ကမ္ဘာပေါ်တွင် သစ်တောများသည် လူသားများအတွက် အသုံးအဆောင် ပစ္စည်းများ၊ အစားအစာများ၊ ကုန်ကြမ်းအမျိုးမျိုး၊ ဆေးဝါး များနှင့် မြေဩဇာတို့ကို ပေးလျက်ရှိပါကြောင်း၊ တစ်ကမ္ဘာ လုံးကထုတ်လုပ်သည့် မြေဩဇာ၏ အဆသန်းပေါင်း ငါးထောင်ကို သစ်တောများမှ ပေးပါကြောင်း၊ ထို့ပြင် သစ်တောများရှိခြင်းအားဖြင့် မိုးလေဝသကို ထိန်းညှိပေး ခြင်း၊ ရေတိုက်စားမှုများကို ကာကွယ်ပေးခြင်း၊ မှန်လုံအိမ် ဓာတ်ငွေ့များ စုပ်ယူသိုမှီးပေးခြင်း၊ ရေလွှမ်းမိုးမှုမှကာကွယ် ပေးခြင်းနှင့် ဇီဝမျိုးကွဲများ ထိန်းသိမ်းခြင်းတို့ကို အကျိုးပြု ပါကြောင်း၊ မြန်မာနိုင်ငံ၏ ကုန်းမြေ ဟက်တာ ၆၅ ဒသမ ၇ သန်း၊ ကုန်းတွင်းရေပြင် ၁ ဒသမ ၉ သန်းရှိသည့်အတွက် ကြောင့် နိုင်ငံဧရိယာဟက်တာ ၆၇ ဒသမ ၆ သန်းသည် သစ်တောဖုံးလွှမ်းမှု ၄၄ ဒသမ ၆ ရာခိုင်နှုန်းရှိပါကြောင်း၊ ၁၉၉၀ ခုနှစ်အထိ သစ်တော ပြုန်းတီးမှုနည်းပြီး ၂၀၀၀ ပြည့်နှစ်ကစပြီး သစ်တောများအကြီးအကျယ် ပြုန်းတီးခဲ့ပါ ကြောင်းဖြင့် သစ်တောပြုန်းတီးမှုနှင့် ပတ်သက်၍အလေး ထား ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံ၌ သစ်တောဖုံးလွှမ်းမှုသည် ၂၀၀၀ပြည့် နှစ်တွင် ၅၁ ဒသမ ၅၄ ရာခိုင်နှုန်းရှိပြီး ၂၀၁၀ ခုနှစ်တွင် ၄၆ ဒသမ ၉၆ ရာခိုင်နှုန်းအထိ လျော့ကျခဲ့ကာ ၂၀၁၅ ခုနှစ်တွင် ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းသာ ရှိသဖြင့် ကမ္ဘာပေါ်တွင် သစ်တောပြုန်းတီးမှုအဆိုးရွားဆုံးတတိယ မြောက်နိုင်ငံဖြစ်ခဲ့ကြောင်း၊ ၂၀၁၀ ခုနှစ်မှ ၂၀၁၅ ခုနှစ် အတွင်း နှစ်စဉ်ဟက်တာ ၅၄၆၀၀၀ခန့် ပျောက်ဆုံးပြုန်း တီးလျက်ရှိကြောင်း၊ ၂၀၁၆ ခုနှစ် မေ ၁၄ ရက်က မြန်မာ့သစ်လုပ်ငန်းရုံးချုပ်၌ ကျင်းပသည့် သစ်တောသယံ ဇာတရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ကုလ သမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ထုတ်ပြန်ချက် အရ သိရသည်။

သစ်တောပြုန်းတီးမှု ထိန်းသိမ်းကာကွယ်ရေးအတွက် သဘာဝသစ်တောများ ခုတ်ယူမည့်အစားအကြီးမြန်သစ် မျိုးများအား စိုက်ပျိုးရန် တွန်းအားပေးဆောင်ရွက်ပြီး ပုဂ္ဂလိကသစ်တောစိုက်ခင်းများ၊ သီးနှံသစ်တော ရောနှော စိုက်ခင်းများ ထူထောင်ခြင်းဖြင့် သစ်တောပြုန်းတီးမှုကို အချိန်မီ ကုစားလုပ်ဆောင်နိုင်မည်ဖြစ်သည်။ ပြုန်းတီးသွား သည့် သဘာဝသစ်တောများကို အချိန်ကာလတိုအတွင်း အစားထိုးဖြည့်တင်းနိုင်ရန် အကြီးမြန်သစ်မျိုးများအား ကျေးရွာသုံးထင်းစိုက်ခင်းများ၊ စီးပွားဖြစ်စိုက်ခင်းများ၊ စက်မှုကုန်ကြမ်းစိုက်ခင်းများကို တစ်အုပ် တစ်မ စိုက်ပျိုး ခြင်းနှင့် အချို့မြေနေရာများတွင် သီးနှံသစ်တောရောနှော စိုက်ခင်းများ ထူထောင်ပြီး ရာသီသီးနှံနှင့် အကြီးမြန်သစ်ပင် များအား စိုက်ပျိုးခြင်း၊ လယ်ကန်သင်းများတွင် စိုက်ပျိုးခြင်း ဖြင့် အပိုဝင်ငွေရရှိနိုင်မည်သာမက သစ်တောပြုန်းတီးမှု လည်း လျော့နည်းစေမည်ဖြစ်သည်။



အကြီးမြန် Ever Green-1 သစ်မျိုးများအား တစ်သျှူးကာချာလ်နည်းပညာဖြင့် မျိုးပွားထားစဉ်။

သဘာဝသစ်တောသည်တစ်ဧကတွင် အပင်အရေ အတွက် ၂၀ မှ ၃၀ ခန့်အထိသာရှိပြီး နှစ်ပေါင်း ၅၀ မှ ၁၀၀ အတွင်းမှသာ စီးပွားဖြစ်ခုတ်ယူနိုင်သည်။ တစ်သျှူး ကာချာလ်မျိုးပွားနည်းပညာဖြင့်စိုက်ပျိုးသည့် အကြီးမြန် သစ်ပင်သည် တစ်ဧကတွင် အပင်အရေအတွက် ၆၀၀ ဝင်ဆံ့ စိုက်ပျိုးနိုင်ပြီး ငါးနှစ်ပြည့်ပါက ရင်စို့လုံးပတ်လက်မ ၂၀ မှ ၃၀ အထိနှင့် အမြင့်ပေ ၆၀ ခန့်ရှိပြီး တစ်ပင်လျှင် သစ်တန်ချိန် သုည ဒသမ ၁၅ မှ သုည ဒသမ ၂၀ တန် ခန့် ရရှိနိုင်သည်။ ၁၂ နှစ်ပြည့်ပါက ရင်စို့ပတ်လက်မ ၅၀ မှ ၆၀ အထိနှင့် အမြင့်ပေ ၁၀၀ ခန့်ရှိပြီး သစ်တန်ချိန် သုည ဒသမ ၂ တန်ခန့် ရရှိနိုင်သည်။ အကြီးမြန်သစ်တော တစ်ဧက စိုက်ပျိုးထူထောင်ခြင်းဖြင့် သဘာဝသစ်တောဧက ၅၀ ပြုန်းတီးမှုကို ကာကွယ်ပေးနိုင်သည်။

အကြီးမြန်သစ်တောစိုက်ခင်း ထူထောင်ရေးအတွက် တောင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များက လုပ်ပိုင်ခွင့်ရ မြေများ၊ စိုက်ပျိုးမြေများတွင် အကြီးမြန်ယူကလစ်ပင်များ စိုက်ပျိုးလာကြသော်လည်း ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုး ထုတ်လုပ်မှု လျော့နည်းနေသေးသည်။ ယခင်စိုက်ပျိုးခဲ့သည့် ယူကလစ်ပင်များမှာ သစ်တောက စိုက်ပျိုးသည့် အစေ့ စိုက်မျိုးများဖြစ်ပြီး ယခုစိုက်ခင်းများတွင် စိုက်သည့် အကြီး မြန် ယူကလစ်များမှာ တစ်သျှူးကာချာလ် မျိုးပွားနည်း ပညာဖြင့် မျိုးစပ်ထုတ်လုပ်ထားသော အကြီးမြန်ယူကလစ် မျိုးပင်များဖြစ်သည်။

မြန်မာနိုင်ငံတွင် တစ်သျှူးကာချာလ်မျိုးပွားနည်းပညာ ဖြင့် မျိုးစပ်ထုတ်လုပ်သော အကြီးမြန်ယူကလစ်ပင်များ အား သုတေသနပြုစမ်းသပ်စိုက်ပျိုးလျက်ရှိရာ အကြီးမြန် Ever Green-1 သစ်မျိုးမှာ အထူးအောင်မြင်ခဲ့ကြောင်း၊ ယင်း Ever Green-1 သစ်မျိုးကို သစ်အခြေခံစက်ရုံ (စစ်ကိုင်း)ရှိ စက်ရုံဝင်းအတွင်းရှိ ၂၀၀၉ ခုနှစ်က စမ်းသပ် စိုက်ပျိုးရာ ယခု ၂၀၁၆ ခုနှစ် ဩဂုတ်လတွင်ရင်စို့လုံးပတ် ၅၄ လက်မအထိ ရှိလာကြောင်း၊ ယင်းအကြီးမြန်သစ်မျိုးသည် သီးနှံစိုက်ခင်းများနှင့် ရောနှောစိုက်ပျိုးနိုင်ကြောင်း၊ ထပ်မံ၍ အကြီးမြန် Albizia သစ်မျိုးကို စမ်းသပ်စိုက်ပျိုးလျက်ရှိ ကြောင်း မန္တလေးမြို့ရှိ ဟွန်ဒါ(မြန်မာ) တစ်သျှူးကာချာလ် မျိုးပွားအလုပ်ရုံမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အကြီးမြန်သစ်ပင်ကို ပျက်စီးပြုန်းတီးနေသည့် တောပျက်နေရာများသာမက တောင်သူများ၏ နေအိမ်ခြံ ဝင်း၊ ခြံစည်းရိုး၊ လယ်ယာမြေကန်သင်းရိုးများနှင့် နွားခြံများ အနီး တစ်စိတ်တစ်ဒေသ ဧရိယာများတွင် သီးနှံ သစ်တော ရောနှောစိုက်ခင်းအဖြစ်ထူထောင်ကာ တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းဖြင့်လယ်ယာစိုက်သီးနှံ ထိခိုက်မှုမရှိဘဲ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိမည်သာမက နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်၊ သဘာဝသစ်တောများကိုလည်း ကာကွယ်ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

